www.burmeseclassic.com

လင်းဦးတာရာ



# ယန်းပေါ်ဆတ်
၏
# ဖြစ်တည်မှုဝါဒ

ဧ မောင်သာမည

www.burmeseclassic.com

# Contents


| | | |
|---|---|---|
| * | ဘာသာပြန်သူ၏အမှာ | ၇ |
| ၁။ | ယန်းပေါ်ဆတ် (သို့မဟုတ်) လွတ်လပ်မှု၌ သက်ဝင်ယုံကြည်သူ | ၁၁ |
| ၂။ | ဖြစ်တည်မှုဝါဒ | ၂၇ |
| ၃။ | ယန်းပေါ်ဆတ်နှင့် တွေ့ဆုံခြင်း | ၉၂ |

www.burmeseclassic.com

## ဘာသာပြန်သူ၏အမှာ

၁၉၄၆ခုနှစ်က ပြင်သစ်ဒဿနပညာရှင်ကြီး ယန်း ပေါ ဆတ်သည် L'existentialisme est un humanis-me ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ယင်းဟောပြောချက် စာတမ်းကို Philip MAIRET က ဖြစ်တည်မှုဝါဒနှင့် လူသားဝါဒ (Existentialism and Humanism) အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ တစ်ဖန် ယင်းစာတမ်းကိုပင် Bernard Frechtmanက ဖြစ်တည်မှုဝါဒ (Existentialism)ဟူသောအမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြန်သည်။ ယခု မြန်မာဘာသာပြန်သည် MAIRET၏မူကို ပဓာနထား၍ ပြန်ဆိုထားချက်ဖြစ်ပါသည်။ သို့သော် ဒဿနစာတမ်းဖြစ်သည့်အလျောက် ခက်ခဲသောအချက်များ ပါဝင်လေရာ Frechtman၏မူမှလည်း အကူအညီများစွာယူပါသည်။ တချို့နေရာများတွင် မူနှစ်ခုကိုညှိ၍ ပြန်ဆိုခဲ့ပြီး၊ တချို့နေရာများ

www.burmeseclassic.com

တွင်ကား Frechtman၏မူအတိုင်း ပြန်ဆိုလိုက်သည်များပင် ရှိသည်။ ဘာသာပြန်သူ၏ အဓိကရည်ရွယ်ချက်မှာ မြန်မာ စာဖတ်သူတို့ အလွယ်တကူ နားလည်ရေးသာ ဖြစ်ပါသည်။

စာအုပ်၏အမည်ကို ယန်းပေါဆတ်၏ဖြစ်တည်မှုဝါဒဟု အမည်တပ်လိုက်ခြင်းမှာ ဖြစ်တည်မှုဝါဒတွေ အမျိုးမျိုး အဖုံဖုံ ရှိနေသောကြောင့်ဖြစ်သည်။ ဖြစ်တည်မှုဝါဒချင်းပင် ဖြစ်သော်လည်း အယူအဆ ဆန့်ကျင်နေသည်များပင် ရှိသည်။ အထူးသဖြင့် ဘုရားသခင်နှင့်ပတ်သက်၍ ကွဲပြားကြသည်။ ဘုရားရှိသည်ဟူသော ဖြစ်တည်မှုဝါဒလည်းရှိ၍ ဘုရားမရှိဟူသော ဖြစ်တည်မှုဝါဒလည်း ရှိသည်။ ထို့ကြောင့် ဖြစ်တည်မှုဝါဒဟု ဆိုရုံနှင့် တိတိကျကျမဖြစ်နိုင်။ ဝါဒရှင်နှင့်ဝါဒကို တွဲစပ်ဖွင့်ဆိုခြင်းသည်သာ အသင့်ဆုံးဖြစ်မည်ဟု ထင်ပါသည်။ ယန်းပေါဆတ်၏ ဖြစ်တည်မှုဝါဒ၊ယက်စပါ၏ဖြစ်တည်မှုဝါဒ၊ဟိုက်ဒဂ္ဂါး၏ဖြစ်တည်မှုဝါဒ စသည်ဖြင့်။

သို့သော် ဖြစ်တည်မှုဝါဒမှန်သမျှတွင် ယေဘုယျကျသော အချက်တစ်ချက် ရှိနေပါသည်။ ယင်းမှာ လူ၏ဘဝ၊ လူ၏ဖြစ်တည်မှုနှင့်ပတ်သက်၍ လေးလေးနက်နက် စူးစမ်းလေ့လာချက် ဖြစ်သည်။ လူ့ဘဝ၏အဓိပ္ပာယ်၊ လူ့ဘဝ၏တန်ဖိုး၊ လူ့ဘဝ၏ ရည်ရွယ်ချက် စသည်ဖြင့် လူ၏ဖြစ်တည်မှုကို ဗဟိုထားပြီးဆင်ခြင် သုံးသပ်မှု ဖြစ်ပါသည်။ ထို့ကြောင့် ဖြစ်တည်မှုဝါဒသမိုင်းကိုလိုက်လျှင် လွန်ခဲ့သည့် အနှစ် ၂၅၀၀ကျော်က ပေါ်ထွန်းခဲ့သည့် ဂရိပညာရှင်ကြီး ဆော့ခရတ္တိတိုင်အောင် ရောက်ရှိသွားတတ်သည်။ စူးစမ်းဆင်ခြင်မှု မရှိသောဘဝသည် အချည်းနှီးတည်းဟု ဆော့ခရတ္တိက ပြောကြားခဲ့သည် မဟုတ်ပါလား။ သို့သော် ဖြစ်တည်မှုဟူသော ဝေါဟာရကို လေးလေးနက်နက် စတင်သုံးစွဲသူကား ဒိန်းမတ်လူမျိုး အတွေးရှင်ကြီး ကယာကဲဂေါ် (Kierkegaard)သာ ဖြစ်သည်။ ဖြစ်တည်ခြင်းသည်အနုပညာတစ်ရပ် ဖြစ်သည်ဟု သူက ဆိုခဲ့ပါသည်။ သူ့ကို ဖြစ်တည်မှုဝါဒ၏ ဖခင်ကြီးအဖြစ် အားလုံးသဘောတူ သတ်မှတ်ထားပါသည်။

ယန်းပေါဆတ်ကား ဖြစ်တည်မှုဝါဒကို လူသိထင်ရှားထင်

www.burmeseclassic.com

ပေါ်ကျော်ကြားလာအောင် လုပ်ခဲ့သူဖြစ်သည်။ ဒုတိယကမ္ဘာစစ် အပြီး၌ ဖြစ်တည်မှုဝါဒသည် မာ့က်စ်ဝါဒနည်းတူ ရေပန်းစားလာသည်။ ကမ္ဘာစစ်ကြီးအတွင်း သေခြင်းတရားနှင့် လက်ပွန်းတတီး ရင်းနှီးစွာနေထိုင်ခဲ့ရသော လူသားတို့အနေနှင့် အသက်ရှင်ရပ်တည်နေရသည့် လူ့ဘဝအပေါ် အထူးအာရုံစိုက်လာခြင်းမှာ အဆန်းဟု မဆိုသာ။ ကြပ်တည်းကျဉ်းမြောင်းသောအခြေအနေအောက်တွင် နှစ်ရှည်လများ နေထိုင်ခဲ့ရသဖြင့် လွတ်လပ်မှုကို ငတ်မွတ် ဆာလောင်လာသည်မှာလည်း ဖြစ်မြဲဓမ္မတာဟုသာဆိုရမည်။ ဤသို့ဖြင့် လူ၏ဖြစ်တည်မှုနှင့် လွတ်လပ်မှုတို့ကို ရဲရဲဝံ့ဝံ့ တင်ပြဖော်ကျူးသည့် ယန်းပေါဆတ်၏ဝတ္ထုများ၊ပြဇာတ်များ၊ အတွေးအခေါ်ကျမ်းများ ထင်ရှားလာသည်။ သို့သော် အစပိုင်းကဆိုလျှင် သူ၏ဝတ္ထုများကို ဖြစ်တည်မှုဝါဒဆိုင်ရာ ဝတ္ထုများဟု ခေါ်ဝေါ်ခြင်းအပေါ် ယန်းပေါဆတ်သည် လုံးဝ သဘောမကျခဲ့ချေ။ *'ကျုပ်အတွေးအခေါ်က ဖြစ်တည်မှုဆိုင်ရာအတွေးအခေါ်သာ ဖြစ်ပါတယ်။ ဖြစ်တည်မှုဝါဒဆိုင်ရာ အတွေးအခေါ်မဟုတ်ပါဘူး။ ဖြစ်တည်မှုဝါဒဆိုတာ ဘာမှန်းတောင် ကျုပ်မသိဘူး'*ဟု သူက ပြောခဲ့ဖူးသည်။

စင်စစ် သူ့ကို ဖြစ်တည်မှုဝါဒီဟု ကင်ပွန်းတပ်ခဲ့သူမှာဂက်ဘရီယယ်မာဆယ်(Gabriel Marcel)သာ ဖြစ်သည်။မာဆယ်ကား ဖန်ဆင်းရှင်ဘုရားသခင်ရှိသည်ဟု ယုံကြည်သော ခရစ်ယာန်ဖြစ်တည်မှုဝါဒီတစ်ဦး ဖြစ်ပေသည်။ဖန်ဆင်းရှင်ဘုရားသခင်ဆိုသည်ကို ခါးခါးသီးသီး ငြင်းဆန်သော ယန်းပေါဆတ်အနေနှင့် မာဆယ်၏ ကင်ပွန်းတပ်မှုကို သဘောမကျသည်မှာ အဆန်းမဟုတ်ပါ။ သို့ သော်နောက်ဆုံး၌မူ ယန်းပေါဆတ်သည် ဖြစ်တည်မှုဝါဒီ တစ်ယောက်အဖြစ် အတိအလင်းခံယူလိုက်ပြီးလျှင် *'ဖြစ်တည်မှုဝါဒသည် လူသားဝါဒတစ်ခုဖြစ်သည်'*ဟူသော ဟောပြောချက်ဖြင့် မိမိအယူအဆ အတွေးအခေါ်ကို ရှင်းလင်းတင်ပြပါတော့သည်။

လူငယ် ဒဿနပညာရှင်တစ်ဦးက ယန်းပေါဆတ်၏ ဒဿနကိုဝေဖန်ရာ၌ 'ယန်းပေါဆတ်ရဲ့အဖြေများကို ကျွန်တော်

www.burmeseclassic.com

သဘောမတူပါ။ ဒါပေမဲ့ မေးခွန်းတွေကို မှန်မှန်ကန်ကန်မေးနိုင်သူကတော့ ယန်းပေါဆတ်တစ်ယောက်တည်းသာ ရှိပါတယ်’ဟု ပြောဖူးသည်။ ယန်းပေါဆတ်၏အဖြေများ လက်ခံနိုင်ဖွယ်ရှိမရှိကိုလည်းကောင်း၊ မေးခွန်းများ မှန်ကန်မှုရှိ မရှိကိုလည်းကောင်း ရွေးချယ် ဆုံးဖြတ်ရမည့်သူမှာ စာဖတ်သူသာဖြစ်သည်ဟု ပြောရုံမှတပါး အခြားမရှိပြီ။ ⑥

**မောင်သာမည**

www.burmeseclassic.com

# ယန်းပေါ်ဆတ်
သို့မဟုတ်
# လွတ်လပ်မှု၌သက်ဝင်ရှင်သန်သူ

၁၉၆၅ခုနှစ်တွင် ပြင်သစ်စာရေးဆရာကြီး ယန်းပေါ်ဆတ်ကို စာပေဆိုင်ရာနိုဘယ်ဆု ချီးမြှင့်ကြောင်း နော်ဝေနိုင်ငံရှိ ဆုရွေးချယ်ရေးအဖွဲ့က ကြေညာလိုက်သည်။ သို့သော် မကြေညာမီကပင် ယင်းဆုကို သူလက်ခံမည်မဟုတ်ကြောင်းယန်းပေါ်ဆတ်က ဆုရွေးချယ်ရေးအဖွဲ့ကို ကြိုတင် သတိပေးခဲ့သည်။ ထို့ကြောင့် ဆုရကြောင်းကြေညာသည့်အခါ ခါးခါးသီးသီး ငြင်းဆန်သည်။ သူ၏ ဒဿနကျမ်းများ၊ ဝတ္ထုနှင့်ပြဇာတ်များကို ဆုတစ်ခုခုပေး၍ အမွှမ်းတင်လိုက်ခြင်းအားဖြင့် ယင်းတို့၏ပကတိတန်ဖိုးများပျက်ယွင်းသွားလိမ့်မည်ဟု သူမြင်သည်။စာရေးဆရာတစ်ယောက်ကို ဘွဲ့ထူးဂုဏ်ထူးများဖြင့် တန်ဆာဆင်ခြင်းသည် စာရေးဆရာ၏ ပင်ကိုယ်ဂုဏ်ရည်ကို ထိခိုက်စေသည်ဟုလည်းကောင်း၊ ဆုများ ဘွဲ့များ ဂုဏ်ထူးများဖြင့် စာဖတ်သူအပေါ် ဩဇာပေးခြင်းသည်





ရိုးသားမှုမရှိရာလည်းကောင်း သူခံယူထားသည်။ ထို့ကြောင့်ပင်-

‘ဩဇာအာဏာရှိသူတစ်ယောက်အဖြစ် ရောက်ရှိသွားအောင်လုပ်တာမျိုးကိုစာရေးဆရာဟာ လက်မခံရဘူး။ ယန်းပေါဆတ်လိုလက်မှတ်ထိုးတာနဲ့နိုဘယ်ဆုရှင် ယန်းပေါဆတ်လိုလက်မှတ်ထိုးတာ ဘယ်လိုမှမတူဘူး’ဟုပြောပြီး လူတကာ မက်မောသော နိုဘယ်ဆုကြီးကိုလက်ခါပြခဲ့ပါသည်။

အလားတူ ငြင်းဆန်မှုမျိုးကို၁၉၄၅ခုနှစ်တုန်းကလည်း တစ်ကြိမ်လုပ်ဖူးသည်။ ဂျာမန်နာဇီတို့ကိုခံ တော်လှန်ခဲ့သည့် လှုပ်ရှားမှုကြီးတွင် ပါဝင်ခဲ့သည့်အတွက် ပြင်သစ်နိုင်ငံတော် အစိုးရမှ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ထူးကိုချီးမြှင့်သည်။ သို့သော် ယန်းပေါဆတ်က လက်မခံခဲ့။ ‘တကယ်ဂုဏ်ပြုရမှာက လွတ်လပ်ရေးကို ဖြစ်မြောက်စေခဲ့တဲ့ လူထုလှုပ်ရှားမှုကြီးကို ဖြစ်ပါတယ်။ ဒါကြောင့်လူတစ်ယောက်ကိုဂုဏ်ပြုလိုက်မယ်ဆိုရင် သည်လှုပ်ရှားမှုကြီးထက်လူတစ်ယောက်က ပိုမြင့်မြတ်တယ်အနေပါတယ် ဆိုတဲ့သဘောမျိုး သက်ရောက်သွားမှာပေါ့’ဟုပြောပြီး ယင်း ဘွဲ့ထူးကိုခေါင်းရမ်းပြခဲ့ပါသည်။

ယန်းပေါဆတ်သည်ရိုးစင်းလွတ်လပ်သော လူသား တစ်ယောက်၏ ဘဝမျိုးကိုသာ ခုံမင်တပ်မက်သူဖြစ်သည်။ ထို့ကြောင့် သူလုပ်သမျှ အလုပ်အားလုံးတို့သည်ရိုးသားသော ရည်ရွယ်ချက်ဖြင့်လုပ်သော အလုပ်များသာ ဖြစ်ခဲ့သည်။မည်သည့်ဆုလာဘ်၊ မည်သည့်ဂုဏ်ထူးကိုမျှ ရည်ရွယ်ပြီးလုပ်သည်မဟုတ်။ သူစာရေးသည်မှာ ဘဝတူလူသားများအတွက်အလွန်အရေးကြီးသော အမှန်တရားကိုဖော်ထုတ်တင်ပြသည့်အနေနှင့်ရေးခြင်းသာ ဖြစ်သည်။ ‘လူတွေကိုအရေးတကြီး ပြောစရာရှိနေပါလျက်နဲ့တခြား အလုပ်တွေလျှောက်လုပ်ပြီး ကိုယ့်ခွန်အားကိုဖြုန်းတီးနေတာဟာ ရာဇဝတ်မှုကျူးလွန်နေတာပဲ’ဟု သူပြောဖူးသည်။ ထို့

www.burmeseclassic.com



ကြောင့်ပင် သူ့ဘဝတစ်ခုလုံးကို စာရေးခြင်းအလုပ်၌ ပုံအပ်ထားခြင်း ဖြစ်သည်။ သို့သော် ယန်းပေါဆတ်ကား ဆင်စွယ်မျှော်စင်ပေါ်က စာရေးဆရာမျိုး မဟုတ်။ မှန်နန်းဆောင်ထက်က ဒဿနဆရာမျိုးမဟုတ်။ ယုံကြည်သည့်အတိုင်း ရေးသားဟောပြောသကဲ့သို့ လက်တွေ့လည်း လှုပ်ရှားလုပ်ကိုင်သူဖြစ်သည်။ သူ့အတွေးအခေါ်မှာ လွတ်လပ်မှုဆိုင်ရာအတွေးအခေါ်။ သူ့ဒဿနမှာ ဝိမုတ္တိဒဿန။ သူရေးသားသည့် ဝတ္ထုပြဇာတ်မှအစ ဒဿနကျမ်းများအဆုံး အားလုံးကဖော်ကျူးနေသည်မှာ လူသား၏အကြွင်းမဲ့လွတ်လပ်မှု။ ယင်းလွတ်လပ်မှုကို လူအထင်ကြီးရုံ ဟန်ဆောင်ပန်ဆောင် ပြောဆိုရေးသားနေခြင်းမဟုတ်။ အသက်နှင့်ထပ်တူ နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်နေခြင်း ဖြစ်သည်။ ထို့ကြောင့် အလွန် ရက်စက်ကြမ်းကြုတ်သောနာဇီတို့ကို ခုခံတော်လှန်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ယန်းပေါဆတ်ကို ပဲရစ်မြို့တွင် ၁၉၀၅ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် မွေးဖွားသည်။ ရေတပ်အရာရှိတစ်ယောက်ဖြစ်သော သူ့ဖခင်သည် သူ ၂နှစ်သားအရွယ်ကပင် သေဆုံးသွားခဲ့သည်။ ထို့ကြောင့် မိခင်မုဆိုးမသည် မိဘများထံ ပြန်နေခဲ့ရသည်။ ယန်းပေါဆတ်သည် အဘိုးအဘွားတို့၏ အရိပ်အောက်တွင် ကြီးပြင်းလာခဲ့ရပါသည်။ အဘိုးဖြစ်သူသည် အယ်ဆေးနယ်သားဖြစ်၍ ရှဝိုက်ဇာ(Schweitzer) အမျိုးအနွယ်ဖြစ်၏။ ထို့ကြောင့် ယန်းပေါဆတ်နှင့် အဲလ်ဘတ်ရှဝိုက်ဇာ (Albert Schweitzer ၁၉၅၃ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်)တို့သည် ညီအစ်ကို နှစ်ဝမ်းကွဲ တော်စပ်ကြသည်။ ယန်းပေါဆတ်၏ အဘိုးသည် ဘာသာစကားသင်ကြားပြသသူ ကျောင်းဆရာတစ်ဦးဖြစ်၍ စာအလွန်ဖတ်သည်။ သူ၏စာဖတ်ခန်းမှာ စာအုပ်များအပြည့်ရှိသည်။

www.burmeseclassic.com





ထို့ကြောင့်ယန်းပေါဆတ်သည်လည်း အဘိုးတူမြေး ဖြစ်ခဲ့ပြီး စာအုပ်စာပေနှင့်မွေ့လျော်ရင်း ကြီးပြင်းလာခဲ့ရသည်။ ‘ကျွန်တော့်ဘဝဟာ စာအုပ်ပုံထဲမှာ စခဲ့သလိုစာအုပ်ပုံထဲမှာပဲ ဆုံးမှာသေချာတယ်’ ဟု သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်Words၌ ရေးသားခဲ့သည်။ ‘ကျွန်တော်ငယ်စဉ်က မြေကြီးကိုတူးဆွခဲ့ဖူးပါ။ ငှက်သိုက်တွေကိုတက်မနှိုက်ခဲ့ဖူးပါ။ သစ်ပင်ပန်းပင်တွေကိုလိုက်မရှာခဲ့ဖူးပါ။ငှက်တွေကို ခဲလုံးနဲ့မပစ်ခတ်ခဲ့ဖူးပါ။စာအုပ်တွေဟာ ကျွန် တော့်ရဲ့ကျေးငှက်တွေပါပဲ၊ စာအုပ်တွေဟာ ကျွန်တော့်ရဲ့ ခွေးကလေးတွေ ကြောင်ကလေးတွေပါပဲ၊ စာအုပ်တွေဟာ ကျွန်တော့်ရဲ့မြင်းဇောင်းပါပဲ၊ စာအုပ်တွေဟာ ကျွန်တော့်ရဲ့တောရပ်ဝန်းကျင်ပါပဲ’

‘ကျွန်တော်ကိုးကွယ်ရမယ့်ဘာသာတရားကိုကျွန်တော်ရှာတွေ့ခဲ့ပြီ၊ ကျွန်တော့်အတွက်တော့ စာအုပ်တစ်အုပ်ထက်သိုပြီး အရေးပါတဲ့အရာ မရှိတော့၊ ကျွန်တော့်အမြင်မှာ စာကြည့်တိုက်ဟာ ဘုရားကျောင်းပဲ’ဟု ယင်းစာအုပ်ထဲ၌ ရေးသားခဲ့သည်။ ယင်းကဲ့သို့စာတစ်လုံး ဘုရားတစ်ဆူဟု မြင်နေခဲ့ချိန်တွင် ယန်းပေါဆတ်၏ အသက်သည် ဆယ်နှစ်ပင်မပြည့်သေးပေ။

ယန်းပေါဆတ်သည်အသက် ၂၅နှစ်အရွယ်တွင် ဒဿနပညာရပ်ဖြင့်တက္ကသိုလ်တွင်ရှိပြီးနောက် ဒဿနပညာသင်ကြားပေးရသောဆရာအဖြစ် ယာယီဝင်လုပ်နေခဲ့သည်။ ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိတက္ကသိုလ်တစ်ခုတွင် ဆရာတစ်ပိုင်း ကျောင်းသားတစ်ပိုင်းလုပ်ရင်း ခေတ်သစ် ဂျာမန်ဒဿနပညာကိုလေ့လာနိုင်ခဲ့သည်။ထို့နောက် ပြင်သစ်သို့ပြန်လာပြီးပဲရစ်မြို့တော် ဆင်ခြေဖုံးက ကျောင်းတစ်ကျောင်းတွင်ဆရာဝင်လုပ်ပြန်သည်။ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်တွင် စစ်ထဲဝင်သည်။သိပ်မကြာမီပင် ဂျာမန်တို့၏ဖမ်းဆီးမှုကိုခံရပြီး သုံ့ပန်းဘဝ၌ ကိုးလကြာ

www.burmeseclassic.com



နေထိုင်ခဲ့ရသည်။ သုံ့ပန်းဘဝမှလွတ်မြောက်လာသည့်အခါ တစ်ဖက်က ကျောင်းဆရာလုပ်၍ တစ်ဖက်က ပြင်သစ်လွတ်မြောက်ရေး မြေအောက်တပ်ဖွဲ့တွင် ပါဝင် လှုပ်ရှားသည်။ စစ်ကြီးပြီးသည့်နောက်တွင်ကား စာပေရေးသားသည့်အလုပ်၌သာ ဇောက်ချ၍ လုပ်ကိုင်တော့သည်။ နိုင်ငံရေး ခံယူချက်ချင်းတူသူများနှင့်ပူးပေါင်း၍ 'ခေတ်သစ်'အမည်ရှိမဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေသည်။ ဆိုင်မွန်ဒီဘိုးဗွား၊ မာလီယိုပွန်တီ၊ ရေမွန်အာရွန်တို့မှာ ခေတ်သစ်မဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့ဝင်များဖြစ်ကြသည်။ သို့သော် နိုင်ငံရေးဒီရေ မြင့်တက်နေသော ယင်းအချိန်တွင် ယန်းပေါလ်ဆတ်သည် သူ၏ နိုင်ငံရေးအယူအဆတို့ကိုကလောင်ဖြင့် ရေးသားတင်ပြရုံသက်သက်ဖြင့်အားရကျေနပ်ခြင်း မရှိ။ နိုင်ငံရေးပါတီတစ်ခုကိုတည်ထောင်ပြီး စည်းရုံးလှုပ်ရှားခဲ့သေးသည်။ သို့သော် ယင်းပါတီကား ရေရှည်မခံ၊ မကြာမီပင် ပျက်သွားခဲ့သည်။ ပါတီပျက်သွားစေကာမူ ယန်းပေါလ်ဆတ်သည်နိုင်ငံရေးနှင့် အဆက်ပြတ်ခြင်းမရှိ၊ လူလူချင်း ဖိနှိပ်ချုပ်ချယ်သည့်စနစ် မှန်သမျှကိုတတ်စွမ်းသမျှ ဆန့်ကျင်နေခဲ့သည်ချည်း ဖြစ်သည်။

ယန်းပေါလ်ဆတ်သည်ပြင်သစ်နိုင်ငံသားစစ်စစ် ဖြစ်၏။ သို့သော် ပြင်သစ်အစိုးရက အယ်လ်ဂျီးရီးယားကိုကိုလိုနီပြုခြင်းအပေါ် ပြင်းထန်စွာ ဆန့်ကျင်ခဲ့သည်။ အယ်လ်ဂျီးရီးယားသားတို့၏ လွတ်လပ်ရေးတိုက်ပွဲဝင်မှုကိုအစွမ်းကုန် အားပေးကူညီခဲ့သည်။ တခြားစာရေးဆရာများနှင့်ပူးပေါင်း၍ အယ်လ်ဂျီးရီးယားအား လွတ်လပ်ရေးပေးရန် တောင်းဆိုသည့်ကြေညာ စာတမ်းတစ်စောင်ကိုလက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ အယ်လ်ဂျီးရီးယားရှိပြင်သစ်စစ်တပ်များ၌ သွားရောက်စစ်မှုထမ်းခြင်းကို ငြင်းဆန်ကြပါရန် ပြင်သစ်လူငယ်များအား ယင်းသတင်းစာ၌ တိုက်တွန်းနှိုးဆော်ထားသည်။ ထိုလုပ်ရပ်ကြောင့်လက်ယာ

www.burmeseclassic.com





အစွန်းရောက်များက သူ၏တိုက်ခန်းကို နှစ်ကြိမ် ဖုံခွဲခဲ့သည်။

၁၉၆၅ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက သူတို့နိုင်ငံသို့ လာရောက်ဟောပြောပါရန် ယန်းပေါဆတ်ကို ဖိတ်ခေါ်သည်။ ထိုအချိန်တွင် အမေရိကန်အစိုးရသည် ဗီယက်နမ်နိုင်ငံ၌ စစ်ရေးအရ ဝင်တိုက်နေသည်။ ယင်းသို့ ဝင်ရောက် တိုက်ခိုက်နေခြင်းကို အမေရိကန်ပြည်သူအများစုက ကန့်ကွက် ဆန့်ကျင်မှု မလုပ်ဘဲ သဘောတူသယောင် ရေငုံနှုတ်ပိတ်နေခြင်းကို ယန်းပေါဆတ်က မကျေနပ်။ ထို့ကြောင့် ယင်းဖိတ်ခေါ်ချက်ကို ငြင်းဆန်ခဲ့သည်။ ‘ဤအခြေအနေတွင် အမေရိကန် ပြည်သူပြည်သားတို့နှင့် အသိပညာရှိရှိ ဆွေးနွေးပြောဆိုရန် မဖြစ်နိုင်ပါ’ဟု သူက အကြောင်းပြခဲ့ပါသည်။ ဗြိတိသျှဒဿနဆရာကြီး ဘာထရန်ရပ်ဆယ်က သူဖွဲ့စည်းသည့် နိုင်ငံတကာစစ်ခုံရုံးတွင် ပါဝင်ဆောင်ရွက်ရန် ပန်ကြားသည့်အခါ ယန်းပေါဆတ်သည် ဝမ်းသာအားရ လက်ခံလိုက်သည်။ ယင်းခုံရုံးတွင် ဗီယက်နမ် စစ်ရာဇဝတ်မှုများကို ရုံးတင်စစ်ဆေးခဲ့သည်။ သူ၏ခုံရုံးအဖွဲ့တွင် ယန်းပေါဆတ်ပါဝင်မည်ဆိုခြင်းကို အထူး ဝမ်းမြောက်မိကြောင်း၊ အတွေးအခေါ် ဒဿနချင်း မတူစေကာမူ သတ္တိပြောင်သော လူတစ်ယောက်နှင့် လက်တွဲလုပ်ကိုင်ရမည် ဖြစ်သောကြောင့် ဝမ်းမြောက်မိခြင်းဖြစ်ကြောင်း ဘာထရန်ရပ်ဆယ်က ဂုဏ်ယူ ပြောဆိုခဲ့သည်။

၁၉၇၀ခုနှစ်များအတွင်းတွင် ယန်းပေါဆတ်သည် လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုများ၌ ပါဝင်လှုပ်ရှားခဲ့သည်။ လူမျိုးရေးခွဲခြားမှုကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများ၌လည်း တက်ကြွစွာ ပါဝင်ခဲ့သည်။ တစ်ချိန်က ဆိုဗီယက်အစိုးရကို ထောက်ခံခဲ့သော်လည်း နောက်ပိုင်းတွင် ဆိုဗီယက်အစိုးရနှင့် ဆန့်ကျင်သူများဘက်က ရပ်တည်ခဲ့သည်။ ဘဝ၏ နောက်ပိုင်းကာလများတွင်ကား လူ့အခွင့်အရေးက ပိုမို အရေးကြီးသည်ဟု ခံယူလာခဲ့သည်။

www.burmeseclassic.com



မကွယ်လွန်မီတစ်နှစ်က ခေတ်သစ်မဂ္ဂဇင်းတွင် အတူလုပ်ကိုင်ခဲ့ဖူးသူ ရေမွန်အာရွန်နှင့် သမ္မတနန်းတော်သို့သွားကာ နိုင်ငံရေးဒုက္ခသည်များကိစ္စကို သမ္မတကြီးနှင့် ဆွေးနွေးပြောဆိုခဲ့သည်။

ယန်ပေါလ်ဆာတ်သည် ခေတ်ပြိုင်လူ့ရေးရာများနှင့်ဘယ်သောအခါမှ အဆက်မပြတ်။ တွေ့ကြုံကြားသိနေရသော မျက်မှောက်အရေးကိစ္စနှင့်သမျှတို့တွင် တက်တက်အားသမျှပါဝင်ဆောင်ရွက်ခဲ့သည်ချည်း ဖြစ်သည်။ ထို့ကြောင့် ယန်းပေါလ်ဆာတ်ကို နားလည်ခြင်းသည် သူ့ခေတ်ကို နားလည်ခြင်းဖြစ်သည်ဟု အိုင်းရစ်စာရေးဆရာမကြီး မာဒေါ့ခ်က ရေးသားခဲ့သည်။

'သာမန်ပြည်သူပြည်သားတို့ရော ပညာတတ်တို့ကပါ လွမ်းရည်ထက်မြက်သည့် ခေါင်းဆောင်တစ်ယောက်ကို မျှော်လင့်တောင့်တနေခဲ့ရာ ယင်းတောင့်တချက်ကို ယန်ပေါလ်ဆာတ်က ဖြည့်ဆည်းခဲ့သည်။ သူ၏ အတွေးအခေါ်အယူအဆများသည် သူ့ဆန့်ကျင်သူတို့အတွက်ပင် ထိုးနှိုးဆွသံ ဖြစ်ခဲ့သည်။ ယန်ပေါလ်ဆာတ်သည် သမ္မတဒီဂေါကဲ့သို့ အတားအဆီးမရှိသောသူဖြစ်၏' ဟုဂျွန်အားအက်သိုသော စာရေးဆရာက ရေးသားခဲ့သည်။

သူကျင်လည်ရာ ခေတ်ကာလနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ခဲ့သူ ယန်ပေါလ်ဆာတ်၏ စာပေလက်ရာများသည်လည်း သူ့ခေတ်ပြည်သူများအတွက် မီးရှူးတန်ဆောင်များ ဖြစ်ခဲ့ရသည်မှာ အံ့ဩစရာမရှိပြီ။ ဂျာမန်တို့လက်အောက်၌ ပြားပြားဝပ်နေထိုင်ခဲ့ရစဉ်မှာပင် 'လွတ်လပ်မှုသို့သွားရာလမ်းများ' (Roadsto Freedom) အမည်ရှိ ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို စတင်ရေးသားခဲ့သည်။ ယင်းဝတ္ထုရှည်ကြီးမှာ အတွဲလေးတွဲပါဝင်သော ဝတ္ထုရှည်ကြီးဖြစ်၏။ ထိုကာလ၌ပင် ယင်ကောင်များ (Flies) ပြဇာတ်ကို ရေးသားတင်ဆက်ခဲ့ရာ မကြာမီ အပိတ်ခံရသည်။ ဂျာမန်တို့လက်အောက်ရှိ ပြင်သစ်အခြေအနေကိုထင်





ဟပ်ပြသည့်ပြဇာတ်ဖြစ်သောကြောင့်အဓိပ္ပာယ်မဲ့ခြင်း ဖြစ်သည်။

စင်စစ်ယန်းပေါလ်ဆတ်ကိုစာရေးဆရာဟုပြောခြင်း ထက် အတွေးအခေါ် ဒဿနပညာရှင်ဟုပြောခြင်းက ပို၍သင့်မြတ်ပါလိမ့်မည်။ စာပေအနုပညာဟူသည်သူ၏ အတွေးအခေါ် များကို သယ်ဆောင်ပေးသည့်ယာဉ်မျှသာ ဖြစ်သည်။ အစောဆုံးရေးသားသည့်အော်ဂလီ(Nausea)ဝတ္ထုမှသည်နောက်ဆုံးရေးသမျှ ဝတ္ထုတိုဝတ္ထုရှည်ပြဇာတ်နှင့်စာတမ်းများအားလုံးသည် အတွေးအခေါ် ကိုဖော်ကျူးနေသည့်အရာများသာ ဖြစ်သည်။ သူ၏ ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးက ယန်းပေါလ်ဆတ်သည် အိပ်နေသည့်အချိန်မှတစ်ပါး အချိန်ရှိသရွေ့ တွေးနေသူဖြစ်သည်ဟုပြောဖူးသည်။ သို့သော်ယန်းပေါလ်ဆတ်၏ တွေးပုံမှာ တွေဝေငေးမောပြီး တွေးမျိုးမဟုတ်၊ အသိတရားနှင့်ယှဉ်၍ ဖျတ်လတ်နိုးကြားစွာ တွေးမျိုးသာ ဖြစ်၏။

ယန်းပေါလ်ဆတ်သည်အရာရာကိုစိတ်ဝင်စားသည်။ သို့သော်ဘယ်အရာကိုမျှမသိနားနှင့်လက်မခံတတ်။ အများနှင့် ရောယောင်ပြီး လက်ခံတတ်သည့်အကျင့်မျိုးမရှိ၊ ထို့ကြောင့် အရာရာမှာ သူ့အဖို့တွေးစရာ ဆင်ခြင်စရာချည်းဖြစ်နေရသည်။ အပြန်ပြန်အလှန်လှန် စဉ်းစားစရာချည်း ဖြစ်နေရသည်။ သူ့အတွက်အရေးအကြီးဆုံးမှာ အရာရာတို့၏ နောက်ကွယ်တွင် ရှိသော အနက်အဓိပ္ပာယ်များကိုသိမြင်ရေးဖြစ်သည်။ သို့သော် ဂျာမန်ဒဿနပညာရှင်ဟိုက်ဒဂါ၏ အတွေးအခေါ် များကို လေ့လာပြီးသည့်နောက်တွင်ကား အနက်အဓိပ္ပာယ်ဆိုသည်မှာ လူ၏ အလိုများကြောင့်တည်ရှိလာခြင်းဖြစ်ကြောင်း သဘော ပေါက်သွားသည်။ ဤသို့ဖြင့်သူ၏ စိတ်ဝင်စားမှုသည်'အလို' ပေါ် တွင်ဗဟိုပြုသွားတော့သည်။

ယန်းပေါလ်ဆတ်၏ခေတ်မတိုင်မီက လွှမ်းမိုးနေခဲ့သော

www.burmeseclassic.com



အယူဝါဒတို့မှာ ရုပ်ကိုပဓာနထားသော ရုပ်ဝါဒများနှင့် နာမ်ကို ပဓာနထားသော နာမ်ဝါဒများဖြစ်ပါသည်။ ယန်းပေါ်ဆတ်ကမူ ရုပ်ကိုရော နာမ်ကိုပါ ပဓာနမထား။ လူ့အလုပ်ကိုသာပဓာနထား၍ တွေးခေါ်ခဲ့သည်။ နောက်ဆုံးတွင် 'လူ၏ဘဝ၊ လူ၏ဖြစ်တည်မှုဟူသည်ကားလူ၏အလုပ်ပင်ဖြစ်သည်'ဟူသော ကောက်ချက်ကိုချနိုင်သည့် အနေအထားသို့ ရောက်လာခဲ့သည်။

'လူသည် သူ့ဘဝကို သူ့ဘာသာဖန်တီးနေသည်ဆိုလျှင် မည်သူ၏ပြဋ္ဌာန်းချက်၊ မည်သည့်အရာ၏ စီမံဖန်တီးချက် အောက်မှာမှ မရှိသူဖြစ်ရမည်။ သို့ဆိုလျှင် အစ ကနဦးက လူသည် ဘာမှမဟုတ်။ သို့သော် လွတ်လပ်သူကား ဟုတ်သည်။ လူသည် လွတ်လပ်မှုဖြင့်ပင် မိမိကိုယ်ကို တစ်ခုခုဖြစ်လာအောင် ရွေးချယ်ဆုံးဖြတ်ရသည်။ ထို့ကြောင့် မိမိတွင်ဖြစ်လာသမျှအရာ အားလုံးအတွက် တာဝန်ဟူသမျှကို မိမိတစ်ဦးတည်းသာ ယူရမည်။ မည်သူမည်ဝါ မည်သည့်အရာကိုမှ အကြောင်းပြပြီးရှောင်လွှဲ၍ မရ' စသည်ဖြင့် ကိုယ့်ဘဝကို ကိုယ့်ဘာသာဖန်တီးနေရသော လူသား၏ 'ကြောက်မက်ဖွယ်ကောင်းလှသော လွတ်လပ်မှု'ကို ယန်းပေါ်ဆတ်ကကွက်ကွက်ကွင်းကွင်းသဘောပေါက်သိမြင်နေခဲ့သည်။ သို့ဖြင့် လူသား၏ အကြွင်းမဲ့လွတ်လပ်မှုသည် သူ၏စာပေလောကရာမှန်သမျှ၏ ပင်တိုင် အကြောင်းအရာ ဖြစ်နေတော့သည်။

'သူဟာ လွတ်လပ်နေတယ်။ လုံးလုံးလျားလျား လွတ်လပ်နေတယ်။ အရူးတစ်ယောက်လိုလည်း လွတ်လွတ်လပ်လပ် ပြုမူနိုင်တယ်။ စက်ယန္တရားတစ်ခုလိုလည်း လွတ်လွတ်လပ်လပ် ပြုမူနိုင်တယ်။ လွတ်လပ်စွာလက်ခံနိုင်သလို လွတ်လပ်စွာ ငြင်းဆန်နိုင်တယ်။ လွတ်လပ်စွာလက်ထပ်နိုင်သလို လွတ်လပ်စွာ စွန့်ခွာနိုင်တယ်။ သူကြိုက်တာ သူလုပ်နိုင်တယ်။ သူ့ကို ဘာလုပ်ပါလို့

www.burmeseclassic.com





ဘယ်သူကမှ အကြံပေးခွင့်မရှိဘူး။ သူ့အတွက် ကောင်းတယ်ဆို တာလည်း မရှိ၊ ဆိုးတယ်ဆိုတာလည်း မရှိ၊ကောင်းခြင်းဆိုးခြင်း ဆိုတာ လူကရှိအောင်လုပ်မှ ရှိတာ။ လူကမလုပ်ရင် မရှိဘူး။ သူဟာ တစ်ယောက်တည်းပဲရှိတယ်။ တစ်ခဲနက်တိတ်ဆိတ်ငြိမ် သက်မှုကြီး လွှမ်းခြုံထားတဲ့အောက်မှာ တစ်ယောက်တည်းဖြစ် နေတယ်။ သူဟာ လွတ်လပ်နေတယ်။ သူ့မှာ ဘာအကူအညီမှ ရစရာမရှိ၊ ဘာအထောက်အပံ့မှ ရစရာမရှိ၊ ဘာခွင့်လွှတ်စရာမှ မရှိ၊ သူတစ်ယောက်တည်း အဖော်မဲ့ တစ်ကိုယ်တည်း ဘယ်နေ ရာ ဘယ်ဒေသ ဘယ်သူဘယ်ဝါဆီကမှ အကူအညီမရဘဲ ရွေး ချယ်ဆုံးဖြတ်ရတဲ့ဒဏ်ကို အမြဲထာဝရ ခံနေရတယ်'ဟု 'လွတ် လပ်မှုသို့ သွားရာလမ်းများ' ဝတ္ထုရှည်ကြီး၏ဇာတ်လိုက် မီသီယူး (Mithieu)က ဆိုထားပါသည်။

ယင်းအမြင်သည် ယန်းပေါဆတ်၏အမြင်ပင် ဖြစ်ပါ၏။ သို့သော် ယန်းပေါဆတ်သည် လွတ်လပ်မှုကို သိမြင်ခဲ့သည့်နည်း တူ ယင်းလွတ်လပ်မှုနှင့် အစဉ်ဒွန်တွဲနေသည့် တာဝန်ကိုလည်း အထင်းသားတွေ့မြင်ခဲ့ပါ၏။ အကြွင်းမဲ့ လွတ်လပ်သောလူသား အနေနှင့် မိမိအလိုဆန္ဒရှိသည့်အတိုင်း ရွေးချယ် ဆုံးဖြတ်ပိုင်ခွင့် ရှိနေသည်ကို သိမြင်ဖို့ ကောင်းသကဲ့သို့ မိမိ၏ဆုံးဖြတ်ချက်မှန် သမျှအတွက် ရဲရဲရင့်ရင့် တာဝန်ယူရမည့်အချက်ကိုလည်း နားလည်ဖို့ကောင်းသည်ဟု သူကထောက်ပြခဲ့သည်။သူ၏ လက်ရာမွန် ဒဿနကျမ်းကြီးဖြစ်သော အရှိတရားနှင့်မရှိတရား (Being and Nothingness)တွင် 'လွတ်လပ်မှုဒဏ်ကို ကျခံ နေရသော လူသားသည် လောကကြီးတစ်ခုလုံးအတွက် တာဝန် ကိုလည်း ပခုံးထက်မှာ ထမ်းထားရသည်' ဟု ရေးသားခဲ့သည်။ လူသည် မိမိအတွက် ရွေးချယ် ဆုံးဖြတ်နေသည့် တစ်ချိန်တည်း မှာပင် လောကကြီးတစ်ခုလုံးအတွက်လည်း ရွေးချယ်ဆုံးဖြတ်

www.burmeseclassic.com



နေသည်။ ထို့ကြောင့် မိမိအတွက်တာဝန်ရှိသလို လောကကြီး အတွက်လည်း တာဝန်ရှိသည်။ ယင်းတာဝန်မှ ရှောင်ပြေးသူများ ကို မရိုးသားသူများ၊ မိမိကိုယ်ကိုလိမ်ညာနေသူများဟု ယန်းပေါ ဆတ်က ပြတ်ပြတ်သားသား ကင်ပွန်းတပ်ပေးခဲ့သည်။

'တာဝန်မှရှောင်ပြေးခြင်းသည် မိမိ၏လွတ်လပ်မှုကို အဆုံး ရှုံးခံလိုက်ရခြင်းပင်ဖြစ်သောကြောင့် မိမိကိုယ်ကို လူအဖြစ်မှ သက်မဲ့ပစ္စည်းတစ်ခုအဖြစ်သို့ ဆုတ်ယုတ် ရွေ့ လျောသွားအောင် လုပ်လိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူပီသသော လူတစ် ယောက်အဖြစ်ရှင်သန်လိုပါလျှင် တာဝန်ယူရမည်၊ တာဝန်ယူရ သည့် ပူပင်သောကကို မရှောင်မလွှဲ ခံစားရမည်'ဟု သူကရှင်းပြ သည်။ ယင်းအဖြစ်ကို ယင်ကောင်များ ပြဇာတ်၌ ဤသို့ရေးသား ဖော်ပြထားသည်။

'ငါ လွတ်လပ်သွားပြီ၊ အီလက်ထရာရေ. . .၊ ငါ လွတ် လပ်သွားပြီကွဲ့။ လွတ်လပ်မှုဟာ လျှပ်စစ်မိုးကြိုးပစ်လိုက်သလို ငါ့ကို ပစ်ချလိုက်ပြီ။ ငါ့အလုပ်ကို ငါလုပ်ပြီးပြီလေ။ ဒီအလုပ်က တကယ်ကောင်းတဲ့အလုပ်ပါပဲ။ ဒီအလုပ်ကို ငါ့ပခုံးပေါ်မှာ ထမ်း ထားမယ်။ ကူးတို့လှေဟာ ခရီးသည်တွေကို တစ်ဖက်ကမ်း ရောက်အောင် သယ်ဆောင်သွားသလို ငါလည်း ဒီအလုပ်ကို သယ်ဆောင်သွားမယ်။ တစ်ဖက်ကိုရောက်မှ ငါသယ်ဆောင် သွားတဲ့အရာကို ချိန်စက်ကြည့်မယ်။ ငါကတော့ ဝန်ထုပ်ကြီးကြီး သယ်ရလေလေ ပျော်လေလေပဲ။ ဘာကြောင့်လဲဆိုတော့ ဒီ ဝန်ထုပ်က ငါ့လွတ်လပ်မှု ဖြစ်ပေတာကိုးကွဲ့'

အလိုဆန္ဒရှိသည့်အလုပ်ကိုလုပ်ပြီးသည့်နောက် ယင်း အလုပ်၏ အကျိုးဆက်မှန်သမျှကို ရဲရဲဝံ့ဝံ့ တာဝန်ယူလိုက်ခြင်း ဖြင့် လွတ်လပ်မှုရရှိသွားသော ဩရီစတီး (Orestes)၏ရင့်ကျူး သံ ဖြစ်ပါသည်။

www.burmeseclassic.com





လူနှင့်လွတ်လပ်မှု၊ လွတ်လပ်မှုနှင့်လူသည် နှစ်ခုမပြား တစ်သားတည်းသာဖြစ်ကြောင်း၊ လွတ်လပ်မှုမရှိလျှင် လူမဖြစ်နိုင်ကြောင်း၊ လူသည်ပင် လွတ်လပ်မှုဖြစ်ကြောင်း၊ ထို့ကြောင့် လူပီသလိုလျှင် လွတ်လပ်မှုကို ပန်းတိုင်ထား၍သာ ပြုမူလှုပ်ရှားရမည်ဖြစ်ကြောင်း၊ ဘဝတစ်လျှောက်လုံး အားသွန်ခွန်စိုက် ဟောပြောရေးသားသွားသည့် ဆရာကြီးယန်းပေါဆတ်သည် ၁၉၈၀ ခုနှစ်၊ ဧပြီလ ၁၈ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။ သူ၏ဈာပနကို ပြင်သစ်ပြည်သူပြည်သားတို့က ဝမ်းနည်းကြေကွဲစွာ ပို့ဆောင်ကြသည်။ သမ္မတဒီဂေါ၏ဈာပနထက်ပင် ကြီးကျယ်သည်ဟု ဆို၏။ ဈာပနလိုက်ပို့သူများကိုကြည့်ပြီး ယန်းပေါဆတ် ဘာပြောလိမ့်မည်နည်း။ ယင်ကောင်များပြဇာတ်ထဲက ဇာတ်လိုက်ဩရီစတီးကတော့ သေအံ့မူးမူးတွင် ဤသို့ အမှာစကား ထားခဲ့သည်။

'နှုတ်ဆက်လိုက်ပါတယ် ကျွန်ုပ်၏ပြည်သူပြည်သား အပေါင်းတို့ခင်ဗျား။ အသင်တို့ရဲ့ဘဝကို ပြန်လည်ပုံဖော် ဖန်တီးဖို့ ကြိုးစားအားထုတ်ကြပါ။ အရာရာဟာ ယခုအချိန်မှာ အသစ် ပြန်လည်စတင်ကြရပါလိမ့်မယ်။ သင်တို့နည်းတူကျွန်ုပ်အတွက်မှာလည်း ဘဝသစ်တစ်ခု စတင်နေပါပြီ။ ထူးဆန်းတဲ့ ဘဝသစ် တစ်ခု စတင်နေပါပြီ' ⑥

www.burmeseclassic.com

## ဖြစ်တည်မှုဝါဒ

သည်နေရာမှာ ကျွန်တော်ဟောပြောရတဲ့ ရည်ရွယ်ချက်ကတော့ ဖြစ်တည်မှုဝါဒအပေါ် ပြစ်တင်ဝေဖန်ချက်တွေ၊ ပုတ်ခတ်ပြောဆိုချက်တွေကို ဖြစ်တည်မှုဝါဒဘက်ကနေပြီးပြန်လည်ချေပ ပြောဆိုဖို့ပဲဖြစ်ပါတယ်။

ပထမဆုံး ပြစ်တင်ဝေဖန်ချက်ကတော့ ဖြစ်တည်မှုဝါဒဟာ လူတွေကို စိတ်ပျက်အားလျော့ပြီး ဘာအလုပ်မှမလုပ်ဘဲ မှိန်းနေရတဲ့ **အကြိုယစျာန်***တစ်မျိုးဆီကိုရောက်အောင်သွေးဆောင်ခေါ်ယူနေတယ်ဆိုတဲ့ ပြစ်တင်ဝေဖန်ချက်ပဲ ဖြစ်ပါတယ်။ ဖြစ်တည်မှုဝါဒဟာ ဘယ်ဖြေရှင်းချက်ကိုမှ မဖြစ်နိုင်ဘူးဆိုပြီး ဖြေ

---

*__အကြိုယစျာန်ဝါဒ__(Quietism)ကို ထင်ထင်ရှားရှား စတင်ဟောကြားသူမှာ စပိန်ဘုန်းတော်ကြီးMiguel de Molins(၁၆၄၀-၁၆၉၇)ဖြစ်ပါသည်။ လူသည် ဘုရားသခင်နှင့် ပေါင်းစည်းနိုင်ရန်အတွက် မိမိ၏စိတ်ဝိညာဉ်ကို ငြိမ်သက်စွာထားရမည်။ ထို့ကြောင့် သိစိတ်နှင့်လုပ်ဆောင်ချက်မှန်သမျှကို လည်းကောင်း၊ စဉ်းစားဆင်ခြင်မှုမှန်သမျှကို လည်းကောင်း၊ စိတ်လှုပ်ရှား ခံစားမှုမှန်သမျှကို လည်းကောင်း၊ နောက်ဆုံးအားဖြင့် ဝတ်ပြုဆုတောင်းမှုမှန်သမျှကို လည်းကောင်း လွတ်လွတ်စွန့်ပယ်ပြီး ငြိမ်သက်စွာ နေထိုင်ကျင့်ကြံသည့်ဝါဒ ဖြစ်သည်။

www.burmeseclassic.com





ရှင်းနည်းမှန်သမျှကို တားမြစ် ပိတ်ပင်နေပါတယ်တဲ့။ ဒါကြောင့် သည် ကမ္ဘာလောကအတွင်းက အလုပ်မှန်သမျှကို အကျိုးမဲ့ အချည်းနှီးပဲလို့သာ သတ်မှတ်ရတော့မှာဖြစ်တယ်။သည်လိုဆိုရင် နောက်ဆုံးတော့ဘာအလုပ်မှမလုပ်ရတဲ့ ဈာန်ဝင်စားရေးဒဿန တစ်ခုဆီကိုပဲ ရောက်ရပါလိမ့်မယ်။ ဈာန်ဝင်စား တယ်ဆိုတာက လည်း စည်းစိမ်ချမ်းသာတစ်ခုဖြစ်တာမို့ နောက်ဆုံးတော့ ဖြစ်တည်မှုဝါဒဟာ စည်းစိမ်ရှင် ဘူဇွာတို့ရဲ့ အတွေးအခေါ် တစ်ခုသာ ဖြစ်ပါသတဲ့။ သည် ပြစ်တင်ဝေဖန်ချက်က အထူးသဖြင့်ကွန်မြူ နစ်တွေဘက်ကလာတဲ့ ပြစ်တင်ဝေဖန်ချက်ပါ။

နောက်တစ်ဖက်က ဝေဖန်လာတာကတော့ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေဟာ လူ့ဘဝရဲ့ အမှောင်ဘက်ပိုင်းကိုပဲဇောင်း ပေးလွန်းနေတယ်တဲ့။ လူ့သဘာဝရဲ့ အလင်းဘက်မှာရှိတဲ့ အလှ အပတွေ၊ ဂုဏ်ကျက်သရေတွေကို လျစ်လျူရှုထားပြီး ယုတ်နိမ့်မှု တွေ၊ အောက်တန်းကျမှုတွေ၊ သိမ်ဖျင်းမှုတွေကိုပဲ မီးမောင်း ထိုးပြနေတယ်တဲ့။ သည်လိုဝေဖန်ချက်မျိုးထဲက တစ်ခုလောက် ထုတ်ပြီး နမူနာပြရရင်တော့ ကက်သလစ်ဝေဖန်ရေးဆရာမကြီး မဒမ်မွိုင်ဆယ်မာစီးယား(Mlle. Merciera)ရဲ့ အဆိုအရ ကျွန် တော်တို့ ဖြစ်တည်မှုဝါဒီများဟာ ကလေးငယ်တစ်ယောက်ရဲ့ ပြုံးရယ်မှုကိုတောင် မေ့နေကြပြီဆိုပဲ။

နှစ်ဖက်စလုံးက သဘောတူ ဝေဖန်ကြတာကတော့ ကျွန် တော်တို့ဟာ လူ့လောကအဖွဲ့အစည်းဆိုတာကို ထည့်သွင်း စဉ်း စားခြင်း မပြုတော့ဘဲ လူကို အဖော်မဲ့ တစ်ကိုယ်တော်အဖြစ်နဲ့ သာ မြင်နေတယ်ဆိုတဲ့ ဝေဖန်ချက်ပါ။ သည်လိုဖြစ်ရတာက

---

***ရာနာဒေးကား**(Rene Descartes ၁၅၉၆-၁၆၅၀)သည် ပြင်သစ်လူမျိုး ဒဿန ပညာရှင်၊ သင်္ချာပညာရှင်ဖြစ်သည်။ ငါတွေးတယ်၊ ဒါကြောင့် ငါရှိတယ်ဟူသော ဒဿနသဘောတရားကို ဖော်ထုတ်တင်ပြသူအဖြစ် ထင်ရှားသည်။

www.burmeseclassic.com



**ဒေးကား***ရဲ့'ငါတွေးတယ်'ဆိုတဲ့ ပုဂ္ဂလဓိဋ္ဌာန်သက်သက်ပေါ်မှာပဲ ကျွန်တော်တို့ရဲ့ အယူအဆကို အခြေခံထားလို့ဖြစ်တယ်လို့ ကွန်မြူနစ်တွေက ပြောကြပါတယ်။ 'ငါတွေးတယ်'ဆိုတဲ့ အချိန်ဟာ တစ်ကိုယ်တော်လူသား သူ့ကိုယ်သူ ပြန်တွေ့သွားတဲ့ အချိန် သူ့အတ္တဆီ သူပြန်ရောက်သွားတဲ့အချိန် ဖြစ်ပါတယ်တဲ့။ သည် အနေအထားဟာ သူ့အတ္တရဲ့အပြင်ဖက်ကတခြားသူတွေနဲ့ ပေါင်းစည်းလို့မရနိုင်တဲ့ အနေအထားဖြစ်ပါ တယ်တဲ့။ အတ္တ (ego)ဟာ 'ငါတွေးတယ်' (congito)ဆိုတဲ့အလုပ်နဲ့ တခြားလူတွေဆီ မရောက်နိုင်ပါဘူးတဲ့။

ခရစ်ယာန်တွေဖက်ကလည်း ဘယ်လို ဝေဖန်ကြပြန်သလဲဆိုတော့ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေဟာ လူ့ဝတ္တရားတွေ လူမှုကိစ္စတွေကို တကယ်မရှိတဲ့ အရာတွေလို့ဆိုပြီး ပေါ့ပျက်ပျက် သဘောထားနေကြတယ်တဲ့။ ထာဝရဘုရားသခင်ရဲ့ပညတ်ချက်တွေ၊ မပြောင်းမလဲ အမြဲတည်တံ့ရမယ်လို့သတ်မှတ်ပြဋ္ဌာန်းထားတဲ့စံကျင့်ဝတ်တွေ စတာတွေကို ဂရုမစိုက် အရေးမထားတော့ဘဲ လျစ်လျူရှုပစ်လိုက်မယ်ဆိုရင် အလိုဆန္ဒ သက်သက်လောက်နဲ့ ဆိုင်တဲ့အရာတွေလောက်ပဲ ကျန်တော့မှာဖြစ်တယ်တဲ့။ လူတိုင်း ကိုယ်ကြိုက်ရာ ကိုယ်လုပ်နိုင်တော့မှာ ဖြစ်တယ်တဲ့။ ကိုယ်လည်း ကိုယ့်အမြင်နဲ့ကိုယ်၊ သူလည်း သူ့အမြင်နဲ့သူ၊ ကိုယ်လည်း ကိုယ်လုပ်ချင်ရာလုပ်၊ သူလည်း သူလုပ်ချင်ရာလုပ်၊ ဘယ်သူ့ဘယ်သူကမှ အပြစ်တင်လို့မရနိုင်ဘဲ ဖြစ်သွားမယ်တဲ့။

သည်ပြစ်တင်ဝေဖန်ချက် အမျိုးမျိုးအဖုံဖုံကို ယခုကျွန်တော် ပြန်လည်ချေပဖို့ကြိုးစားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သည်ဟောပြောချက်ကို 'ဖြစ်တည်မှုဝါဒသည်လူသားဝါဒတစ်ခုဖြစ်သည်'လို့ အမည်တပ်ပေးထားတာ ဖြစ်ပါတယ်။ ဖြစ်တည်မှုဝါဒကို လူသားဝါဒနဲ့ဆက်စပ်ပြီး ဖော်ပြလိုက်တာကို မြင်ရ

www.burmeseclassic.com



တော့ လူအတော်များများ အံ့အားသင့်သွားနိုင်ပါတယ်။ ဒါပေမဲ့ လူသားဝါဒဆိုတာကို ကျွန်တော်တို့ ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ နားလည်ထားသလဲ ဆိုတာကိုတော့ သိအောင်ကြိုးစားရပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့သိမြင်ထားတဲ့ ဖြစ်တည်မှုဝါဒဟာ လူ့ဘဝကို အလားအလာရှိအောင်လုပ်ပေးတဲ့ သဘောတရားတစ်ခုဖြစ်တယ်လို့ စပြီး ပြောချင်ပါတယ်။ နောက်ပြီး အမှန်တရားတစ်ခုတိုင်း လုပ်ဆောင်ချက်တစ်ခုတိုင်းဟာ ပတ်ဝန်းကျင်တစ်ခုနဲ့ လူသားရဲ့ ပုဂ္ဂလဓိဋ္ဌာန်သဘောတစ်ခုစီကို ရည်ညွှန်းဖော်ဆောင်ချက်တွေသာဖြစ်ကြောင်း အခိုင်အမာ အတည်ပြုပေးတဲ့ သဘောတရားတစ်ခုလည်း ဖြစ်တယ်လို့ စပြီး ပြောချင်ပါတယ်။

ကျွန်တော်တို့အပေါ် အဓိက စွပ်စွဲဝေဖန်တာကတော့ လူ့ဘဝရဲ့အမှောင်ဘက်ပိုင်းကို ဇောင်းပေးလွန်းတယ်ဆိုတဲ့ စွပ်စွဲဝေဖန်ချက်ပါ။ လောလောဆယ်ကာလမှာတင် ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦးရဲ့အကြောင်းကို ပြောပြတာ ကျွန်တော်ကြားလိုက်ရတယ်။ သည်အမျိုးသမီးကြီးက ဒေါသထွက်လို့ သူ့ပါးစပ်က လွှတ်ခနဲ ညစ်ညစ်ညမ်းညမ်း ဆဲဆိုမိလိုက်တဲ့အခါတိုင်း ‘ဟောတော့ ငါလည်း ဖြစ်တည်မှုဝါဒီတစ်ယောက် ဖြစ်လာပါပေါ့လားဟ’ လို့ပြောပြီး ဖြေဆည်တတ်ပါသတဲ့။ သည်လိုနဲ့ပဲ ဖြစ်တည်မှုဝါဒဟာ ကျက်သရေမင်္ဂလာ မရှိတဲ့အရာတွေနဲ့ အတူတူလို့ သတ်မှတ်တာခံနေရပါတယ်။

ကျွန်တော်တို့ကို သဘာဝဝါဒီတွေလို့ သမုတ်တာလည်း ဒါကြောင့်ပါပဲ။ ကျွန်တော်တို့ဟာ သဘာဝဝါဒီတွေ ဖြစ်တယ်ပဲထားပါတော့။ သဘာဝဝါဒီတွေဖြစ်ရုံလောက်နဲ့ ကျွန်တော်တို့အပေါ် ဒီလောက်သည်းကြီးမည်းကြီး ကြောက်ရွံ့ ရွံရှာနေကြတာကိုတော့ အံ့ဩဖို့သိပ်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့

www.burmeseclassic.com



သည်နေ့ သည်ကာလမှာ သဘာဝဝါဒကြောင့် ဘယ်သူမှ ရှက်စိတ် ကြောက်စိတ် သိပ်မဖြစ်ကြ တော့လို့ပါပဲ။ ဇိုလာရဲ့ မြေဝသုန် ဝတ္ထုမျိုးကို လက်မချတမ်း ဖတ်ရှုနိုင်ကြသူတွေဟာ ဖြစ်တည်မှု ဝါဒဝတ္ထုတစ်ပုဒ်ကို ဖတ်လိုက်ရတာနဲ့တစ်ပြိုင်နက် စက်ဆုပ်ရွံ့ရှာ နှလုံးနာပြီး အော့ချင်အန်ချင် ဖြစ်သွားကြပါသတဲ့။ တော်တော် စိတ်မကောင်းစရာ စကားပုံမျိုးတွေကို လက်စွဲပြု ပြောဆိုနေကြ သူတွေက ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေရဲ့ စကားတွေကို ကြား လိုက်ရတော့ အလွန်မတန် စိတ်မချမ်းမသာ ဖြစ်သွားကြပါသတဲ့။

'ဒါနအစ နေအိမ်မှ' 'လူမိုက်ကိုမြှောက်စားသော် ရန်မူအံ့၊ နှိပ်ကွပ်သော် ပူဇော်အံ့' စတဲ့စကားပုံတွေထက် ပိုပြီး အသိမှန် ရအောင်လုပ်ပေးတဲ့ စကားပုံမျိုး ဘယ်မှာရှိပါ့မလဲ။ 'အာဏာရှိ သူကို မဆန့်ကျင်ရ' 'အထက်အာဏာပိုင်ကို အာမခံရ' 'ကိုယ့် အဆင့်ထက်မြင့်တဲ့ကိစ္စကို ဝင်မရှုပ်ရ' 'ဓလေ့ထုံးစံနဲ့မညီတဲ့ အလုပ်ဟာ လေထဲမှာ တိုက်အိမ်ဆောက်တာ ဖြစ်တယ်' 'အတွေ့ အကြုံမရှိသေးတဲ့အလုပ်ဟာ ဆုံးရှုံးပျက်စီးရဖို့သာ' 'လူဆိုတာ ဒုစရိုက်မှုမှာ မွေ့လျော်တတ်တာမို့ မင်းမဲ့အခြေအနေမျိုး မရောက်ရအောင် လူတွေကိုထိန်းကွပ်ဖို့ တင်းကြပ်တဲ့ စည်း ကမ်းတွေ ထားရမယ်' စသည်ဖြင့် သည်လိုသဘောမျိုး သည်လို အနက်အဓိပ္ပာယ်မျိုးနဲ့ သုံးစွဲနိုင်တဲ့စကားပုံတွေ အများအပြား ရှိတာကို အားလုံးသိကြပြီးသားပါ။ သည်လို စိတ်ပျက်စရာ စကား ပုံမျိုးတွေကို ပါးစပ်ကမချဘဲ တတွတ်တွတ် ရွတ်နေကြတဲ့သူတွေ ပဲ မုန်းတီးရွံ့ရှာစရာ အလုပ်တစ်ခုအကြောင်း ကြားလိုက်ရတဲ့ အခါမှာ 'ဘယ်လောက် လူ့သဘာဝနဲ့ကိုက်ညီလှသလဲ'လို့ ပြောတတ်ကြတာဖြစ်ပါတယ်။ သည်လူတွေကပဲ အရှိတရားမှ အရှိတရားဆိုပြီး ယထာဘူတဝါဒအကြောင်း အချိန်ရှိသရွေ့ ပြောဆိုနေတတ်ကြပြီး ကျွန်တော်တို့ ဖြစ်တည်မှုဝါဒကိုကျတော့

www.burmeseclassic.com





အချို့ မြင်လွန်းလှချည်ရဲ့ အပျက်မြင်လွန်းလှချည်ရဲ့လို့အပြစ်
တင်ဝေဖန်နေကြတာဖြစ်ပါတယ်။ သူတို့စာတွေသည်လောက်
အလွန်အကျွံ ဆန်းကျယ်နေတာကိုမြင်ရတော့ သူတို့ကိုရှေ့ရိုတ်
တော် အလိုမကျဖြစ်အောင် လုပ်နေတာဟာ ကျွန်တော်တို့ရဲ့
အချို့မြင်ဝါဒမဟုတ်ဘဲ အကောင်းမြင်ဝါဒသာဖြစ်ရမယ်လို့ကျွန်
တော်သုံးသပ်ယူလာမိပါတော့တယ်။ ဘာကြောင့်လည်းဆိုတော့
ယခုကျွန်တော်ရှင်းလင်းတင်ပြမယ့်ဖြစ်တည်မှုဝါဒထဲမှာ သူတို့
ကိုအကြောက်လှန့်ဆုံးအချက်က လူသားနဲ့လွတ်လပ်စွာ ရွေးချယ်
ပိုင်ခွင့်ထိပ်တိုက်တိုးသွားစေတဲ့အချက်ပဲ ဖြစ်နေတာကိုး။ ဒါကို
သက်သေပြဖို့အတွက် ပြဿနာတစ်ရပ်လုံးကိုဒဿနရေးရာ
အဆင့်မှာထားပြီး ရှုမြင်သုံးသပ်ပါရစေခင်ဗျာ။

ဒါဆိုရင်ဖြစ်တည်မှုဝါဒလို့ခေါ် တဲ့အရာဟာ ဘာလဲ။

ဖြစ်တည်မှုဝါဒဆိုတဲ့စကားလုံးရဲ့ အနက်အဓိပ္ပါယ်ကိုရှင်း
ပြမယ်ပါဆိုလာရင်သည်စကားလုံးကိုသုံးစွဲနေကြသူတွေအကုန်
လိုလိုစိတ်ရှုပ်သွားကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့သည်
စကားလုံးခေတ်စားလာတဲ့အချိန်ကစပြီး ဘယ်ဂီတဆရာဟာဖြင့်
ဖြစ်တည်မှုဝါဒီဖြစ်တယ်၊ ဘယ်ပန်းချီဆရာဟာဖြင့်ဖြစ်တည်မှု
ဝါဒီဖြစ်တယ်စသည်ဖြင့်လူတွေက ပျော်ပျော်ပါးပါးကြီး ကင်ပွန်း
တပ်ပေးခဲ့ကြတာကိုး။ ကလာတီး (Clartes) သတင်းစာထဲက
ပင်တိုင် ဆောင်းပါးရှင်တစ်ဦးကဆိုရင် သူ့ကိုယ်သူ ဖြစ်တည်မှု
ဝါဒီလို့ လက်မှတ်ရေးထိုးပါတယ်။ ဒါကြောင့် လက်တွေ့မှာသည်
စကားလုံးကို စည်းမရှိကမ်းမရှိ ထင်သလို သုံးစွဲနေကြပါပြီ။ဒါ
ကြောင့်လည်း ဒီစကားလုံးမှာ သီးခြားအနက်အဓိပ္ပာယ်မရှိတော့
တဲ့အထိ ဖြစ်နေပါပြီ။

နောက်ဆုံးပေါ် ဘာသာရေးပုတ်ခတ်မှုလို၊နောက်ဆုံးပေါ်
လှုပ်ရှားမှုလိုအထဲမှာ ငမ်းငမ်းတက် ပါချင်တဲ့သူတွေဟာ **အမှန်**

www.burmeseclassic.com



**လွန်ဝါဒ***လို ထူးခြားဆန်းသစ်တဲ့ သဘောတရားမျိုးမရှိဘဲ ဖြစ်နေတဲ့အတွက် ဖြစ်တည်မှုဝါဒကိုပဲ အရဖမ်းဆွဲပြီး ဆုပ်ကိုင်ထားလိုက်ကြပါတယ်။ ဒါပေမဲ့ သည်ဖြစ်တည်မှု အတွေးအခေါ်ထဲမှာ သူတို့ရည်မှန်းတာမျိုး တစ်ခုမှမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖြစ်တည်မှုဝါဒဟာ အတွေးအခေါ် အယူဝါဒတွေအားလုံးအနက် ဘာသာရေးအပေါ် ပုတ်ခတ်ပြောဆိုမှု အနည်းဆုံးဖြစ်ပြီး သဘောတရားအရလည်း အတင်းကျပ်ဆုံး ဖြစ်လို့ပါပဲ။ဖြစ်တည်မှု အတွေးအခေါ်ဟာ ပညာရှင်များအတွက် သက်သက်ရည်စူးတဲ့ အတွေးအခေါ်ပါ။ သည်လိုဖြစ်ပေမယ့် ဖြစ်တည်မှု အတွေးအခေါ်ကို လွယ်လွယ်ကူကူ ဖွင့်ဆိုရှင်းလင်းလို့လည်း ရပါတယ်။

ပြဿနာ ရှုပ်ထွေးနေရတာကတော့ ဖြစ်တည်မှုဝါဒီ နှစ်မျိုးနှစ်စား ကွဲပြားနေလို့ဖြစ်ပါတယ်။ တစ်မျိုးက ခရစ်ယာန် ဖြစ်တည်မှုဝါဒီဖြစ်ပြီး၊ နောက်တစ်မျိုးကတော့ ဘုရားမဲ့ဖြစ်တည်မှုဝါဒီဖြစ်ပါတယ်။ ခရစ်ယာန် ဖြစ်တည်မှုဝါဒီတွေထဲမှာ ကက်သလစ် ခရစ်ယာန်ဘာသာဝင်ကြီး နှစ်ဦးဖြစ်တဲ့ ဂျာမန်ဒဿနပညာရှင် ကားယက်စပါ(Karl Jaspers)နဲ့ ပြင်သစ် ဒဿနပညာရှင် ဂက်ဘရီယယ်မာဆယ် (Gabriel Marcel)တို့ကို ကျွန်တော် စာရင်းသွင်းပါမယ်။ ဘုရားမဲ့ ဖြစ်တည်မှုဝါဒီတွေထဲမှာတော့ ဂျာမန်ဒဿနပညာရှင် ဟိုက်ဒဂ္ဂါ၊ ပြင်သစ်ဖြစ်တည်မှုဝါဒီများနဲ့ ကျွန်တော်ကိုယ်တိုင်ကို ထည့်သွင်းပါမယ်။ သည်ဖြစ်တည်မှုဝါဒီ နှစ်မျိုးစလုံးက အတူအညီလက်ခံထားတဲ့အချက်ကတော့ **ဖြစ်တည်မှုသည်အနှစ်သာရထက်အရင်ကျသည်**ဆိုတဲ့

*__အမှန်လွန်ဝါဒ__(Surrealism)သည် စိတ်ခွဲပညာ(Psychoanalysis)ကို စတင်တည်ထောင်သူ သြစထရီးယားလူမျိုး ဆစ်ခမန်ဖရိုက်(Sigmund Freud)၏ အယူအဆကို အမှီပြုပြီးပေါ်ပေါက်လာသော စာပေအနုပညာဆိုင်ရာ ဝါဒတစ်ရပ် ဖြစ်သည်။

www.burmeseclassic.com





ယုံကြည်ချက်ပါပဲ။ ဒါမှမဟုတ် **ပုဂ္ဂလဓိဋ္ဌာန်သဘောသည် အဦး အစဖြစ်သည်**ဆိုတဲ့ ယုံကြည်ချက်ပါ။

သည်ယုံကြည်ချက်က ဘာကိုဆိုလိုတာလဲ။

ထုတ်ကုန်ပစ္စည်းတစ်ခုကို စဉ်းစားကြည့်လိုက်စမ်းပါ။ ဉပမာအားဖြင့် မောင်းချဓားတစ်ချောင်းကို စဉ်းစားကြည့် လိုက်စမ်းပါ။ သည်မောင်းချဓားကို ဖန်တီးလိုက်တဲ့သူဟာ မောင်းချဓားနဲ့ပတ်သက်ပြီး စိတ်ကူးအကြံအစည်ရှိတဲ့ လက်မှုပညာသည် တစ်ယောက်ပဲဖြစ်ပါတယ်။ လက်မှုပညာသည်ဟာ သူ့စိတ်ကူးအကြံအစည်ထဲက မောင်းချဓားကို အာရုံစိုက်ခဲ့ရသလို သိနှင့်ပြီးသားဖြစ်တဲ့ မောင်းချဓား လုပ်နည်းပညာကိုလည်း အညီအမျှ အာရုံစိုက်ခဲ့ရပါတယ်။ မောင်းချဓားထုတ်လုပ်နည်းဟာ မောင်းချဓားနဲ့ ပတ်သက်တဲ့ သူ့စိတ်ကူးအကြံအစည်တွေထဲက အစိတ်အပိုင်းတစ်ခုပဲပေါ့။ တကယ်တော့ ဒါဟာ ပုံသေနည်းတစ်ခုပဲ ဖြစ်ပါတယ်။ သည်လိုနဲ့ မောင်းချဓားဟာ နည်းလမ်းတစ်ခုနဲ့ ထုတ်လုပ်နိုင်တဲ့ပစ္စည်းတစ်ခု ဖြစ်နေသလို တိကျတဲ့ရည်ရွယ်ချက်တစ်ခုကို ဖော်ဆောင်ပေးတဲ့ပစ္စည်း တစ်ခုလည်း ဖြစ်နေပါတော့တယ်။ တိကျတဲ့ရည်ရွယ်ချက်တစ်ခုကို ဖော်ဆောင်ပေးတယ်လို့ ဆိုရတဲ့အကြောင်းကတော့ ဘာအတွက်ရည်ရွယ်မှန်း မသိဘဲနဲ့ မောင်းချဓားတစ်ချောင်းကို ထုတ်လုပ်ဖို့ဆိုတာ စဉ်းစားလို့မရနိုင်တဲ့ကိစ္စ ဖြစ်လို့ပါပဲ။ ဒါကြောင့် မောင်းချဓားနဲ့ ပတ်သက်လာရင် မောင်းချဓား၏ အနှစ်သာရသည် မောင်းချဓား၏ ဖြစ်တည်မှုထက် အရင်ကျသည်လို့ ပြောရပါလိမ့်မယ်။ မောင်းချဓားရဲ့ အနှစ်သာရဆိုရာမှာ မောင်းချဓားနဲ့ပတ်သက်တဲ့ သတ်မှတ်ချက်တွေကို လက်တွေ့အကောင်အထည်ဖော် ဖန်တီးထုတ်လုပ်လို့ရအောင်လုပ်ပေးတဲ့ ပုံသေနည်းတွေ၊ အရည်အသွေးတွေ စုစုပေါင်း ဖြစ်ပါတယ်။ သည်လို မောင်းချဓားတစ်ချောင်း ဖြစ်လာ

www.burmeseclassic.com



အောင် ကျွန်တော်တို့ မျက်စိရှေ့မှာတင် ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ သည်နေရာမှာ ကျွန်တော်တို့ဟာ လောကကြီးကို နည်းပညာရှုထောင့် တစ်ခုကနေ ကြည့်မြင်နေတာဖြစ်တဲ့အတွက် ကုန်ထုတ်လုပ်မှုသည် ဖြစ်တည်မှုထက် အရင်ကျသည်လို့ ပြောနိုင်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ဟာ ထာဝရဘုရားသခင်ကိုဖန်တီးရှင်အဖြစ်နဲ့ စဉ်းစားကြည့်လိုက်တဲ့အခါတိုင်းမှာလည်း မဟာ လက်မှုပညာသည်ကြီး ဖြစ်တော်မူပါပေတယ်လို့ ယူဆကြတာချည်း ဖြစ်ပါတယ်။ဒေးကားရဲ့အယူဝါဒနဲ့ တူတာမျိုးကိုဖြစ်ဖြစ်၊လိုက်ဘနစ်ရဲ့ အယူဝါဒနဲ့ တူတာမျိုးကိုဖြစ်ဖြစ် ဘယ်လို အယူဝါဒမျိုးကိုမဆို သုံးသပ်ကြည့်လိုက်တဲ့အခါတိုင်း အလိုဆန္ဒဟာ အသိတရားရဲ့နောက်ကပဲ လိုက်တယ်။ ဒါမှမဟုတ်ရင်လည်း အနည်းဆုံးတော့ ပခုံးချင်းယှဉ်ပြီး ဒွန်တွဲနေပါတယ်။ ဒါကြောင့် ဘုရားသခင်အနေနဲ့ ဖန်ဆင်းခြင်းအမှုကို ပြုတော်မူတဲ့အခါမှာ ဖန်ဆင်းမယ့်အရာကို ဂဃနဏ အပ်ကျမတ်ကျ သိနှင့်တော်မူပြီးဖြစ်တယ်လို့ ယူဆလိုက်တာချည်း ဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင်ရဲ့ စိတ်ကူးအကြံအစည်ထဲက လူပုံစံကို လက်မှုပညာသည်ရဲ့ စိတ်ကူး အကြံအစည်ထဲက မောင်းချဓားပုံစံနဲ့ နှိုင်းယှဉ်လို့ရနိုင်ပါတယ်။လက်မှုပညာသည်ဟာ သတ်မှတ်ချက်တစ်ခု၊ ပုံသေနည်းတစ်ခုကိုလိုက်နာပြီး မောင်းချဓားတစ်ခုကို ဖန်တီး ထုတ်လုပ်လိုက်သလိုမျိုး ဘုရားသခင်ဟာလည်း စိတ်ကူးအကြံအစည်တစ်ခုအတိုင်းလူကို ဖန်ဆင်းခဲ့တာဖြစ်ပါတယ်။ သည်တော့ လူသားတစ်ယောက်ချင်းဟာ ထာဝရသခင်ရဲ့ စိတ်ကူးအကြံအစည်တစ်ခု အကောင်အထည်ပေါ် တည်ရှိလာခြင်းသာ ဖြစ်ပါတယ်။

၁၈ရာစုနှစ်အတွင်း ပေါ်ပေါက်ခဲ့တဲ့ ဒဿနဆရာကြီးများရဲ့ ဘုရားမဲ့ဝါဒမှာ ဖန်ဆင်းရှင် ဘုရားသခင်ဆိုတဲ့အယူကို ချေ

www.burmeseclassic.com



ဖျက်ထားပါတယ်။ ဒါပေမဲ့ အနှစ်သာရသည် ဖြစ်တည်မှုထက် အရင်ကျသည်ဆိုတဲ့ အယူအဆကိုတော့ မပယ်ဘဲခြွင်းချန်ထားခဲ့တယ်။ သည်လို ဖန်ဆင်းရှင်မရှိဘဲ အနှစ်သာရက ဖြစ်တည်မှုထက် အရင်ရှိနေတဲ့အယူအဆမျိုးကို နေရာတကာမှာ တွေ့နေရပါတယ်။ **ဒီးဒရိုး***မှာလည်း တွေ့ရသလို **ဗော်လတဲ***မှာလည်း တွေ့ရတာပဲ။ **ကန့်***ဆီမှာတောင် သည်အယူအဆမျိုးတွေ့နေရပါတယ်။ သည်အယူအဆရဲ့ဆိုလိုချက်က သည်လိုပါ။ လူဟာ သဘာဝတစ်ခုကို ပိုင်ဆိုင်ထားတယ်တဲ့။ လူရဲ့သီးခြားပုံစံဖြစ်တဲ့ သည်လူ့သဘာဝကို လူတိုင်းမှာတွေ့နိုင်တယ်တဲ့။လူတစ်ဦးစီဟာ ယေဘုယျလူပုံစံကြီးရဲ့ သီးခြားပုံစံငယ်လေးတစ်ခုသာ ဖြစ်တယ်လို့ ဆိုလိုတာပါ။ ကန့်ရဲ့ အယူအဆမှာဆိုရင် ယေဘုယျလူပုံစံကြီးဟာ ဘယ်လောက်ထိအောင် အရာကျယ်လှသလဲဆိုရင် တောထဲတောင်ထဲက လူရိုင်းတွေ၊ အဝတ်ချည်း စီးနေကြတဲ့သူတွေနဲ့ မြို့ကြီးပြကြီးက ဘူဇွာဆိုတဲ့လူတွေဟာ အခြေခံ အရည်အသွေးချင်း အတူတူပဲဖြစ်တယ်။ တစ်တန်းတစ်စားတည်းသတ်မှတ်ရမယ်လို့ ဆိုထားပါတယ်။ သည်နေရာမှာလည်း အတွေ့အကြုံနဲ့ရင်ဆိုင်ရတဲ့ သမိုင်းဆိုင်ရာဖြစ်တည်မှုထက် လူရဲ့အနှစ်သာရက အရင်ကျနေပြန်တယ်။

ကျွန်တော် ကိုယ်စားပြုထားတဲ့ ဘုရားမဲ့ဖြစ်တည်မှုဝါဒကတော့ ၁၈ရာစုဘုရားမဲ့ဝါဒထက် ပိုပြီး ရှေ့နောက်ညီညွတ်တဲ့ အယူအဆဖြစ်ပါတယ်။ ထာဝရဘုရားသခင်သာ မရှိတော့ဘူးဆို

---

*__ဒနီးဒီးဒရိုး__(Denis Diderot 1713-1784)သည် ပြင်သစ်ဒဿနပညာရှင်၊ စာရေးဆရာ၊ ပြဇာတ်ဆရာဖြစ်သည်။

*__ဗော်လတဲ__(Voltaire 1694- 1778)သည် ပြင်သစ်ဒဿနဆရာ၊ စာရေးဆရာကြီးဖြစ်သည်။

*__အီမယ်နျူယယ်ကန့်__(Immanuel Kant 1724-1804)သည် ဂျာမန်ဒဿနပညာရှင်ဖြစ်သည်။

www.burmeseclassic.com



ရင် အနှစ်သာရထက် ဖြစ်တည်မှုကအရင်ကျတဲ့ အရှိတရား တစ်ခုကတော့ အနည်းဆုံးရှိနေပြီ။ သည်အရှိတရားဟာ ဘယ်လို စိတ်ကူး အကြံအစည်နဲ့မှ မသတ်မှတ်ရသေးခင် အရင် ကြိုတင် ဖြစ်တည်နေတဲ့ အရှိတရားဖြစ်ပါတယ်။ သည်အရှိတရားကတော့ လူပါပဲ။ ဟိုက်ဒဂ္ဂါးရဲ့စကားနဲ့ဆိုရင်တော့ လူအရှိတရား (Hu man Reality)ပေါ့။

ဖြစ်တည်မှုသည် အနှစ်သာရထက် အရင်ကျသည် ဆိုတဲ့ စကားက ဘာကိုဆိုလိုချင်တာလဲဆိုတော့ ပထမဆုံး လူဟာ ဖြစ်တည်တယ်၊ ကိုယ့်ကိုယ်ကိုယ် သိမြင်တွေ့ကြုံတယ်၊ လောကထဲမှာ ပေါ်ထွန်းလာတယ်၊ ပြီးတော့မှ သူ့ကိုယ်သူ အဓိပ္ပာယ် သတ်မှတ်တယ်လို့ ဆိုလိုတာပါ။

ဖြစ်တည်မှုဝါဒီရဲ့အမြင်မှာ လူဟာ ဘာဖြစ်တယ်ဆိုတာမျိုး အဓိပ္ပာယ်ကို အတိအကျ သတ်မှတ်လို့မရပါဘူး။ သည်လို အဓိပ္ပာယ် အတိအကျ သတ်မှတ်လို့မရဘူးဆိုရင် လူဟာ အစက ဘာမှမဟုတ်လို့ပဲ ဖြစ်ရပါမယ်။ နောက်ပိုင်းကျမှသာ လူဟာ တစ်ခုခုဖြစ်လာရတာပါ။ သူ့ကိုယ်သူ ဖန်တီးလိုက်တဲ့အတိုင်း နောက်မှ ဖြစ်လာရတာပါ။ ဒါကြောင့် လူ့သဘာဝရယ်လို့ မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ လူကို ဘယ်လိုပုံစံဖြစ်ရမယ်လို့ ကြိုတင်စီမံပြီး စိတ်ကူးပုံထုတ်မယ့် ထာဝရဘုရားသခင်မှ မရှိပဲကိုး။ လူဖြစ်နေတာဟာ ရိုးရိုးလေးဖြစ်နေတာပါ။ ကိုယ့်စိတ်ဆန္ဒအတိုင်း ဖြစ်နေတာပါ။ ဖြစ်တည်မှုဆီ ခုန်ကူးပြီးတဲ့နောက်မှ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ရမယ်လို့ စိတ်ကူးကြံစည်တဲ့အတိုင်း အလိုဆန္ဒရှိသလို ရွေးချယ်ဆုံးဖြတ်လိုက်တဲ့အတိုင်း ဖြစ်နေရတာပါ။ လူဟာ သူ့ကိုယ်သူ ဖန်တီးထားတဲ့အရာမှ တစ်ပါး တခြား ဘာမှမဟုတ်ပါဘူး။ သည်အချက်ဟာ ဖြစ်တည်မှုဝါဒရဲ့ အခြေခံစည်းမျဉ်း အမှတ်တစ်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေကို

www.burmeseclassic.com





ဝေဖန်ပုတ်ခတ်ရာမှာ လက်နက်တစ်ခုအဖြစ် သုံးတတ်တဲ့ **ပုဂ္ဂလ ဓိဋ္ဌာန်ကျမှု**ဆိုတာဟာလည်း သည်အချက်ပါပဲ။

လူဟာ ကျောက်တုံးတစ်တုံးထက်ဖြစ်ဖြစ်၊ စားပွဲတစ်လုံး ထက်ဖြစ်ဖြစ် ပိုပြီးဂုဏ်မမြင့်ဘူးဆိုတဲ့ စကားကရော ဘာကို ဆို လိုတာလဲ။ ဘာကြောင့်လဲဆိုတော့ စစချင်းမှာ လူဟာ ဖြစ်တည် နေရုံသက်သက်ပဲလို့ ပြောခဲ့တာကိုး။ စစချင်းမှာ လူဟာ သူ့ကိုယ် သူ အနာဂတ်တစ်ခုဆီကို တွန်းပို့နေရပြီး သည်လို တွန်းပို့နေရမှု ကို ပြန်သိနေတဲ့အရာ တစ်ခုမျှသာဖြစ်တယ်လို့ ပြောခဲ့တာကိုး။

တကယ်တော့ လူဟာ ရေညှိပင်လေးတစ်ပင်လို၊ မှိုပွင့်လေး တစ်ပွင့်လို၊ ပန်းဂေါ်ဖီတစ်ထုပ်လို ဖြစ်တည်နေတာမျိုးတော့ မဟုတ်ပါဘူး။ လူဟာ ပုဂ္ဂလဓိဋ္ဌာန်ဘဝ တစ်ခုကို ပိုင်ဆိုင်ထားတဲ့ စီမံဖော်ဆောင်ချက် တစ်ခုသာ ဖြစ်ပါတယ်။ သည်လိုကိုယ့်ကိုယ် ကိုယ် စီမံဖော်ဆောင်ချက် မတိုင်မီက ဘာမှမရှိသေးပါဘူး။ အရာခပ်သိမ်း သိမြင်နှံ့စပ်တဲ့ အသိဉာဏ် ကောင်းကင်ဘုံကြီး ထဲမှာပင် မရှိသေးပါဘူး။ ဆိုလိုတာကတော့ လူဟာ သူရည်ရွယ် တဲ့အတိုင်း ဖြစ်လာပြီးတဲ့အခါမှသာ ဖြစ်တည်မှုကို ရရှိနိုင်သူပါ။

ဖြစ်တည်မှုဟာ အနှစ်သာရထက် အရင်ကျတယ်ဆိုရင် လူဟာ သူဖြစ်နေရတဲ့ဘဝအတွက် သူပဲ တာဝန်ယူရပါလိမ့်မယ်။ ဒါကြောင့် ဖြစ်တည်မှုဝါဒရဲ့ ပထမဆုံးသော အကျိုးသက်ရောက် မှုကတော့ လူတိုင်းကို ကိုယ့်ဘဝကိုယ် ပိုင်အောင်လုပ်ပေးပြီး ကိုယ့်ဖြစ်တည်မှုအတွက် တာဝန်မှန်သမျှကို ပခုံးပေါ် တင်ပေး လိုက်ခြင်းပဲ ဖြစ်ပါတယ်။ လူဟာ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူရ တယ်လို့ ကျွန်တော်ပြောရာမှာ သူ့ရဲ့ပုဂ္ဂလိကဘဝ တစ်ခုတည်း အတွက်သာ တာဝန်ယူနေရတယ်လို့ ဆိုလိုတာမဟုတ်ဘဲ လူ သား အားလုံးအတွက်ပါ တာဝန်ယူနေရတယ်လို့ ဆိုလိုလိုက်ခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com



ပုဂ္ဂလဓိဋ္ဌာန်ဝါဒ (Subjectivism)ဆိုတဲ့စကားလုံးကို အဓိပ္ပာယ်နှစ်မျိုးနဲ့ နားလည်ကြရပါမယ်။ ကျွန်တော်တို့ကို ဆန့်ကျင် ပုတ်ခတ်နေကြသူတွေကတော့ အဓိပ္ပာယ် တစ်မျိုးတည်းနဲ့သာ သုံးစွဲနေကြပါတယ်။ ပုဂ္ဂလဓိဋ္ဌာန်ဝါဒဟာတစ်ဖက်မှာ ပုဂ္ဂလိက တစ်ကိုယ်တော်လူသားရဲ့ လွတ်လပ်မှုကိုဆိုလိုတာဖြစ်သလို နောက်တစ်ဖက်မှာလည်း လူသားဟာ ပုဂ္ဂလဓိဋ္ဌာန်သဘောကို မကျော်လွန်နိုင်ဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ ဖြစ်တည်မှုဝါဒကပြောတဲ့ ပုဂ္ဂလဓိဋ္ဌာန်ဝါဒဟာ ဒုတိယအဓိပ္ပာယ်ရှိတဲ့ဝါဒပါ။ သည်အဓိပ္ပာယ်က ပိုပြီးလေးနက်ပါတယ်။

လူဟာ သူ့ကိုယ်သူ ရွေးချယ်နေတယ်လို့ ကျွန်တော်တို့ပြောတဲ့အခါမှာ ကျွန်တော်တို့ လူသားတစ်ယောက်စီဟာ ကိုယ့်ကိုယ်ကိုယ်ရွေးချယ်ရင်းနဲ့ပဲ လူသားအားလုံးအတွက်ပါ တစ်ပြိုင်နက်တည်း ရွေးချယ်နေရတယ်လို့ ဆိုလိုခြင်းလည်း ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ လူဟာ သူ့ဆန္ဒရှိတဲ့အတိုင်း သူ့ကိုယ်သူ ဖန်တီးဖို့လုပ်တဲ့အခါ ဘာကိုပဲလုပ်လုပ် သူလုပ်သမျှအရာတိုင်းကတော့ ဖြစ်သင့်တယ်လို့ သူယုံကြည်တဲ့လူသားရုပ်ပုံတစ်ခုကို ဖန်တီးနေကြတာချည်း ဖြစ်လို့ပါပဲ။ လူသားရုပ်ပုံကို မဖန်တီးတဲ့အလုပ်ရယ်လို့ လက်တွေ့မှာ တစ်ခုမှမရှိတဲ့အတွက် ဖြစ်ပါတယ်။ ဟိုဟိုသည်သည်အရာတွေထဲက တစ်ခုခုကို ရွေးချယ်လိုက်ခြင်းဟာ တစ်ချိန်တည်းမှာပဲ ရွေးချယ်လိုက်တဲ့အရာကို တန်ဖိုးထားလိုက်ခြင်းလည်းဖြစ်ပါတယ်။ ပိုကောင်းတယ်လို့ သတ်မှတ်လိုက်တာလည်း ဖြစ်ပါတယ်။ ညံ့တဲ့အရာကို ကျွန်တော်တို့ ဘယ်တော့မှ မရွေးချယ်တတ်ကြဘူး မဟုတ်လား။ ကျွန်တော်တို့ရွေးချယ်လိုက်တဲ့ အရာတိုင်းဟာ ကျန်တဲ့အရာတွေထက် ပိုကောင်းတာချည်း ဖြစ်ပါတယ်။ နောက်ပြီး သည်လို ရွေးချယ်လိုက်တဲ့အရာဟာ ကိုယ်တစ်ယောက်တည်းအတွက်

www.burmeseclassic.com





သာ ကောင်းရမှာမဟုတ်ဘူး။ လူတိုင်းအတွက်ပါ ကောင်းရမှာဖြစ်ပါတယ်။ လူသားအားလုံးအတွက်ပါ ကောင်းရမှာဖြစ်ပါတယ်။ လူတိုင်းအတွက် ကောင်းတာမဟုတ်ရင် ကိုယ့်အတွက်လည်း ဘယ်မှာကောင်းနိုင်ပါ့မလဲ။

ဖြစ်တည်မှုဟာ အနှစ်သာရထက် အရင်ကျတယ်ဆိုရင် နောက်ပြီး ကျွန်တော်တို့ဟာ ကိုယ့်ရုပ်ပုံကို ကိုယ့်ဘာသာဖန်တီးနေတဲ့ တစ်ချိန်တည်းမှာ သည်ရုပ်ပုံအတိုင်း ဖြစ်တည်နေဖို့ လည်း အလိုဆန္ဒ ရှိနေတယ်ဆိုရင် သည်ရုပ်ပုံဟာ လူသားအားလုံးအတွက် အသင့်မြတ်ဆုံးလို့ အခိုင်အမာ ယုံကြည်ထားတဲ့ ရုပ်ပုံလွှာ ဖြစ်နေပါပြီ။ ကိုယ်အသက်ရှင်နေထိုင်တဲ့ ခေတ်ကာလအတွက် အသင့်မြတ်ဆုံးလို့ ခိုင်ခိုင်မာမာ ယုံကြည်ထားတဲ့ ရုပ်ပုံဖြစ်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ရဲ့တာဝန်ဟာ ထင်ထားတာထက် အများကြီး ပိုမိုကြီးမားလှပါတယ်။ ဘာကြောင့်လဲဆိုတော့ လူ့လောကကြီးတစ်ခုလုံးနဲ့ ပတ်သက်ဆက်နွှယ်နေတဲ့ တာဝန်ဖြစ်နေတာကိုး။

ဥပမာပြရမယ်ဆိုရင် ကျွန်တော်ဟာ အလုပ်သမားတစ်ယောက်အနေနဲ့ ကွန်မြူနစ်အလုပ်သမားသမဂ္ဂထဲကို မဝင်ဘဲ ခရစ်ယာန် အလုပ်သမားသမဂ္ဂထဲကို ဝင်လိုက်တယ်ဆိုပါစို့။ လက်မြှောက်အရှုံးပေးခြင်းဟာ အကောင်းဆုံးဖြစ်ကြောင်း၊ လူသားရဲ့နိုင်ငံတော်ဟာ သည်ကမ္ဘာမြေပေါ်မှာ မရှိကြောင်း အချက်ပြဖို့ ဝင်လိုက်တာဆိုရင် သည်လိုဝင်လိုက်ခြင်းဟာ ကိုယ်တစ်ယောက်တည်းနဲ့သာ ပတ်သက်တာမဟုတ်တော့ဘူး။ သည်အယူအဆကို ကိုယ့်ဘာသာ တစ်ယောက်တည်း ခံယူတာ မဟုတ်တော့ဘူး။ လူတိုင်း လက်မြှောက်အရှုံးပေးလိုက်ကြဖို့ ကျွန်တော်ဆန္ဒရှိတာ ဖြစ်သွားပြီ။ အကျိုးဆက်အားဖြင့် ကျွန်တော့်လုပ်ဆောင်ချက်ဟာလည်း လူ့လောကကြီးတစ်ခုလုံးရဲ့ကိုယ်စား

www.burmeseclassic.com



တာဝန်ယူလုပ်ဆောင်ချက် ဖြစ်နေပါတော့တယ်။

သည့်ထက်ပိုပြီး ပုဂ္ဂိုလ်ရေးဆန်တဲ့ကိစ္စတစ်ခုကို ပြောရမယ်ဆိုရင် ကျွန်တော်ဟာ မိန်းမယူပြီး ကလေးတွေမွေးတယ်ဆိုပါစို့။ သည်ဆုံးဖြတ်ချက်ဟာ ကျွန်တော့်ဘဝအခြေအနေ၊ ကျွန်တော့်ရဲ့ချစ်ရမ္မက်စိတ်၊ ဒါမှမဟုတ် ကျွန်တော့်ရဲ့အလိုဆန္ဒကနေ ပေါ်ပေါက်လာတာမှန်ပေမယ့် တစ်လင်တစ်မယားစနစ်ကို ကိုယ်တစ်ယောက်တည်း ကျင့်သုံးလိုက်တာမဟုတ်ဘဲ လူ့လောကကြီးတစ်ခုလုံးကိုပါ ကျင့်သုံးခိုင်းလိုက်ခြင်းဖြစ်ပါတယ်။ သည်လိုနဲ့ ကျွန်တော်ဟာ ကိုယ့်အတွက်ရော ကျန် လူသားအားလုံးအတွက်ပါတာဝန်ရှိနေပြီး ကျွန်တော်ဖြစ်ချင်တဲ့ လူသားရုပ်ပုံတစ်ခုကိုလည်း ဖန်တီးနေပါတော့တယ်။ ကိုယ့်ကိုယ်ကိုယ်ပုံဖော်ရင်း လူဆိုတာ ဘယ်လိုဖြစ်သင့်တယ်ဆိုတဲ့သဘောမျိုးနဲ့ လူကိုလည်း ပုံဖော်နေပါတယ်။

သည်အချက်က ပူပင်သောက၊ အထီးကျန်စွန့်ပစ်ခံရမှု၊ မျှော်လင့်ချက်ကင်းမဲ့မှု စတဲ့ ကြီးကြီးကျယ်ကျယ် ဝေါဟာရအသုံးအနှုန်းတွေရဲ့ ဆိုလိုချက်ကို နားလည်သဘောပေါက်အောင် လုပ်ပေးပါလိမ့်မယ်။ ဒါတွေဟာ တကယ့်ကို ရိုးရိုးစင်းစင်းတွေဖြစ်ကြောင်း မကြာခင်တွေ့လာရပါလိမ့်မယ်။

ပထမဆုံးအနေနဲ့ ပူပင်သောကဆိုတဲ့စကားလုံးရဲ့ ဆိုလိုချက်က ဘာလဲ။ ဖြစ်တည်မှုဝါဒီတွေက 'လူသည် ပူပင်သောကရောက်နေသည်'လို့ ပြောင်ပြောင်တင်းတင်းကြီး အဆိုပြုကြပါတယ်။ ဆိုလိုရင်းက သည်လိုပါ။

လူတစ်ယောက်ဟာ အလုပ်တစ်ခုကို တာဝန်ယူ လုပ်ဆောင်ရတဲ့အခါ သူ့ဘဝကိုတင် ရွေးချယ်ဆုံးဖြတ်နေတာမကဘဲ လူ့လောကကြီးတစ်ခုလုံးအတွက်ပါ တစ်ပြိုင်တည်းဆုံးဖြတ်ပြဋ္ဌာန်းပေးနေရတဲ့ ဥပဒေပြုပုဂ္ဂိုလ်ကြီးလည်း ဖြစ်နေတယ်ဆို

www.burmeseclassic.com





တာကို သူ့ဘာသာ အပြည့်အဝ သဘောပေါက်နေပါတယ်။ သည်အချိန်မျိုးမှာ လူတစ်ယောက်ဟာ ခြွင်းချက်မရှိ ကြီးမား လေးနက်တဲ့တာဝန်ကြီးကို ရှောင်မရ လွှဲမရ ရုန်းထွက်မရ သိရှိ ခံစားနေရပါတယ်။ တကယ့်လက်တွေ့မှာတော့ သည်လိုပူပင် သောကမျိုးကို ရှောင်လွှဲနေသူတွေ ဒုနဲ့ဒေး ပြည့်လို့ပါပဲ။ ဒါပေမဲ့ သည်လူတွေဟာ သူတို့ရဲ့ပူပင်သောကတွေကို ဟန်ဆောင် ဖုံး ကွယ်ထားတာရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ် ပူပင်သောက ဆီက ရုန်းခွာစွန့်ပြေးနေတာရင်လည်း ဖြစ်ရမယ်လို့ ကျွန်တော် သေချာပေါက် ပြောလိုက်ပါမယ်။

အလုပ်တစ်ခုကိုလုပ်တဲ့အခါ သည်အလုပ်ထဲမှာ ကိုယ် တစ်ယောက်တည်း ပါဝင်တာပါ၊ တခြား ဘယ်သူ့ကိုမှ မပါဝင် ခိုင်းပါဘူး။ ဒါကြောင့် သည်အလုပ်ဟာ ကိုယ့်တစ်ယောက် တည်းနဲ့သာ ပတ်သက်တဲ့အလုပ်ဖြစ်တယ်လို့ ခံယူထားသူတွေ အများအပြား ရှိကြပါတယ်။ ဒါပေမဲ့ သည်လိုလူမျိုးကို 'ခင်ဗျား လုပ်တဲ့အတိုင်း လူတကာကလိုက်လုပ်ရင် ဘာဖြစ်လာမလဲ'လို့ မေးလိုက်ရင်တော့ 'သည်အလုပ်ကို လူတိုင်းမလုပ်ပါဘူးဗျာ'လို့ ပဲ ပခုံးတွန့်ပြီး ပြန်ပြောပါလိမ့်မယ်။ ဒါပေမဲ့ တကယ်ကတော့ ကိုယ်လုပ်သလို လူတိုင်းလိုက်လုပ်ရင် ဘာဖြစ်လာမလဲဆိုတဲ့ မေးခွန်းကို ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း ပြန်မေးသင့်ပါတယ်။ သည်လို ပူပင်သောကရောက်စေတဲ့ မေးခွန်းမျိုးကနေ အလွတ် ရုန်းထွက်ပြေးနိုင်တဲ့နည်းကတော့ တစ်နည်းပဲရှိပါတယ်။ ဒါ ကတော့ ကိုယ့်ကိုယ်ကိုယ် လှည့်ပတ်လိမ်ညာတဲ့နည်းလမ်းပဲ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လိမ်ညာတဲ့နည်းလမ်းကလွဲပြီး ကျန် ဘယ်နည်းနဲ့မှ ပူပင်သောကမှ ရုန်းမထွက်နိုင်ပါဘူး။

လူတိုင်း သည်လိုမလုပ်ပါဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ် ခွင့် လွှတ် လိမ်ညာနေတဲ့သူဟာ ဘယ်တော့မှ လိပ်ပြာသန့်သန့်နဲ့

www.burmeseclassic.com



နေနိုင်မှာမဟုတ်ဘူး။ ဘယ်တော့မှ စိတ်လုံလက်လုံ နေနိုင်မှာမဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ လိမ်ညာတဲ့အလုပ် ကိုယ်တိုင်က သူလက်သင့်မခံ ငြင်းဆန်တဲ့အရာရဲ့ ယေဘုယျတန်ဖိုးကို ပြန်ပြီး ရည်ညွှန်းထောက်ခံနေတာကြောင့်ပါ။ ပူပင်သောကကို ဟန်ဆောင်ဖုံးကွယ်ထားမှုကိုယ်တိုင်က ပူပင်သောကကို ပြန်ပြီး ဖော်ပြနေပါတယ်။

သည်လိုပူပင်သောကမျိုးဟာ ကယာကဲဂေါ်ပြောတဲ့ အီဘရာဟင်ရဲ့ ပူပင်သောကမျိုးပါ။ ကောင်းကင်တမန်တော်တစ်ပါးဟာ အီဘရာဟင်ဆီကိုလာပြီး သားကိုယဇ်ပူဇော်ဖို့ ပြောပါတယ်။ 'အချင်းအီဘရာဟင်၊ သင်၏သားကို ယဇ်ပူဇော်လော့' လို့ ကိုယ်ထင်ပြပြီးပြောလာသူဟာ တကယ်ပဲ ကောင်းကင်တမန်တော်အစစ် ဖြစ်မယ်ဆိုရင်တော့ ခိုင်းတဲ့အတိုင်း လိုက်နာဆောင်ရွက်ရမှာ အမှန်ပဲ။ ဒါပေမဲ့ သည်လိုကိစ္စမျိုးမှာ လူတစ်ယောက်အနေနဲ့ စူးစမ်းစစ်ဆေးကြည့်ရမှာက ပြောလာသူဟာ ကောင်းကင်တမန်အစစ် ဟုတ်ရဲ့လားဆိုတဲ့အချက်နဲ့ ကိုယ်ကိုယ်တိုင်သည် ကောင်းကင်တမန်ရည်ညွှန်းတဲ့ အီဘရာဟင်အစစ် ဟုတ်ရဲ့လားဆိုတဲ့အချက်တွေပဲ ဖြစ်ပါတယ်။ ဘယ်မှာလဲ အထောက်အထား။

အာရုံမှောက်မှားမှုရောဂါကို ခံစားနေရတဲ့စိတ်ဝေဒနာရှင် အမျိုးသမီးတစ်ယောက်က သူဟာ တယ်လီဖုန်းကတစ်ဆင့် အမိန့်ပေးတာတွေကို ခံနေရပါတယ်လို့ ပြောပါတယ်။ တယ်လီဖုန်းဆက်တဲ့သူက ဘယ်သူလဲလို့ ဆရာဝန်ကမေးတော့ ဘုရားသခင်လို့ ပြောတာပဲလို့ အမျိုးသမီးက ပြန်ဖြေပါတယ်။တယ်လီဖုန်းဆက်သူဟာ ဘုရားသခင်ဖြစ်ကြောင်း ဘာနဲ့သက်သေပြမလဲ။

ကောင်းကင်တမန်တော်တစ်ပါး ကိုယ်ထင်ပြလာရင် သူ

www.burmeseclassic.com





ဟာ ကောင်းကင်တမန်တော်ဖြစ်ကြောင်း ဘာက သက်သေခံမှာလဲ။ အသံတွေကြားရတယ်ဆိုရင် သည်အသံတွေဟာ ငရဲပြည်ကလာတဲ့အသံတွေမဟုတ်ဘဲ ကောင်းကင်ဘုံကလာတဲ့ အသံတွေသာဖြစ်ကြောင်း ဘယ်သူ သက်သေပြနိုင်မလဲ။ သည်အသံတွေဟာမသိစိတ်ကလာတဲ့အသံတွေမဟုတ်တဲ့အကြောင်း၊ ရောဂါတစ်ခုခုကြောင့် ကြားရတာမဟုတ်တဲ့အကြောင်း ဘယ်သူ သက်သေပြနိုင်မလဲ။ သည်အသံတွေဟာ ကိုယ့်ကိုသာ ဧကန်ဧက ရည်ရွယ်ပြောဆိုတာဖြစ်ကြောင်း ဘယ်သူ သက်သေပြမလဲ။

ဒါဆိုရင် ကျွန်တော်ဟာ ကျွန်တော်စိတ်ကူး ကြံစည်ထားတဲ့ လူပုံစံကို ကျွန်တော့်ရဲ့ ကိုယ်ပိုင်ရွေးချယ် ဆုံးဖြတ်မှုတွေနဲ့ ဖန်တီးပြီး လူ့လောကကြီးတစ်ခုလုံးအတွက် ပြဋ္ဌာန်းပေးနေရတဲ့ သူ အမှန်ဖြစ်တယ်ဆိုတဲ့အချက်ကိုရော ဘယ်သူ သက်သေပြမလဲ။ ဘာသက်သေကိုမှ တွေ့ရမှာမဟုတ်ပါဘူး။ ဘယ်တော့မှလည်း တွေ့ရမှာမဟုတ်ပါဘူး။ ကျွန်တော် သဘောပေါက်လက်ခံလာအောင်လုပ်ပေးမယ့် နိမိတ်လက္ခဏာရယ်လို့လည်း တစ်ခုမှမရှိပါဘူး။ အသံတစ်သံက ကျွန်တော့်ကို စကားပြောလာရင် သည်အသံဟာ ကောင်းကင်တမန်တော်ရဲ့အသံ ဟုတ်မဟုတ်ကို ဆုံးဖြတ်ရမယ့်သူဟာ ကျွန်တော်ကိုယ်တိုင်သာ ဖြစ်ပါတယ်။ လုပ်ရပ်တစ်ခုကို ကောင်းတယ်လို့ ကျွန်တော် သတ်မှတ်ရင် သည်လုပ်ရပ်ဟာ ကောင်းတယ်။ မဆိုးဘူးလို့ပြောဖို့ ရွေးချယ်ဆုံးဖြတ်ရမယ့်သူဟာ ကျွန်တော်သာ ဖြစ်ပါတယ်။

ကျွန်တော် အီဘရာဟင်ဖြစ်ကြောင်း သက်သေပြစရာမရှိ ပါဘူး။ ဒါပေမဲ့ လူ့လောကကြီးအတွက် စံနမူနာဖြစ်ရမယ့် အလုပ်တွေကိုတော့ အချိန်နဲ့အမျှ ရှောင်မရတိမ်းမရ လုပ်ဆောင်နေရပါတယ်။ ကျွန်တော် လုပ်သမျှအရာတိုင်းကို လူ့

www.burmeseclassic.com



လောကကြီးတစ်ခုလုံးက မျက်လုံးဒေါက်ထောက်ကြည့်နေမယ်၊ ပြီးတော့ သည်အလုပ်တွေကို စည်းမျဉ်းလိုသုံးပြီး သူ့ကိုယ်သူ ထိန်းကွပ်နေပါတယ်။ လူမှန်သမျှအတွက် သည်အတိုင်းချည်း ဖြစ်နေတာပါ။

ဒါကြောင့် ကိုယ်ကိုယ်ကိုယ် ပြန်မေးရမယ့်မေးခွန်းရှိတယ်။ ငါလုပ်တဲ့အလုပ်တွေဟာ လူ့လောကကြီးအတွက် စည်းမျဉ်းတွေပဲ။ လူ့လောကကြီးဟာ သည်စည်းမျဉ်းတွေနဲ့ သူ့ကိုယ်သူ ထိန်းကွပ်နေရပါလားဆိုတဲ့အသိနဲ့ လုပ်နိုင်တဲ့သူတစ်ယောက် ဟုတ်မဟုတ် ကိုယ့်ကိုယ်ကိုယ် ပြန်မေးရပါမယ်။ သည်မေးခွန်းကို မမေးနိုင်သူဟာ သူ့မှာရှိတဲ့ပူပင်သောကို ရုပ်ဖျက်ဖုံးကွယ်နေသူပဲ ဖြစ်ပါတယ်။

ယခုပြောနေတဲ့ ပူပင်သောကဟာ ဘာအလုပ်မှမလုပ်ဘဲ ငြိမ်ဝပ်နေရေး ဒါမှမဟုတ် အကြိယစျာန်ဝင်စားရေးဆီကို ဦးတည်ရောက်ရှိသွားစေမယ့် ပူပင်သောကမျိုး မဟုတ်ဘူးဆိုတာ တော့ ထင်ရှားပါတယ်။ ကျွန်တော်ပြောနေတဲ့ ပူပင်သောက က ရိုးရိုးလေးပါ။ ဘာမှရှုပ်ထွေးမှုမရှိတဲ့ ပူပင်သောက သန့်သန့် လေးပါ။ တာဝန်တစ်ခုခုယူထားရသူတိုင်း ရင်းနှီးကျွမ်းဝင်ပြီးသား ပူပင်သောကမျိုးပါ။ ဥပမာပြရမယ်ဆိုရင် တပ်မှူးတစ်ယောက် ဟာ တိုက်ပွဲတစ်ပွဲကို တာဝန်ယူတိုက်ခိုက်ရင်း တပ်သား တော် တော်များများ ကျဆုံးကုန်တယ်ဆိုပါစို့။ သည်အခြေအနေကို သူပဲ ရွေးချယ်ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ သူတစ်ဦးတည်းရွေး ချယ် ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ တပ်မှူးဟာ အထက်အမိန့်အရ ဆောင်ရွက်ရတာတော့ မှန်ပါတယ်။ ဒါပေမဲ့ အထက်အမိန့် ဆိုတာတွေက ယေဘုယျဆန်ဆန်တွေပါ။ သည်အမိန့်တွေကို အဓိပ္ပာယ် တိတိကျကျ ဖွင့်ဆိုပေးဖို့ လိုပါသေးတယ်။ သည် အလုပ်ကို တပ်မှူးကလုပ်ရမှာပါ။ သူ့ရဲ့ ဖွင့်ဆိုချက်အပေါ် မှီပြီး

www.burmeseclassic.com



လူဆယ်ယောက် သေချင်သေမယ်၊ လူ ဆယ့်လေးယောက် သေချင်သေမယ်။ သည်တော့ ဆုံးဖြတ်ချက်ချရတဲ့အခါမှာ တပ်မှူးအနေနဲ့ ပူပင်သောကကို သေချာပေါက် ခံစားရမှာဖြစ်တယ်။ ရှောင်လွှဲလို့ မရပါဘူး။

သည်လိုပူပင်သောကမျိုးကို ခေါင်းဆောင်လုပ်သူတိုင်း သိကြပါတယ်။ သည်ပူပင်သောကဟာ သူတို့အလုပ်ကို မနှောင့်ယှက် မဟန့်တားပါဘူး။ မနှောင့်ယှက် မဟန့်တားတဲ့အပြင် အထောက်အပံ့တောင် ပေးနေပါသေးတယ်။ ပူပင်သောကဟာ အလုပ်ရဲ့ တကယ့်အကြောင်းအထောက်အပံ့ပါ။ ပူပင်သောကဟာ အလုပ်လုပ်နိုင်ဖို့အတွက် မရှိမဖြစ်တဲ့ ကြိုတင်လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရွေးချယ်စရာအလားအလာတွေ အများအပြားရှိမှ အလုပ်ဆိုတာကလည်း ရှိမှာဖြစ်လို့ပါပဲ။ နောက်ပြီး သည်လို ရွေးချယ်စရာအများအပြားအနက်က တစ်ခုခုကိုရွေးချယ်လိုက်တဲ့အခါမှာ အရွေးချယ်ခံအရာဟာ အရွေးချယ်ခံရတာကြောင့်ပဲ တန်ဖိုးရှိသွားတာကို ခေါင်းဆောင်တွေ သဘောပေါက်နေလို့ပါပဲ။

ဖြစ်တည်မှုဝါဒက တင်ပြနေတာ သည်လိုပူပင်သောကမျိုးပါ။ ပတ်သက်ရာပတ်သက်ကြောင်း တခြားလူတွေအတွက် တိုက်ရိုက်တာဝန်ရှိမှုဆိုတဲ့အရာနဲ့ ထင်ရှားအောင် ရှင်းလင်းပြနေတာ သည်ပူပင်သောကမျိုးပါ။ သည်ပူပင်သောကမျိုးဟာ ကျွန်တော်တို့ကို အလုပ်နဲ့သီးခြားဖြစ်သွားအောင် ခွဲခြားပိုင်းကန့်ပစ်မယ့် ကြားခံအတားအဆီးမျိုး မဟုတ်ပါဘူး။ အလုပ်အတွက် တကယ့်လိုအပ်ချက်ကြီးသာ ဖြစ်ပါတယ်။

ဟိုက်ဒဂ္ဂါးရဲ့ လက်စွဲစကားလုံးဖြစ်တဲ့ 'အထီးကျန်စွန့်ပစ်ခံရမှု'အကြောင်း ကျွန်တော်တို့ပြောတဲ့အခါမှာ ထာဝရဘုရားသခင်ဆိုတာ မရှိတဲ့အကြောင်း၊ ဒါကြောင့် ဘုရားသခင်မရှိခြင်း

www.burmeseclassic.com



ရဲ့ အကျိုးဆက်မှန်သမျှကို တစ်စမကျန် လက်ခံရင်ဆိုင်ဖို့ လိုကြောင်း ဆိုလိုရင်း ဖြစ်ပါတယ်။ ဘုရားသခင်ကို ဖြစ်ကတတ်ဆန်း ချေဖျက်ဖို့ကြိုးစားတဲ့ လောကီကိုယ်ကျင့်တရားဝါဒမျိုးကိုတော့ ဖြစ်တည်မှုဝါဒီတွေက အပြင်းအထန်ဆန့်ကျင်ပါတယ်။ ၁၈၈၀ခုနှစ်လောက်မှာ ပြင်သစ်သုခမိန်ကြီးများဟာ သည်လိုလောကီကိုယ်ကျင့်တရားဝါဒတစ်ခုကို ပုံသေနည်းထုတ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ သည်လိုကြိုးစားကြရာမှာ သုခမိန်ကြီးများက သည်လိုပြောပါတယ်။

ထာဝရဘုရားသခင်ဟာ အသုံးမဝင်လှတဲ့အပြင် စရိတ်စကကြီးလွန်းလှတဲ့ အယူအဆတစ်ခုမျှသာ ဖြစ်ပါတယ်တဲ့။ ဒါကြောင့် ဘုရားသခင်ကို ဘေးဖယ်ပစ်ရမယ်တဲ့။ ဒါပေမဲ့ ကိုယ်ကျင့်တရားတို့၊ လူ့အဖွဲ့အစည်းတို့၊ ဥပဒေစိုးမိုးတဲ့လောကတို့ ရှိဖို့အတွက်ကတော့ စံပြကျင့်ဝတ်ဆိုတဲ့ တန်ဖိုးတရားတွေကို အလေးဂရုပြုဖို့ အရေးကြီးတယ်တဲ့။ ရိုးသားဖြောင့်မတ်ဖို့၊ မလိမ်ညာဖို့၊ ကိုယ့်ဇနီးကို မရိုက်နှက်မနှိပ်စက်ဖို့၊ ကိုယ့်သားသမီးတွေကို ပြုစုစောင့်ရှောက်ဖို့ စတဲ့ကျင့်ဝတ်တွေကို ဘာမှ စဉ်းစားဆင်ခြင်စရာမလိုဘဲ လိုက်နာကျင့်သုံးရမယ်တဲ့။ ဒါကြောင့် ဘုရားသခင်ဆိုတာမရှိပေမယ့် သည်စံပြကျင့်ဝတ်ဆိုတဲ့ တန်ဖိုးတရားတွေကတော့ အသိဉာဏ် ကောင်းကင်ဘုံကြီးထဲမှာ ကမ္ပည်းရေးထိုးထားပြီး မပျောက်မပျက် တည်ရှိနေတယ်ဆိုတာကို ပြနိုင်ဖို့အတွက်သာ နည်းနည်းပါးပါး လုပ်ကြရမှာဖြစ်တယ်တဲ့။

တစ်နည်းပြောရရင်တော့ ထာဝရဘုရားသခင်မရှိပေမယ့် ဘာမှပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ ရိုးသားမှုစံတွေ၊ တိုးတက်မှုစံတွေ၊ လူ့လောကစံတွေကို ပြန်လည်တွေ့ရှိကြမှာ ဖြစ်တယ်။ ဒါကြောင့် သူ့ဘာသာအသုံးမထွက်ဘဲ အသက်ကုန်သွားမယ့် ခေတ်ဆွေးအယူအဆတစ်ခုဖြစ်တဲ့ ထာဝရဘုရားသခင်

www.burmeseclassic.com




ဆိုတာကြီးကို ဖယ်ရှားပစ်ရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ပြင်သစ်ပြည်က အမြစ်လှန်ပြောင်းလဲရေး (Radicalism)မှန်သမျှရဲ့ဆိုလိုချက်လို့ပဲ ကျွန်တော်ယုံကြည်ပါတယ်။

ဖြစ်တည်မှုဝါဒီကတော့ သည်သုခမိန်ကြီးများနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ထာဝရဘုရားသခင်သာ မရှိတော့ဘူးဆိုရင် တော်တော်ကြီး အခက်ကြုံရလိမ့်မယ်လို့ မြင်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ အသိဉာဏ်ကောင်းကင်ဘုံကြီးထဲမှာ ကျွန်တော်တို့လူသားများအတွက် စံပြကျင့်ဝတ်ဆိုတဲ့ တန်ဖိုးတရားတွေကို ရှာဖွေဖို့ အလားအလာမှန်သမျှဟာ ဘုရားသခင်နဲ့အတူ တစ်ပါတည်းပျောက်ကွယ်သွားမှာ ဖြစ်လို့ပါပဲ။ ကောင်းမြတ်ခြင်းတရားဆိုတာကို စဉ်းစားဆင်ခြင်တော်မူမယ့် သိစပ်မြင်နှံ့တော်မူသော ဘုရားသခင် မရှိတော့တဲ့နောက်တော့ နဂိုကတည်းက တည်ရှိရမယ်ဆိုတဲ့ ကောင်းမြတ်ခြင်းတရားတွေလည်း ဘယ်မှာ ရှိနိုင်ပါတော့မလဲ။ ကောင်းမြတ်ခြင်းတရားဆိုတာ အမှန်တကယ် တည်ရှိပါတယ်လို့ ဘယ်နေရာမှာမှ ကမ္ပည်းထိုးထားခြင်းမရှိပါဘူး။ ရိုးသားဖြောင့်မတ်ရမယ်၊ မလိမ်ညာရဘူးလို့ ဘယ်နေရာမှာမှ ကျောက်စာရေးထားတာမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ယခုနေထိုင်နေရတဲ့နေရာက လူတွေချည်းသာရှိတဲ့နေရာ ဖြစ်တာကြောင့်ပါပဲ။

**ထာဝရဘုရားသခင်သာမရှိလျှင် ဘာကိုမဆိုလုပ်ခွင့်ရကြတော့မည်** လို့ ရုရှားစာရေးဆရာကြီး ဒိုစတော့ယက်စကီးက ရေးဖူးပါတယ်။ သည်အယူအဆဟာ ဖြစ်တည်မှုဝါဒရဲ့ ရေသောက်မြစ်ဖြစ်ပါတယ်။ ထာဝရဘုရားသခင်သာ မရှိတော့ဘူးဆိုရင် တကယ်ပဲ ဘယ်အရာမဆို လုပ်ခွင့်ရလာတော့မှာပါ။အကျိုးဆက်အနေနဲ့ လူသားဟာလည်း အထီးကျန်စွန့်ပစ်တာ ခံရပါတော့

www.burmeseclassic.com



တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူသားဟာ သူ့ရဲ့အတွင်းမှာရော အပြင်မှာပါ အားကိုးစရာကို မတွေ့နိုင်တော့ဘဲ ဖြစ်သွားတော့ တာကိုး။ နောက်ပြီး သူလုပ်သမျှအလုပ်တွေကို သူတာဝန်မယူရ အောင် ကင်းလွတ်ခွင့်ရစေမယ့် တခြား အကြောင်းပြစရာတွေ လည်း မရှိတော့ကြောင်း ချက်ချင်း သိမြင်သွားပါတော့တယ်။

ဖြစ်တည်မှုဟာ အနှစ်သာရထက် အရင်ကျတယ်ဆိုရင် နဂိုရှိနှင့်ပြီးသား လူ့သဘာဝဆိုတာကိုအကြောင်းပြပြီးကိုယ်လုပ် တဲ့အလုပ်တွေကို ရှင်းလင်းဖွင့်ဆိုလို့ မရနိုင်တော့ပါဘူး။ တစ် နည်းပြောရရင်တော့ ကြိုတင် စီမံပြဋ္ဌာန်းချက်ရယ်လို့ မရှိပါဘူး။ လူဟာ လွတ်လပ်ပါတယ်။ လူဟာ လွတ်လပ်မှုဖြစ်ပါတယ်။

တစ်ဖက်ကကြည့်ပြန်တော့လည်း ထာဝရဘုရားသခင်ဆို တာ မရှိဘူးဆိုရင် ကျွန်တော်တို့ အလုပ်တွေနဲ့ပတ်သက်ပြီး တရားနဲ့ညီပါပေတယ်၊ မှန်ကန်သင့်မြတ်ပါပေတယ်လို့ ထောက် ခံပေးမယ့် စံပြကျင့်ဝတ်တန်ဖိုးတရားတွေ၊ အမိန့်ပညတ်ချက် တွေပေးသနားတာကို ကျွန်တော်တို့ မခံကြရတော့ပြန်ဘူး။ ဒါ ကြောင့် လင်းလက်တောက်ပနေတဲ့ တန်ဖိုးတရားလောကကြီး အတွင်းမှာ ကိုယ့်အလုပ်ကို ထောက်ခံပေးမယ့်နည်းလမ်း၊ ကိုယ့် အလုပ်ကို တာဝန်ယူရတဲ့အဖြစ်မှ ကင်းလွတ်ခွင့်ပေးမယ့်နည်း လမ်း ဘယ်နည်းလမ်းကိုမှ ကျွန်တော်တို့ရထားတာ မရှိဘူး။ ကျွန်တော်တို့ရှေ့မှာလည်း မရှိဘူး။ နောက်မှာလည်းမရှိဘူး။

ကျွန်တော်တို့ဟာ ကင်းလွတ်ခွင့်လုံးဝမရှိဘဲ အထီးကျန် စွန့်ပစ်တာကို ခံနေကြရပါတယ်။ လူသည် လွတ်လပ်ခြင်းဒဏ် အတပ်ခံနေရသည်လို့ ကျွန်တော်ပြောတာ သည်အဓိပ္ပာယ်နဲ့ ပြောနေတာပါ။ လူဟာ သူ့ကိုယ်သူ လူအဖြစ်ရောက်အောင် ဖန်တီးခဲ့တာမဟုတ်ဘူး။ ဒါပေမဲ့ သူဟာ လုံးဝလွတ်လပ်နေ တယ်။ နောက်ပြီး သည်ကမ္ဘာကြီးအတွင်း အစွန့်ပစ်ခံရတဲ့

www.burmeseclassic.com





အချိန်ကစပြီး သူလုပ်သမျှအလုပ်တိုင်းအတွက် တာဝန်ယူနေရတယ်။ ဒါကြောင့် လွတ်လပ်ခြင်းဒဏ် အတပ်ခံနေရတယ်လို့ ပြောခြင်းပါပဲ။

ဖြစ်တည်မှုဝါဒဟာ ရမ္မက်စိတ်ရဲ့အင်အားကိုလည်း အယုံအကြည်မရှိပါဘူး။ ကံကြမ္မာကဖန်တီးလိုက်သလိုမျိုး လူတစ်ယောက်ကို တချို့အလုပ်တွေထဲ ထိုးကျသွားအောင် သယ်ဆောင်သွားတဲ့ရေစီးကြမ်းကြီးတစ်ခုလို ရမ္မက်ကို မယူဆပါဘူး။ ကိုယ်လုပ်မိတဲ့ အလုပ်တွေအတွက် ခွင့်လွှတ်ပေးစရာ အကြောင်းပြချက်အဖြစ် ရမ္မက်စိတ်ကို မသတ်မှတ်ပါဘူး။ လူသားဟာ သူ့ရဲ့ ရမ္မက်စိတ်အတွက်လည်း သူ့ဘာသာတာဝန်ယူရမှာဖြစ်တယ်လို့ ဖြစ်တည်မှုဝါဒက ခံယူပါတယ်။

လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်ဖို့အတွက် အကူအညီအဖြစ် ထာဝရဘုရားသခင်က ပေးသနားတော်မူတဲ့ နိမိတ်လက္ခဏာတွေကို သည်ကမ္ဘာပေါ် မှာတွေ့အောင် ရှာနိုင်တယ်လို့ ဖြစ်တည်မှုဝါဒီက မယူဆပါဘူး။ လူသားဟာ နိမိတ်လက္ခဏာကို သူ့ဘာသာရွေးချယ်ယူပြီး သူ့ဘာသာအနက်ကောက်နေခြင်းဖြစ်တယ်လို့ ဖြစ်တည်မှုဝါဒီက ယူဆပါတယ်။ ဖရန်စစ်ပွန်ဂေးက သူ့ရဲ့ ပြောင်မြောက်တဲ့ဆောင်းပါးတစ်ပုဒ်မှာရေးသားထားသလိုပါပဲ။ **လူသည်ပင် လူ၏အနာဂတ်ဖြစ်၏**တဲ့။ သည်စကားဟာ အပိုအလိုမရှိ ကွက်တိမှန်ကန်တဲ့စကားဖြစ်ပါတယ်။ လူသား၏အနာဂတ်သည် ကောင်းကင်ဘုံတွင် အသင့်စီမံပြီးဖြစ်သည်။ ယင်းကို ဘုရားသခင်က သိထားပြီးဖြစ်သည်လို့ သည်စကားကို အနက်ဖွင့်လိုက်ရင်တော့ အမှားကြီးမှားသွားပါလိမ့်မယ်။ အနာဂတ်လို့လည်းပြောရဲ့၊ ရှိနှင့်ပြီးသားဖြစ်သည်လို့လည်းပြောရဲ့ အနာဂတ်စစ်စစ်မှ မဟုတ်တော့ပဲကိုး။ သည်လိုမဟုတ်ဘဲ **လူသည် လက်ရှိအချိန်တွင် ဘယ်သို့**

www.burmeseclassic.com



**ဖြစ်စေကာမူ သူ့ကိုစောင့်စားနေသော ပုံဖော်စရာအနာဂတ် တစ်ခု၊ အသစ်စက်စက်အနာဂတ်တစ်ခု ရှိနေသည်**လို့ အနက်ဖွင့်ပါမှ မှန်ကန်တဲ့စကားအဖြစ်ကို ရောက်ပါမယ်။ ဒါပေမဲ့ ယခုအချိန်မှာတော့ လူသားဟာ လျစ်လျူရှုခံနေရပါတယ်။

အထီးကျန်စွန့်ပစ်ခံရမှုဆိုတဲ့ အခြေအနေကို ပိုပြီး နားလည်သဘောပေါက်အောင် သာဓကတစ်ခုအနေနဲ့ ကျွန်တော့်ဆီရောက်လာတဲ့ တပည့်တစ်ယောက်အကြောင်းကို ပြောပြပါမယ်။ သူ့ဘဝအခြေအနေက သည်လိုပါ။ သူ့အဖေနဲ့အမေက မတည့်ပါဘူး။ သူ့အဖေက ရန်သူ့ဘက်တော်သား လုပ်ချင်နေပါတယ်။ သူ့အစ်ကိုက ၁၉၄၀ခုနှစ် ဂျာမန်ကျူးကျော်စစ်ပွဲမှာ အသတ်ခံခဲ့ရပါတယ်။ ကျွန်တော့်တပည့်ကလေးဟာ စိတ်သဘောကောင်းပေမယ့် နုနယ်ပါသေးတယ်။ ရင့်ကျက်မှုမရှိသေးပါဘူး။ သည်တော့ သူ့အစ်ကိုအတွက် လက်စားချေချင်စိတ်က ဟုန်းဟုန်းတောက်နေပါတယ်။ သူ့အမေက ယောကျ်ားဖြစ်သူ သစ္စာဖောက်တစ်ပိုင်းဖြစ်နေတာကို စိတ်နာပြီး သူ့ဆီကိုလာနေပါတယ်။ သားကြီးဖြစ်သူ သေသွားတာကြောင့်လည်း စိတ်ထိခိုက်ကြေကွဲနေတာမို့ ဖြေဆည်စရာဆိုလို့ သည်သားငယ်လေးတစ်ယောက်ပဲ ရှိတော့တာပေါ့။ သည်အချိန်မှာပဲ ကျွန်တော့်တပည့်ဟာ တစ်ခုခုကိုရွေးချယ်ဆုံးဖြတ်ရတော့မယ့် အနေအထားကို ရောက်လာပါတယ်။

ပြင်သစ်လွတ်မြောက်ရေးတပ်ဖွဲ့ထဲဝင်ဖို့အတွက် သည်တပ်ဖွဲ့တွေရှိရာ အင်္ဂလန်နိုင်ငံကိုပဲသွားရမှာလား။ ဒါမှမဟုတ် အမေဖြစ်သူရဲ့အနားမှာနေပြီး သားကောင်းတစ်ယောက်အဖြစ် ဖေးမ ကူညီနေရမှာလား။ အမေဟာ သူ့အတွက် သက်သက်အသက်ရှင်နေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် သူမရှိတော့ရင်ဖြစ်ဖြစ်၊ သူသေသွားရင်ဖြစ်ဖြစ် အမေဟာ မျှော်လင့်ချက်ကင်းမဲ့

www.burmeseclassic.com





တဲ့ဘ၀ကို ကျရောက်သွားပါလိမ့်မယ်။ ဒါကို သူ သဘောပေါက်နားလည်နေပါတယ်။ အမေ့ကို ကူညီဖေးမတဲ့အလုပ် မှန်သမျှမှာ အမေရဲ့အသက်ရှင်သန်မှုကို ထောက်ကူတဲ့ အကျိုးတရားတွေ သေချာပေါက်ရှိပေမယ့် စစ်ထဲဝင်တဲ့အလုပ်မှာတော့ သဲထဲ ရေသွန်သလို ဘာအကျိုးမှမရှိဘဲ ဖြစ်သွားနိုင်တယ်၊ မသေချာ မရေရာတဲ့အလုပ် ဖြစ်သွားနိုင်တယ် ဆိုတာကိုလည်း သူ သဘောပေါက်နေပြန်တယ်။ ဥပမာ အင်္ဂလန်ကိုသွားမယ်ဆိုရင် စပိန်ကို ဖြတ်ပြီးသွားရမယ်။ သည်အခါ စပိန်ကစခန်း တစ်ခုခုမှာ မရေမရာစောင့်နေရမှာတွေ၊ နောက်ပြီး အင်္ဂလန် ဒါမှမဟုတ် အယ်လ်ဂျီးရီးယားကိုရောက်ပြန်ရင်လည်း ရုံးတစ်ခုခုမှာဝင်ပြီး ပုံစံစာရွက်တွေဖြည့်ရဦးမှာတွေ စသည်ဖြင့် ရှိနေပါတယ်။ သည်လိုနဲ့ ကျွန်တော့်တပည့်ဟာ အလွန်ခြားနားတဲ့ အလုပ်နှစ်မျိုးနဲ့ ရင်ဆိုင်နေရရှာတယ်။ အလုပ်တစ်ခုက သေချာတယ်၊ ခိုင်မာတယ်။ ချက်ချင်းလက်ငင်း အကျိုးပေးမယ်။ ဒါပေမဲ့ လူသားတစ်ယောက်တည်းအတွက်ပဲ ဖြစ်နေတယ်။ နောက်အလုပ်ကတော့ တစ်မျိုးသားလုံးအတွက် ဖြစ်တယ်။ ရည်ရွယ်ချက်က တိုင်းတာလို့မရအောင် ပိုကြီးမားတယ်။ ဒါကြောင့်လည်း သည်အလုပ်က မသေချာ မရေရာ ဖြစ်နေတယ်။ လမ်းခုလတ်မှာတင် ပျက်စီးသွားနိုင်တယ်။

ကျွန်တော့်တပည့်လေးဟာ ကိုယ်ကျင့်တရားနှစ်မျိုးကြား မှာ ချီတုံချတုံဖြစ်နေရှာတယ်။ တစ်ဖက်မှာက တစ်သီးပုဂ္ဂလဆိုင်ရာ ကူညီပံ့ပိုးမှုတွေနဲ့ မေတ္တာကရုဏာတွေနဲ့ပြီးတဲ့ ကိုယ်ကျင့်တရား။ နောက်တစ်ဖက်မှာက ပိုပြီးကျယ်ပြန့်တဲ့ ကိုယ်ကျင့်တရား။ သည်ကိုယ်ကျင့်တရားနှစ်ခုအနက်က တစ်ခုကို သူ ရွေးချယ်ရပါမယ်။ သည်လိုရွေးချယ်ရာမှာ ဘာက အကူအညီပေးနိုင်မလဲ။ ခရစ်ယာန်ဘာသာက အကူအညီပေးနိုင်မလား။ မပေးနိုင်ပါဘူး။ ခရစ်ယာန်

www.burmeseclassic.com



ဘာသာက **ပေးကမ်းစွန့်ကြဲပါ၊ အလှူဒါန ပြုကြပါ၊ ကိုယ့်အိမ်နီးချင်းကို ချစ်ခင်ပါ၊ မိမိကိုယ်ကို အနစ်နာခံပါ၊ အခက်ခဲဆုံးလမ်းကို ရွေးချယ်ပါ** စသည်ဖြင့် ဟောပြောပါတယ်။ သို့ပေမယ့် ပိုပြီးခက်ခဲတဲ့လမ်းဆိုတာ ဘယ်လမ်းလဲ။ ဘယ်သူ့အပေါ်မှာ ပိုပြီး မေတ္တာထားရမလဲ။ အမေ့အပေါ်မှာလား။ မျိုးချစ်ရဲဘော်တွေ အပေါ်မှာလား။ ပိုပြီး အကျိုးရှိတဲ့ ရည်ရွယ်ချက်ဆိုတာ ဘယ်ဟာလဲ။ တစ်မျိုးသားလုံးအတွက် ရည်ရွယ်ချက်လား။ သီးသန့်ပုဂ္ဂိုလ် တစ်ယောက် အသက်ဆက် ရှင်သန်နိုင်ရေးအတွက် ရည်ရွယ်ချက်လား။ ဒါကို ဘယ်သူက ကြိုတင်ပြီး အဆုံးအဖြတ်ပေးနိုင်မလဲ။ ဘယ်သူမှမပေးနိုင်ပါဘူး။ ဘယ်နီတိ ကျမ်းထဲမှာမှလည်း အဖြေပေးမထားပါဘူး။

အခြားလူတစ်ယောက်ကို နည်းလမ်းတစ်ခုအဖြစ်နဲ့ မသတ်မှတ်ပါနဲ့၊ ပန်းတိုင်အဖြစ်သာသတ်မှတ်ပါလို့ ကန့်ရဲ့ နီတိပညာက ဆိုပါတယ်။ ကောင်းပြီ။ ကျွန်တော်ဟာ ကျွန်တော့် အမေနဲ့အတူ နေလိုက်မယ်ဆိုရင် အမေ့ကို နည်းလမ်းတစ်ခု အဖြစ်မဟုတ်ဘဲ၊ ပန်းတိုင်တစ်ခုအဖြစ် သတ်မှတ်ရပါမယ်။ သည်လိုဆိုရင် တိုင်းပြည် လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသူတွေကို နည်းလမ်းအဖြစ်သတ်မှတ်လိုက်ပြီး ကိုယ့် ကိုယ်ကျိုးအတွက် ခုတုံးလုပ်လိုက်တာပဲ ဖြစ်သွားတာပေါ့။ ပြောင်းပြန် လုပ်ကြည့်လိုက်ရင်လည်း မထူးပါဘူး။ တိုက်ပွဲဝင်ရဲဘော်တွေ ကိုသွားကူညီလိုက်မယ်ဆိုရင် အမေ့ကိုနည်းလမ်းတစ်ခုအဖြစ် ပြုမူလိုက်ပြီး ရဲဘော်တွေကိုတော့ ပန်းတိုင်လုပ်ရတော့မှာပေါ့။

ကျင့်ဝတ်တွေဟာ ယခုသုံးသပ်ကြည့်နေတဲ့ကိစ္စလို အမှန်တကယ်ရှိနေတဲ့ သီးသန့်ကိစ္စမျိုးကို အဆုံးအဖြတ်မပေးနိုင်လောက်အောင် ခိုင်မာမှုမရှိဘဲ စိတ္တဇဆန်လွန်းနေရင်၊ မသေချာလွန်းနေရင် ကိုယ့်ဗီဇစိတ်ကို အားကိုးယုံကြည်ရုံကလွဲပြီး

www.burmeseclassic.com



တခြားအားကိုးယုံကြည်စရာ ဘာမှရှိတော့မှာ မဟုတ်ဘူး။ ကျွန်တော့်တပည့်လေး အားကိုးယုံကြည်ဖို့လုပ်နေတာဟာလည်း သည်ဗီဇစိတ်ပါပဲ။ ကျွန်တော်နဲ့တွေ့တော့ သူက 'နောက်ဆုံးတော့ဆရာရယ် ခံစားချက်က အခရာပါ။ ခံစားချက်က တွန်းပို့တဲ့ဘက်ကိုပဲ ကျွန်တော်ရွေးချယ်ရမှာပါ။ အစ်ကို့အတွက် လက်စားချေချင်တာတို့ စစ်ထဲဝင်ပြီး စွန့်စားချင်တာတို့ ဒါတွေ အားလုံးကို စွန့်လွှတ်ပစ်နိုင်လောက်အောင် အမေ့ကိုချစ်တယ်လို့ ခံစားရရင် ကျွန်တော့်အဖို့ အမေနဲ့နေရုံပဲပေါ့။ သည်လိုမဟုတ်ဘဲ ဒါတွေကိုစွန့်ပစ်နိုင်လောက်တဲ့အထိ အမေ့ကိုမချစ်ဘူးဆိုရင်တော့ စစ်ထဲဝင်လိုက်ရုံပဲ'လို့ ပြောပါတယ်။

ဒါပေမဲ့ ခံစားချက်တစ်ခုရဲ့အင်အား၊ ခံစားချက်တစ်ခုရဲ့ ပမာဏကို ဘယ်လိုနည်းနဲ့ တိုင်းတာခန့်မှန်းမလဲ။ အမေ့ကို ချစ်တဲ့စိတ်ကို အမေ့အနားမှာ နေထိုင်နေတဲ့အချက်နဲ့သာ တိတိကျကျ တိုင်းတာဆုံးဖြတ်နိုင်ပါမယ်။ သူငယ်ချင်းတစ်ယောက်ကို ငွေအများကြီး အကုန်အကျခံပြီး ချစ်တယ်လို့ ကျွန်တော်ပြောနိုင်ပါမယ်။ ဒါပေမဲ့ တကယ် ငွေအကုန်အကျမခံသေးဘဲနဲ့တော့ သည်စကားမှန်ပါတယ်လို့ သက်သေမပြနိုင်ပါဘူး။ အမေ့အနားနေတဲ့အထိ အမေ့ကိုချစ်တယ်လို့ ပြောနိုင်ဖို့အတွက် အမေ့အနားမှာ တကယ်လက်တွေ့နေပြပြီးမှ ဖြစ်နိုင်ပါမယ်။ သည်လိုမှမဟုတ်ရင် မပြောနိုင်ပါဘူး။

ချစ်မေတ္တာတစ်ခုရဲ့အင်အားကို တိုင်းတာနိုင်ဖို့အတွက် သည်ချစ်မေတ္တာကို သက်သေထူပြပြီးတဲ့အလုပ်ကို လုပ်ပြီးတဲ့နောက်မှ ဖြစ်နိုင်ပါမယ်။ သည်လိုမဟုတ်ဘဲ ကိုယ့်အလုပ်မှန်ကန်ကြောင်း သက်သေထူဖို့အတွက် ချစ်မေတ္တာကို အားကိုးနေမယ်ဆိုရင်တော့ ဂျာအေးသီချင်းလို ချာချာလည်နေမှာပဲ။

စာရေးဆရာကြီးအင်ဒရေဇီ သေသေချာချာပြောခဲ့တဲ့

www.burmeseclassic.com



စကားလိုပါပဲ။ ဟန်ဆောင်ခံစားချက်နဲ့ တကယ့်ခံစားချက်တို့ဟာ ခွဲခြားဖို့ခက်ခဲတဲ့ အရာတွေပါ။ အမေ့ကိုချစ်တယ်ဆိုပြီး အမေ့အနားမှာနေဖို့ဆုံးဖြတ်တာနဲ့ ချစ်သယောင်ဟန်ဆောင်ပြီး အမေ့အနားမှာနေပြတာဟာ သိပ်မကွာခြားလှပါဘူး။ တစ်နည်းပြောရရင်တော့ အလုပ်ကပဲ ခံစားချက်ကိုဖန်တီးလိုက်တာဖြစ်ပါတယ်။ ဒါကြောင့် ခံစားချက်ကို အလုပ်အတွက်လမ်းညွှန်အဖြစ် အားကိုးလို့မရနိုင်ပါဘူး။ ဆိုလိုတာကတော့ အလုပ်လုပ်ဖို့ နှိုးဆော်နေတဲ့ လှုံ့ဆော်မှုအစစ်အမှန်ကို ကိုယ့်ရဲ့အတွင်းအဖွဲ့တွေမှာ ရှာဖွေလို့မရနိုင်သလို အလုပ်လုပ်နိုင်အောင် အားပေးမယ့်ပုံသေနည်းတွေကိုလည်း ကျင့်ဝတ်နီတိပညာတွေဆီက မျှော်လင့်လို့မရနိုင်ပါဘူး။

လူငယ်ကတော့ အနည်းဆုံး ပါမောက္ခတစ်ယောက်ဆီသွားပြီး အကြံဉာဏ်တောင်းတယ်မဟုတ်လားလို့ ခင်ဗျားတို့ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့အနေနဲ့ အကြံတောင်းမယ်ဆိုရင်တောင် ဥပမာအားဖြင့် ဘုန်းကြီးတစ်ပါးဆီသွားပြီး အကြံတောင်းမယ်ဆိုရင်တောင် သည်လိုအကြံသွားတောင်းမယ့် ဘုန်းတော်ကြီးကိုတော့ ကိုယ့်ဘာသာ ရွေးချယ်လိုက်တာသာ ဖြစ်ပါတယ်။ ကိုယ်ရွေးချယ်လိုက်တဲ့ ဘုန်းကြီးဆီက ဘယ်လိုအကြံဉာဏ်မျိုးတွေ ထွက်လာမယ်ဆိုတာကိုလည်း ကိုယ်ကတော့ အနည်းနဲ့အများ သိထားပြီးသားပါ။

တစ်မျိုးပြောရရင်တော့ အကြံပေးတစ်ယောက်ကို ရွေးချယ်ခြင်းဟာ သည်ရွေးချယ်မှုနဲ့ ကိုယ့်ကိုယ်ကိုယ်တာဝန်ယူခိုင်းလိုက်တာပါပဲ။ ခင်ဗျားတို့ဟာ ခရစ်ယာန်ဘာသာဝင်ဖြစ်မယ်ဆိုရင် ဘုန်းကြီးတစ်ပါးဆီက အကြံဉာဏ်တောင်းပါလို့ ပြောကြမှာပဲ။ ဒါပေမဲ့ ဘုန်းကြီးကလည်း အမျိုးမျိုးရှိပါတယ်။ ရန်သူနဲ့ပေါင်းတဲ့ဘုန်းကြီးလည်း ရှိတယ်။ ခုခံဆန့်ကျင်ရေးသမား ဘုန်း

www.burmeseclassic.com





ကြီးလည်းရှိတယ်။ တစ်ဖက်ကနေ တခြားတစ်ဖက်ကိုပြောင်းဖို့စောင့်နေတဲ့ ဘုန်းကြီးလည်းရှိတယ်။ ဘယ်ဘုန်းကြီးကို ရွေးမလဲ။ ခုခံဆန့်ကျင်ရေးသမားဘုန်းကြီးကိုပဲ ရွေးရွေး၊ ရန်သူ့ဘက်သားဘုန်းကြီးကိုပဲ ရွေးရွေး ဘယ်လိုအကြံဉာဏ်မျိုးရမယ်ဆိုတာ ကြိုတင်ဆုံးဖြတ်ပြီးသားပါ။

သည်လိုပါပဲ။ ကျွန်တော့်ဆီကိုလာရာမှာလည်း ကျွန်တော့်တပည့်ဟာ ကျွန်တော်ပေးမယ့်အကြံကို သိပြီးသားပါ။ ကျွန်တော်ကလည်း တစ်ခုပဲပြန်ပြောစရာ ရှိပါတယ်။ 'မင်းဟာ လွတ်လပ်တယ်။ ဒါကြောင့် ရွေးပါ။ ပြောရမယ်ဆိုရင် ထွင်ပါ' သည်စကားပါပဲ။ ယေဘုယျဆန်တဲ့ ကိုယ်ကျင့်တရားတွေရဲ့ ဘယ်စည်းမျဉ်းဥပဒေကမှ ဘာလုပ်သင့်တယ်ဆိုတာကို မညွှန်ပြနိုင်ပါဘူး။ သည်လောကမှာ ဘယ်နိမိတ်လက္ခဏာမျိုးကိုမှပြသထားတာ မရှိပါဘူး။ ကက်သလစ်ခရစ်ယာန်တွေကတော့ ရှိပ့ါဗျားလို့ပြန်ပြောကြပါမယ်။ ကောင်းပြီ။ ရှိတယ်ဆိုရင်တောင် သည်နိမိတ်လက္ခဏာကို အနက်ကောက်ပြီး အဓိပ္ပာယ်ဖွင့်ရမယ့်သူကတော့ ကိုယ်ကိုယ်တိုင်ပဲ ဖြစ်နေရဦးမှာပါပဲ။

ကျွန်တော် ထောင်ကျခဲ့စဉ်တုန်းက တော်တော်ထူးခြားတဲ့ ဂျေဇုဘုန်းတော်ကြီးတစ်ပါးကို တွေ့ခဲ့ရတယ်။ ဂျေဇုဂိုဏ်းထဲသူရောက်လာပုံက သည်လိုပါ။ သူဟာ ဘဝတစ်လျှောက်လုံး အခက်အခဲ ကြီးကြီးမားမားတွေကိုချည်း တွေ့ခဲ့ရတယ်။ ကလေးဘဝကတည်းက အဖေဆုံးသွားတာကြောင့် သူဟာ ဆင်းဆင်းရဲရဲ ကျန်ရစ်ခဲ့ရှာတယ်။ နောက်တော့ ဘာသာရေးကျောင်း တစ်ကျောင်းမှာ ပညာသင်ယူတယ်။ သူ့ကို နှိမ်ပြီးဆက်ဆံတဲ့အတွက် သူ ကျောင်းမှာနေနေရတာဟာ သူ့ကိုကူညီချင်လို့ မဟုတ်ဘဲ ဒါနမြောက်အောင် အသုံးချနေခြင်းသက်သက်လို့ အမြဲခံစားရတယ်။ နောက်ပြီး ကလေးငယ်တွေကို စိတ်ကျေနပ်အောင်လုပ်

www.burmeseclassic.com



ပေးတဲ့ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်တာမျိုးလည်း သူ တစ်ခါမှမခံရဘူး။ အသက်ဆယ့်ရှစ်နှစ်လောက်မှာ နှလုံးသားရေး ပြဿနာကြောင့် စိတ်ထိခိုက်ကြေကွဲရပြန်တယ်။ နောက်ဆုံး အသက် ၂၂နှစ်ရောက်တဲ့အခါ စစ်ထဲဝင်ဖို့ စာမေးပွဲဖြေတော့လည်း မအောင်ပြန်ဘူး။ သည်စာမေးပွဲရှုံးတာဟာ ပြောပလောက်စရာမရှိတဲ့ သေးသေးဖွဲဖွဲ ဆုံးရှုံးမှုကလေးဖြစ်ပေမယ့် သူ့အတွက်တော့ နောက်ဆုံးကောက်ရိုးတစ်မျှင်လို ဖြစ်ခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘာမှအောင်မြင်မှုမရတဲ့သူ၊ လုံးလုံး ရှုံးနိမ့်သူအဖြစ် မှတ်ယူသွားပါတော့တယ်။ သည်ရှုံးနိမ့်မှုတွေဟာ ဘုရားသခင်ဆီကလာတဲ့ နိမိတ်လက္ခဏာတွေ ဖြစ်ရမယ်လို့လည်း သူက ယူဆမိတယ်။ ဒါပေမဲ့ ဘာရဲ့နိမိတ်လက္ခဏာလဲ။ ဘာအဓိပ္ပာယ်လဲ။

တကယ်တော့ သူဟာ သူ့ဘဝရဲ့ရှုံးနိမ့်မှုတွေအတွက် နာကျည်းစိတ်ဝင်ပြီး ဆိုးသွမ်းတဲ့ဘဝဆီမှာ ခိုလှုံရာရှာချင်လည်းရှာနိုင်တာပဲ။ ဒါမှမဟုတ် မျှော်လင့်ချက်ကုန်ခန်းပြီး စိတ်ပျက်လက်ပျက်နဲ့ ဘဝကို ရေစုန်မျှောချင်လည်း မျှောပစ်နိုင်တာပဲ။ ဒါပေမဲ့ သူကတော့ ရှုံးနိမ့်ခြင်းနိမိတ်လက္ခဏာကို သူ့အတွက် အကျိုးရှိအောင် လိမ္မာပါးနပ်စွာ အနက်ကောက်လိုက်ပါတယ်။ သူသည် လောကီအောင်မြင်မှုအတွက် လူဖြစ်လာရသူမဟုတ်၊ သူရမည့်အောင်မြင်မှုများသည် ဘာသာ သာသနာဆိုင်ရာလောကုတ္တရာအောင်မြင်မှုသာ ဖြစ်ရမည်လို့ အနက် ကောက်လိုက်ပါတယ်။ သူ့ရဲ့ရှုံးနိမ့်မှုတွေကို ဘုရားသခင်ရဲ့ဖိတ်ခေါ်သံအဖြစ် အဓိပ္ပာယ်ဖွင့်လိုက်ပြီး ဂျေဇုအသင်းတော်ထဲ ခြေစုံပစ်ဝင်လိုက်ပါတော့တယ်။

နိမိတ်လက္ခဏာရဲ့ အနက်အဓိပ္ပာယ်နဲ့ပတ်သက်ပြီး ဘာဖြစ်ရမယ်လို့ ကောက်ယူဆုံးဖြတ်ချက်ဟာ သူတစ်ဦးတည်းရဲ့ ကောက်ယူ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း အလွန်ထင်ရှားပါ

www.burmeseclassic.com





တယ်။ ဒါဟာ သံသယဖြစ်စရာမလိုတဲ့အချက်ပါ။ အလားတူ ရှုံးနိမ့်မှုမျိုးကို တွေ့ကြုံရတဲ့ တခြားတစ်ယောက်ကတော့ သူ့ ကောက်ချက်နဲ့မတူတဲ့ ကောက်ချက်မျိုးကို ချကောင်းချနိုင်ပါ တယ်။ ဥပမာပြောရမယ်ဆိုရင် သူလို ဂျေဇုဘုန်းကြီးမလုပ်ဘဲ လယ်သမားလုပ်ချင်လည်း လုပ်မယ်။ တော်လှန်ရေးသမား လုပ် ချင်လည်း လုပ်မယ်။ ဘာပဲဖြစ်ဖြစ် နိမိတ်လက္ခဏာကို အနက် အဓိပ္ပာယ်ကောက်ယူတာနဲ့ ပတ်သက်လို့ကတော့ ကိုယ်တစ်ဦး တည်းကသာ တာဝန်ယူရပါလိမ့်မယ်။ ဒါဟာ အထီးကျန်စွန့် ပစ်ခံရမှုဆိုတဲ့ စကားလုံးရဲ့ ဆိုလိုချက်ပါပဲ။ ကိုယ့်ဖြစ်တည်မှုကို ကိုယ့်ဘာသာ ဆုံးဖြတ်ရတယ်ဆိုတဲ့ အချက်ပဲပေါ့။ သည်လို အထီးကျန်စွန့်ပစ်ခံရမှုနဲ့ ပူပင်သောကဟာ အမြဲတမ်းဒွန်တွဲ နေပါတယ်။

မျှော်လင့်ချက်ကင်းမဲ့ရမှုဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကတော့ အလွန်ရိုးစင်းပါတယ်။ ကျွန်တော်တို့ဟာ ကိုယ့်ရွေးချယ်ဆုံးဖြတ် မှုဘောင်အတွင်းမှာ ရှိသင့်တဲ့အရာကိုပဲ အားကိုးရတယ်။ ကိုယ့် အလုပ်ဖြစ်စေမယ့် ဖြစ်တန်ရာအချက်တွေထဲက တစ်ခုခုကိုပဲ အားကိုးရတယ်။ သည့်ထက်ကျော်ပြီး အားကိုးလို့မရဘူးလို့ ဆို လိုတာပါ။

တစ်ခုခုကို ရွေးချယ်ဆုံးဖြတ်ရတဲ့အခါတိုင်း ဖြစ်တန်ရာ သဘောတွေဟာလည်း အမြဲတမ်းရှိနေပါတယ်။ ကျွန်တော့် စိတ်ထဲမှာ သူငယ်ချင်းတစ်ယောက်က မီးရထားနဲ့ဖြစ်စေ၊ ဓာတ် ရထားနဲ့ဖြစ်စေ ကျွန်တော့်ဆီကို အလည်လာမယ်လို့ ယုံကြည် ထားရင် မီးရထား အချိန်မှန်ဆိုက်လိမ့်မယ်၊ ဓာတ်ရထား လမ်း ချော်မှာမဟုတ်ဘူးလို့ ကြိုတင်တွက်ဆပြီး ဖြစ်ရပါလိမ့်မယ်။ ကျွန်တော်တို့ဟာ ဖြစ်နိုင်ခြေလောကကြီးအတွင်းမှာ တည်နေပါ တယ်။ အလားအလာနယ်မြေကြီးအတွင်းမှာ တည်နေပါတယ်။

www.burmeseclassic.com



လူတစ်ယောက်ဟာ သူ့အလုပ်နဲ့ပတ်သက်တဲ့ဖြစ်နိုင်ခြေတွေအပေါ် မှာပဲ အားကိုးနေတာဖြစ်ပြီး ကိုယ့်အလုပ်နဲ့မပတ်သက်တဲ့ဖြစ်နိုင်ခြေတွေအပေါ် မှာတော့ အားမကိုးပါဘူး။ ကိုယ့်အလုပ်နဲ့ မပတ်သက်တော့ဘူးဆိုတာနဲ့ သည်ဖြစ်နိုင်ခြေတွေ၊ အလားအလာတွေကို အဆက်ဖြတ်ပစ်ရပါမယ်။ ဆက်ပြီး ထည့်တွက်နေစရာမလိုတော့ပါဘူး။ ဘာကြောင့်လည်းဆိုတော့ ကိုယ့်အလိုဆန္ဒနဲ့ကိုက်ညီအောင် လောကကြီးကိုရော၊ အလားအလာတွေအားလုံးကိုပါ ကိုက်ညီပြောင်းလဲပေးမယ့် ထာဝရဘုရားသခင်တို့ ကြိုတင်စီမံမှုတို့မှ မရှိပဲကိုး။ **လောကကြီးကို အောင်နိုင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ်အောင်နိုင်အောင်လုပ်ပါ** ဆိုတဲ့စကားကို ဒေးကားပြောတဲ့အခါမှာ မျှော်လင့်ချက်မထားဘဲ အလုပ်လုပ်ပါဆိုတာနဲ့ အတူတူပါပဲ။

သည်စကားကိုမာ့က်စ်ဝါဒီတွေကိုကျွန်တော်ပြောတဲ့အခါ သူတို့က သည်လိုပြန်ပြောပါတယ်။ 'ခင်ဗျားသေသွားတဲ့အခါ ခင်ဗျားအလုပ်တွေ ရပ်သွားမှာကတော့ သေချာပါတယ်၊ ဒါပေမဲ့ တခြားသူတွေကို အားကိုးနိုင်သားပဲ။ တရုတ်နိုင်ငံတို့ ရုရှားနိုင်ငံတို့လို တခြားဒေသတွေမှာ ခင်ဗျားကို ကူညီလုပ်ဆောင်ပေးနေကြတဲ့သူတွေရဲ့ အလုပ်တွေအပေါ် မှာ ယုံကြည် အားကိုးနိုင်သားပဲ။ နောက်ပြီး ခင်ဗျားသေသွားပြီးတဲ့နောက် ခင်ဗျားအလုပ်ကိုလက်လွှဲယူပြီး ဆုံးခန်းတိုင် အောင်ပွဲဆင်နိုင်တဲ့အထိ ဆက်လက်လုပ်ဆောင်သွားမယ့်သူတွေရဲ့ အလုပ်တွေအပေါ် မှာလည်း ယုံကြည်အားကိုးနိုင်သားပဲ။ ဒါဟာ တော်လှန်ရေးကြီးပဲပေါ့၊ ဒါကို ခင်ဗျား အားကိုးယုံကြည်ရမယ်၊ ဒါကိုမယုံကြည်ဘူး၊ အားမကိုးဘူးဆိုရင် ဖောက်ပြန်တာပဲ'တဲ့။

ကျွန်တော်ကလည်း သူတို့ကိုချက်ချင်းပဲပြန်ပြောပါတယ်၊ ကျွန်တော် သက်ဝင်ယုံကြည်တဲ့ ရည်မှန်းချက်ကို ကျွန်တော့်

www.burmeseclassic.com





ရဲဘော်တွေ စွဲစွဲမြဲမြဲ သက်ဝင်ယုံကြည်ပြီး တိုက်ပွဲဝင်နေသရွေ့ သူတို့အပေါ် ကျွန်တော်ယုံကြည်အားကိုးနေမှာပါပဲ။ ပါတီတစ်ခု ဒါမှမဟုတ် အဖွဲ့အစည်းတစ်ခုရဲ့ စည်းလုံးညီညွတ်ရေးအတွက် ကျွန်တော်နဲ့အတူ ပါဝင်ဆောင်ရွက်နေသေးသရွေ့ သူတို့ကိုကျွန်တော် ယုံကြည်အားကိုးနေမှာပါ။ အဲသည်ပါတီ အဲသည်အသင်း အဖွဲ့ကိုတော့ အနည်းနဲ့အများ ကျွန်တော် ထိန်းချုပ်ထားနိုင်ရမယ်။ ဆိုလိုတာက အဲသည်ပါတီထဲမှာ ကျွန်တော်ဟာတိုက်ပွဲဝင်သမားတစ်ယောက်အနေနဲ့ ပါဝင်နေမှာဖြစ်ပြီး ရဲဘော်ရဲဘက်တွေရဲ့ လှုပ်ရှားမှုမှန်သမျှကိုလည်း အချိန်တိုင်းမှာ ကျွန်တော် သိနေရပါလိမ့်မယ်။ သည်နေရာမှာ ပါတီရဲ့ စည်းလုံးညီညွတ်မှုနဲ့ ရည်ရွယ်ချက်အပေါ် ယုံကြည်အားကိုးတယ် ဆိုတာဟာ ရထား အချိန်မှန်ဆိုက်လိမ့်မယ် ဓာတ်ရထား လမ်းချော်မှာမဟုတ်ဘူးလို့ တွက်ဆယုံကြည်တာမျိုးနဲ့ တစ်ထပ်တည်း တူနေပါတယ်။

ဒါပေမဲ့ ကျွန်တော်မသိတဲ့လူတွေအပေါ် မှာတော့ ကျွန်တော် ယုံကြည်အားကိုးလို့မဖြစ်နိုင်ပါဘူး။ ကောင်းမြတ်တဲ့ လူ့သဘာဝအပေါ် မှာလည်း ယုံကြည်ချက်ထားဖို့မဖြစ်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူဆိုတာ လွတ်လပ်တာကိုး။ နောက်ပြီး ကျွန်တော် ထောက်တည်အားကိုးစရာ လူ့သဘာဝရယ်လို့လည်း ရှိမှမရှိတာကိုး။ ရုရှားတော်လှန်ရေးကြီး ဘယ်ဆီ ဦးတည် ရောက်ရှိသွားမလဲဆိုတာ ကျွန်တော်မသိပါဘူး။ သည်နေ့ သည်အချိန်မှာတော့ ပစ္စည်းမဲ့အလုပ်သမားတွေအနေနဲ့ တခြားနိုင်ငံတွေမှာ မရနိုင်တဲ့ အခန်းကဏ္ဍမျိုးကို ရုရှားနိုင်ငံမှာ ရနေကြပါတယ်။ အဲသည်အချက် မျက်ဝါးထင်ထင် ဖြစ်နေသေးသရွေ့ သည်တော်လှန်ရေးကြီးကို ကျွန်တော် မြတ်နိုး လေးစားနိုင်ပါတယ်။ စံထားနိုင်ပါမယ်။ ဒါပေမဲ့ သည်တော်လှန်ရေးကြီးဟာ ပစ္စည်းမဲ့ အောင်ပွဲခံနိုင်တဲ့အထိ ကေန်ကေ ဦးတည်သွားမယ်ဆိုတာကို

www.burmeseclassic.com



တော့ ကျွန်တော် ရဲရဲမပြောနိုင်ပါဘူး။ သည်လိုပဲ ကျွန်တော် သေပြီးတဲ့နောက်မှာ ကျွန်တော့်အလုပ်ကိုကျွန်တော့်ရဲဘော်တွေက လက်လွှဲယူပြီး အစွမ်းကုန်အောင်မြင်သည်အထိ ဆက်လုပ်ကြလိမ့်မယ်လို့ကျွန်တော် သေချာပေါက် မယုံကြည်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲဘော်တွေဟာလည်း လွတ်လပ်သူတွေ ဖြစ်ကြတာကိုး။ အနာဂတ်ကာလမှာ လူဆိုတာ ဘာဖြစ်ရမယ်ဆိုတဲ့အချက်ကို သူတို့လွတ်လွတ်လပ်လပ် ဆုံးဖြတ်ကြမှာကိုး။ ကျွန်တော်သေပြီးတဲ့နောက် အနာဂတ်ကာလမှာ တချို့သူတွေက ဖက်ဆစ်ဝါဒကိုထူထောင်ဖို့ဆုံးဖြတ်ကောင်း ဆုံးဖြတ်ကြပါလိမ့်မယ်။ ကျန်တဲ့သူတွေက သည်လိုဖက်ဆစ်ဝါဒ ထူထောင်နေတာကို မဟန့်တားရဲလောက်အောင် သူရဲဘောကြောင်ချင် ကြောင်နိုင်တယ်။ ဒါမှမဟုတ် မဟန့်တားမိလောက်အောင် မထုံတက်တေး နမော်နမဲ့ဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ ဒါဆိုရင် ကျွန်တော်တို့အတွက် သိပ်ဆိုးသွားပြီပေါ့။

တကယ့်လက်တွေ့မှာတော့ လူတွေဆုံးဖြတ်တဲ့အတိုင်းပဲ ဖြစ်နေရတာပါ။ သည်လိုဖြစ်လို့ဆုံးဖြတ်လိုက်ရင် သည်လိုဖြစ်ရတာပဲ။ ဟိုလိုဖြစ်လို့ဆုံးဖြတ်လိုက်ရင် ဟိုလိုဖြစ်ရတာပဲ။ သည်စကားက ဘာအလုပ်မှမလုပ်တဲ့ အကြံယချာန်ဝင်စားဖို့ကောင်းတယ်လို့ဆိုလိုတာဖြစ်မလား။ မဖြစ်နိုင်ပါဘူး။ ပထမဆုံး ကိုယ့်ကိုယ်ကိုယ် ပြဋ္ဌာန်းရမည်။ ထို့နောက်မှ ကိုယ်လုပ်မည့် အလုပ်အတွက် မျှော်လင့်ချက်မထားအပ်ဟူသော ရှေးစကားပုံအတိုင်း ကိုယ့်ပြဋ္ဌာန်းချက်ကိုလုပ်ဆောင်ရမည်လို့ဆိုလိုတာပါ။ နောက်ပြီး ပါတီတစ်ခုကိုမဝင်သင့်ဘူးလို့ဆိုလိုတာလည်း မဟုတ်ပါဘူး။ လှည့်စားမှုတွေမရှိစေဘဲ ကိုယ်တတ်နိုင်သလောက်သာ ကိုယ်လုပ်ဖို့ ဆိုလိုခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် သည်လိုဆိုရှယ်လစ်နိုင်ငံကြီး တကယ်လက်တွေ့ ဖြစ်လာနိုင်မလားလို့ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com





ပြန်မေးကြည့်လိုက်မယ်ဆိုရင် အဲဒါကို ကျွန်တော်မပြောနိုင်ပါ။ ကျွန်တော်လုပ်နိုင်စွမ်းရှိတဲ့ အရာလောက်ကိုပဲ ကျွန်တော် သိပါတယ်။ ဒါကိုပဲ ကျွန်တော်လုပ်ပါမယ်။ သည့်ထက်ပိုပြီး ဘာကိုမှ ကျွန်တော်အားမကိုးနိုင်ပါ။

စိတ်ပျက်အားလျော့ပြီး ဘာအလုပ်မှ မလုပ်ဘဲနေတဲ့ အကြံယစျာန် ဝင်စားမှုမျိုးဆိုတာက ကိုယ်မလုပ်နိုင်တဲ့အရာကို တခြားသူတွေ လုပ်ကြပါစေလို့ ပြောကြသူများရဲ့ စိတ်သဘောထားမျိုးဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြနေတဲ့ဝါဒက ဒါမျိုးနဲ့ လုံးဝဆန့်ကျင်ဘက်ပါ။ ဘာကြောင့်လဲဆိုတော့ **အလုပ်ထဲ၌သာ အစစ်အမှန်တရားရှိသည်၊ အလုပ်မှတစ်ပါး တခြားဘယ်မှာမှ အစစ်အမှန်တရားမရှိပါ**လို့ ကျွန်တော့်ဝါဒက ထုတ်ဖော်ပြောနေလို့ပါပဲ။ နောက်ပြီး လူဟာ သူရည်ရွယ်တဲ့အရာသာ ဖြစ်တယ်။ တခြား ဘာမှမဟုတ်ဘူး။ သူ့ကိုယ်သူ ဖော်ဆောင်သလောက်ပဲ သူဖြစ်တည်နေရတယ်။ ဒါကြောင့် သူဟာ သူ့အလုပ် စုစုပေါင်းမှ တစ်ပါး တခြားမဟုတ်ပါ။ သူဖြစ်တည်ရာ ဘဝမှတစ်ပါး တခြားမဟုတ်ပါ။

ဒါကြောင့် ကျွန်တော်တို့ရဲ့ဖြစ်တည်မှုဝါဒကြောင့် တချို့လူတွေ အကြီးအကျယ် ထိတ်လန့်ကြရတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ကောင်းကောင်းနားလည်နိုင်ပါတယ်။ ဆင်းရဲဒုက္ခနဲ့ တွေ့ကြုံရတဲ့အခါမှာ လူတော်တော်များများ ဖြေသိမ့်တတ်တဲ့ အယူအဆတစ်ခုတည်းပဲ ရှိပါတယ်။ 'ပတ်ဝန်းကျင်အခြေအနေက ကိုယ်နဲ့ဆန့်ကျင်နေတာကိုး။ တကယ်တော့ ကျွန်တော်ဟာ ဖြစ်ခဲ့ရတဲ့ဘဝတွေထက် ပိုမိုကောင်းမွန်တဲ့ဘဝမျိုးနဲ့ ထိုက်တန်တဲ့သူပါ။ မေတ္တာတရား ကြီးကြီးမားမားမရှိခဲ့တာကို ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမဲ့ မေတ္တာကြီးကြီးထားရလောက်တဲ့ မိန်းမမျိုးမှ မတွေ့ခဲ့ရတာကိုး။ ခင်မင်ရင်းနှီးမှု သိပ်မရှိရတာကိုလည်း ဝန်ခံပါ

www.burmeseclassic.com



တယ်၊ သိပ်ပြီး ခဝ်မဝ်ရင်းနှီးရလောက်တဲ့ယောက်ျားမျိုးမှ မတွေ့ခဲ့ရတာကိုး။ ကျွန်တော့်စာအုပ်က ဘယ်မှာ သိပ်ကောင်းလိမ့်မလဲ၊ ကောင်းအောင်ရေးဖို့အချိန်မှမရှိတာကိုး။ ကျွေးမွေး စောင့်ရှောက်ရမယ့် သားသမီးရယ်လို့မှရှိတာက ကိုယ်နဲ့အတူ နေနိုင်မယ့်သူကို ရှာမတွေ့ပဲကိုး။ ဒါကြောင့် ကျွန်တော့်မှာ အသုံးမချရသေးတဲ့အရည်အချင်းတွေ အများကြီးရှိနေတာပါ။ စွမ်းရည်တွေ အလားအလာတွေ၊ ဖြစ်နိုင်ခြေတွေ အများကြီး ရှိနေတာပေ့ါ။ ဒါတွေဟာ တကယ်ဖြစ်လာနိုင်တဲ့အရာတွေပါ။ သည့်စွမ်းရည်တွေကြောင့်သည့်ထက်သာလွန်တဲ့သူဖြစ်ဖို့ကျွန်တော် ထိုက်တန်နေတာပေ့ါ။ ဒါပေမဲ့သည်အချက်ကိုကျွန်တော် လုပ်ခဲ့တာတွေလောက်နဲ့ ထောက်ကြည့်လို့ပေါ် လွင်မှာမဟုတ်ဘူး’ဆိုတဲ့အယူအဆပါ။

ဒါပေမဲ့ဖြစ်တည်မှုဝါဒီအဖို့တော့ ချစ်တဲ့အလုပ်မှတစ်ပါး တခြားငုပ်လျှိုး ကိန်းအောင်းနေတဲ့အချစ်ရယ်လို့မရှိပါဘူး။ သည်အတိုင်းပါပဲ၊ ချစ်ခြင်းအလုပ်ထဲမှာ ထင်ရှားပေါ် လွင်နေတဲ့အချစ်မှတစ်ပါး တခြား ငုပ်လျှိုး ကိန်းအောင်းနေတဲ့အချစ်ရယ်လို့မရှိပါဘူး။ အနုပညာလက်ရာအတွင်းမှာ ထင်ရှားပေါ် လွင်နေတဲ့စွမ်းရည်ကလွဲပြီး တခြားစွမ်းရည်ရယ်လို့မရှိပါဘူး။ မာဆယ်ပရူးရဲ့ စွမ်းရည်ဟာ သူရေးသားခဲ့သမျှ စုစုပေါင်းသာ ဖြစ်ပါတယ်၊ ဒါတွေရဲ့အပြင်မှာ ဘာစွမ်းရည်မှမရှိဘူး။ မရေးသားရသေးတဲ့ အလွမ်းပြဇာတ်တစ်ပုဒ်ကိုရေးသားနိုင်တဲ့စွမ်းရည်ရာစင်းမှာရှိနေတယ်လို့ဘာကြောင့်ပြောရမှာလဲ။

ဘဝမှာ လူဟာ ကိုယ့်ကိုယ်ကိုယ် ပြဋ္ဌာန်းရပါတယ်၊ ကိုယ့်ပုံတူကို ကိုယ့်ဘာသာရေးဆွဲရပါတယ်၊ ကိုယ်ရေးဆွဲတဲ့ပုံတူမှ တစ်ပါး ကိုယ့်မှာ ဘာမှမရှိပါဘူး။

သည်အတွေးအခေါ်ဟာ ဘဝရဲ့အောင်မြင်မှုကိုမရရှိတဲ့

www.burmeseclassic.com





လူတစ်ယောက်အတွက် ဖြေသိမ့်စရာမရှိသလိုမျိုး ဖြစ်နေမှာ သေချာပါတယ်။ ဒါပေမဲ့တစ်ဖက်ကကြည့်ပြန်တော့လည်း 'အရိုရာရေးတစ်ခုတည်းသာလျှင် အားကိုးစရာရှိသည်'လို့ လူတိုင်းကို သဘောပေါက်အောင် သည်အတွေးအခေါ် က လုပ်ပေးနေပါတယ်။ စိတ်ကူးယဉ်အိပ်မက်တွေ မျှော်လင့်တောင့်တာမှုတွေဟာ တကယ့်အရိုရာရေးတွေ မဟုတ်ပါဘူး။ ဒါတွေကို အားကိုးလို့ မရပါဘူး။ အိပ်မက်ကိုအားကိုးတဲ့သူဟာ သူကိုယ်တိုင် လှည့်စားတဲ့အိပ်မက် ဖြစ်သွားမယ်။ မျှော်လင့်တောင့်တာမှုတွေကိုအားကိုးတဲ့သူဟာ သူကိုယ်တိုင် အချည်းနှီးအလဟဿ မျှော်လင့်တောင့်တာမှု ဖြစ်သွားမယ်။ တစ်နည်းပြောရရင်တော့ ဒါတွေဟာ လူကိုတိုးတက်ဖြစ်ထွန်းသူမဟုတ်တဲ့ ဆုတ်ယုတ်သူအဖြစ် သတ်မှတ်ပေးနေကြောင်း ဖြစ်တည်မှုဝါဒက လူတိုင်း နားလည် သဘောပေါက်အောင် လုပ်ပေးနေတာပါ။

ဒါပေမဲ့ 'ခင်ဗျားဟာ ခင်ဗျားရှင်သန်နေတဲ့ဘဝမှတစ်ပါး တခြားဘာမှမဟုတ်ဘူး'လို့ပြောလိုက်တာဟာ အနုပညာရှင်တစ်ယောက်ကိုသူ့အနုပညာလက်ရာတွေနဲ့သာ သတ်မှတ်ရမယ်လို့ဆိုလိုတာမျိုးမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူ တစ်ယောက်ရဲ့ဘဝကိုသတ်မှတ်ဖို့အတွက် တခြားအချက်တွေလည်း ထောင်နဲ့ချီပြီး ရှိနေသေးလို့ပါပဲ။ ကျွန်တော်တို့ဆိုလိုချင်တာကတော့ လူတစ်ယောက်ဟာ အလုပ်အစုအစည်းတစ်ခုသာ ဖြစ်တယ်။ အလုပ်တွေနဲ့ဖွဲ့စည်းထားတဲ့ ဆက်နွယ်မှု စုစုပေါင်းသာ ဖြစ်တယ်။ ဒါကလွဲလို့တခြားဘာမှမဟုတ်။

သည်အချက်တွေအရဆိုရင်လူတွေက ကျွန်တော်တို့အပေါ် ပုတ်ခတ်ဝေဖန်နေတဲ့အချက်က ကျွန်တော်တို့ရဲ့အဆိုးမြင်ဝါဒ မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ ပြင်းထန်လှတဲ့ အကောင်းမြင်ဝါဒသာ ဖြစ်ပါတယ်။ အောက်တန်းကျတဲ့ ပျော့ညံ့တဲ့ သူရဲဘော

www.burmeseclassic.com



ကြောင်တဲ့ တစ်ခါတစ်ရံ ပြောင်ပြောင်တင်းတင်း ဆိုးမိုက်လွန်းလှတဲ့ ဇာတ်ကောင်များပါဝင်တဲ့ ကျွန်တော်တို့ရဲ့ပြဇာတ်တွေ၊ ဝတ္ထုတွေကို ပြစ်တင်ရှုတ်ချရာမှာလည်း ကျွန်တော်တို့ဇာတ်ကောင်တွေ အောက်တန်းကျလို့ ပျော့ညံ့လို့ သူရဲဘောကြောင်လို့ ဆိုးသွမ်းမိုက်မဲလို့ပြစ်တင်ရှုတ်ချကြတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ဇာတ်ကောင်တွေဟာ မွေးရာပါဗီဇကြောင့် ဒါမှမဟုတ် ပတ်ဝန်းကျင်ရဲ့တွန်းထိုးမှုကြောင့် ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုတစ်ခုကြောင့် ဒါမှမဟုတ် ဇီဝကမ္မဆိုင်ရာ အချက်အလက် တစ်ခုခုကြောင့် သည်လို ဆိုးသွမ်းယုတ်နိမ့်တဲ့ အပြုအမူတွေကို ပြုမိခြင်းဖြစ်တယ်လို့ စာရေးဆရာကြီး ဇိုလာက အကြောင်းပြရေးသလိုရေးလိုက်မယ်ဆိုရင် ဖတ်ရသူတွေမှာလည်း သံသယတွေကင်း စိတ်တွေရှင်းပြီး 'ကဲ မြင်တယ် မဟုတ်လား။ တို့ဖြစ်နေတာ သည်ထဲကအတိုင်းပဲ။ ဒါနဲ့ပတ်သက်လို့ ဘာမှ မလုပ်နိုင်ဘူး' လို့ ပြောကြပါလိမ့်မယ်။

ဒါပေမဲ့ဖြစ်တည်မှုဝါဒီတွေကတော့ သူရဲဘောကြောင်တဲ့ လူတစ်ယောက်အကြောင်းကိုသရုပ်ဖော်တဲ့အခါ သည်လိုသူရဲဘောကြောင်တဲ့အတွက် ကြောင်သူမှာသာ တာဝန်ရှိကြောင်း ဖော်ပြပါမယ်။ အသည်းတွေ နှလုံးတွေ ဦးနှောက်တွေက သတ္တိမရှိသောကြောင့်သည်လူဟာ သူရဲဘောကြောင်သူဖြစ်နေရတာ မဟုတ်ပါဘူး။ ဇီဝကမ္မဆိုင်ရာ အချက်တစ်ခုခုကြောင့်သူရဲဘောကြောင်သူဖြစ်နေရတာမဟုတ်ပါဘူး။ သူ့ကိုယ်သူ သူရဲဘောကြောင်သူဖြစ်အောင် သူ့အလုပ်တွေနဲ့ လုပ်လိုက်ခြင်းသာ ဖြစ်ပါတယ်။ သူရဲဘောကြောင်တဲ့စိတ်နေစရိုက် မရှိပါဘူး။ မတည်မငြိမ် လှုပ်လှုပ်ခတ်ခတ်ဖြစ်တတ်တဲ့ စိတ်ဓာတ် စရိုက်တွေ ရှိပါတယ်။ လူတွေပြောတတ်တဲ့ညံ့ဖျင်းတဲ့သွေးမျိုး ရှိပါတယ်။ ခိုင်မာအားကောင်းတဲ့စိတ်နေစရိုက်တွေ ရှိပါတယ်။ ဒါပေမဲ့ပျော့ညံ့တဲ့

www.burmeseclassic.com





သွေးကြောင့်တော့ လူတစ်ယောက်ဟာ သူရဲဘောကြောင်သူ ဖြစ်လာတာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူရဲဘော ကြောင်မှုကို ဖန်တီးလိုက်တာက အညံ့ခံတဲ့လုပ်ရပ်၊ အလျှော့ပေး တဲ့လုပ်ရပ်သာ ဖြစ်တာကိုး။ စိတ်နေစရိုက်ဟာ အလုပ်တစ်ခု မဟုတ်ပါဘူး။ သူရဲဘောကြောင်သူအဖြစ်ကို သူလုပ်တဲ့အလုပ်က ဖန်တီးလိုက်ခြင်းသာ ဖြစ်ပါတယ်။

လူတွေထိတ်လန့်ပြီး နားလည်ဖို့ခက်နေတဲ့အချက်ကတော့ သူရဲဘောကြောင်သူဟာ သူရဲဘောကြောင်သူဖြစ်နေတဲ့အပြစ် ရှိနေတယ်ဆိုတဲ့ အချက်ပါပဲ။ လူတွေ ပိုပြီးသဘောကျတာက သူရဲဘောကြောင်သူ ဒါမှမဟုတ် သူရဲကောင်းအဖြစ်မွေးလာရ တယ် ဆိုတာမျိုး။ ကျွန်တော့်ရဲ့ လွတ်လပ်မှုသို့သွားရာလမ်းများ ဆိုတဲ့ ဝတ္ထုတွဲကို ဝေဖန်ကြရာမှာ အများဆုံးဝေဖန်တတ်ကြတာ က 'ကဲ သည်လိုဆိုရင် သည်လောက် စိတ်ဓာတ်နိမ့်ကျနေသူတွေ ကို သူရဲကောင်းဖြစ်အောင် ဘယ်လိုလုပ်နိုင်မလဲ'ဆိုတဲ့ ဝေဖန် ချက်ပဲ ဖြစ်ပါတယ်။ သည်ဝေဖန်ချက်ဟာ တကယ်တော့ တော် တော် ရယ်စရာကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေ ဟာ သူရဲကောင်းအဖြစ် မွေးဖွားလာရတယ်လို့ သည် ဝေဖန်ချက် က ဖော်ပြနေတာကိုး။

တကယ်တော့လည်း လူတွေခံယူချင်နေတာက သည် အတိုင်းပါပဲ။ သူရဲဘောကြောင်သူတွေအဖြစ် မွေးဖွားလာရ တယ်ဆိုတာမျိုး၊ သူရဲကောင်းအဖြစ် မွေးဖွားလာရတယ်ဆိုတာမျိုး ကို လိုချင်နေကြတာပါ။ သူရဲဘောကြောင်သူအဖြစ် မွေးဖွားလာ ရတယ်ဆိုရင်လည်း ကျေကျေနပ်နပ်ကြီး ခံယူမှာပဲ။ ကိုယ့်ရဲ့သူရဲ ဘောကြောင်မှုနဲ့ပတ်သက်ပြီး ဘာမှတတ်နိုင်မှာမဟုတ်ဘဲဘဝ တစ်လျှောက်လုံး ဘာကိုပဲလုပ်လုပ် သူရဲဘောကြောင်ကြောင် လျှောက်လုပ်နေတော့မှာပဲ။ သူရဲကောင်းအဖြစ် မွေးဖွားလာရ

www.burmeseclassic.com



မယ် ဆိုရင်လည်း ကျေကျေနပ်နပ်ဖြစ်နေကြမှာပဲ။ ဘာဝ တစ်လျှောက်လုံး သူရဲကောင်းဆန်ဆန် စားမယ်၊ သူရဲကောင်း ဆန်ဆန် သောက်မယ်၊ ဘာလုပ်လုပ် သူရဲကောင်းချည်း ဖြစ်နေတော့မှာပဲ။

သူရဲဘောကြောင်သူဟာ သူ့ကိုယ်သူ သူရဲဘောကြောင် အောင်လုပ်နေပြီး သူရဲကောင်းဟာလည်း သူ့ကိုယ်သူ သူရဲကောင်းဖြစ်အောင် လုပ်နေတယ်လို့ဖြစ်တည်မှုဝါဒီကပြောတဲ့ အခါ သူရဲဘောကြောင်သူအနေနဲ့ သူရဲဘောကြောင်မှုကိုစွန့် လွှတ်ပစ်ဖို့အခွင့်အလမ်းတစ်ခု အမြဲရှိနေပြီး သူရဲကောင်းအနေနဲ့ ကလည်း သူရဲကောင်းအဖြစ်မှ ကိုယ့်ကိုယ်ကိုယ် ရပ်ဆိုင်းပစ် လိုက်ဖို့ အခွင့်အလမ်းတစ်ခု အမြဲရှိနေတယ်လို့ပြောခြင်းသာ ဖြစ်ပါတယ်။

ယခုအချိန်မှာတော့ ဖြစ်တည်မှုဝါဒနဲ့ပတ်သက်လို့ပြစ် တင်ဝေဖန်ချက် တော်တော်များများကိုကျွန်တော်ချေပဖြေရှင်း ပြီးပြီလို့ထင်ပါတယ်။ ဖြစ်တည်မှုဝါဒဟာ လူကိုသတ်မှတ်ရာမှာ အလုပ်နဲ့သတ်မှတ်တဲ့ဝါဒ ဖြစ်တဲ့အတွက်ကြောင့်သည်ဝါဒကို ဘာအလုပ်မှမလုပ်ဘဲစိတ်ပျက်လက်လျှော့နေတဲ့အကြိုယသျှာန် ဝါဒတစ်မျိုးအဖြစ် မသတ်မှတ်နိုင်ဘူးဆိုတာ ခင်ဗျားတို့မြင်ကြ ရောပေါ့။ နောက်ပြီး လူသားရဲ့ကံကြမ္မာကို သူ့ရဲ့အပြင်မှာ မထားဘဲ သူ့ရဲ့အတွင်းမှာ တစ်နည်းပြောရရင်တော့ သူ့လက် ထဲမှာသာ ထားတဲ့အတွက် လူကိုအဆိုးမြင်နဲ့ဖော်ကျူးတဲ့ဝါဒလို့ မသတ်မှတ်နိုင်တော့ကြောင်း ရှင်းရောပေါ့။ ကိုယ့်ကြမ္မာကိုကိုယ့် ဘာသာ ဖန်တီးနိုင်တယ်ဆိုတဲ့ဝါဒထက်ပြီး အကောင်းမြင်နိုင် တဲ့ဝါဒ ရှိနိုင်ပါဦးမလား။ မျှော်လင့်ချက်ဆိုတာ ကိုယ့်အလုပ်ထဲ မှာကလွဲပြီး တခြားဘယ်မှာမှမရှိဘူး။ အလုပ်ရှိမှ ရှင်သန်မှု ရှိ တယ်၊ အလုပ်မရှိရင် ရှင်သန်မှုမရှိဘူးလို့ဖြစ်တည်မှုဝါဒက ပြော

www.burmeseclassic.com





နေတာဖြစ်တဲ့အတွက် သည်ဝါဒဟာ လူကိုအလုံးလုံးချုပ်ကိုင်ထိန်းချုပ်ပြီး လျှော့ပါးအောင် တိုက်တွန်းနေတဲ့ဝါဒလည်း မဟုတ်ပါဘူး။ သည် အဆင့်မှာ ကျွန်တော်သုံးသပ်နေတာ အလုပ်ရယ်၊ ကိုယ့်ကိုယ် ကိုယ် ပြဋ္ဌာန်းချက်ရယ် စတာတွေနဲ့ ပတ်သက်တဲ့နိဒါန်းတစ်ခု အကြောင်းသာ ဖြစ်ပါတယ်။ ဒါပေမဲ့ သည်အချက် နည်းနည်း အပေါ် မှာကိုပဲ ကျွန်တော်တို့ဟာ ရှုတ်ချဝေဖန်တာ ခံနေရတုန်း ပါ။ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေဟာ လူကိုတစ်သီးပုဂ္ဂလ အနေအထားမှာပဲ ပိတ်လှောင်ထားနေပါသတဲ့။ သည်တစ်ကြိမ် မှာလည်း လူတွေဟာ ကျွန်တော်တို့အပေါ် နားလည်မှု လွဲလွန်း နေပြန်ပါတယ်။

အမှန်မှာလည်း ကျွန်တော်စပြီး ဆွေးနွေးပြောဆိုချင်တာ က လူသားရဲ့ပုဂ္ဂလဓိဋ္ဌာန်ကျမှု အချက်ပဲဖြစ်ပါတယ်။ သည် အချက်ကိုပဲ ရှေ့တန်းတင်ပြောနေရတာဟာ ဒဿနဆိုင်ရာ အကြောင်းရင်းတွေကြောင့်သာ ဖြစ်ပါတယ်။ အခြေအမြစ် ဟုတ်တိပတ်တိမရှိရှာဘဲ မျှော်လင့်ချက်တွေကိုသာ မစားရ ဝခမန်း ပေးနေတတ်တဲ့သဘောတရား လှလှလေးတွေအပေါ် မှာ ကျွန် တော်တို့ဝါဒကိုအခြေမခံဘဲ တကယ့်အမှန်တရားအပေါ် မှာသာ အခြေခံဖို့ကြိုးစားချင်တဲ့အတွက် ပုဂ္ဂလဓိဋ္ဌာန်သဘောကိုဦးစား ပေးနေခြင်းပါပဲ။

စပြီး ဆွေးနွေးပြောဆိုပြီဆိုတာနဲ့ ကျွန်တော်တို့ကိုင်တွယ် ကြရမယ့်အမှန်တရားက တစ်ခုတည်းရှိရှာပါ။ ဒါကတော့ 'ငါ တွေးသည်၊ ဒါကြောင့်ငါရှိသည်'ဆိုတဲ့အမှန်တရားပါပဲ။ ဒါက လွဲလို့တခြားအမှန်တရား မရှိနိုင်ပါ။ သည်အမှန်တရားဟာ သူ့ကိုယ်သူ ပြန်လည်တွေ့ရှိသွားတဲ့ အသိစိတ်ရဲ့ အကြွင်းမဲ့ အမှန် တရား ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်လည်တွေ့ရှိတဲ့ အချိန် ဆတ်ဆတ်ကလေးရဲ့ အပြင်ဘက်မှာရှိတဲ့ လူနဲ့အစပြုတဲ့

www.burmeseclassic.com



သဘောတရားဟာအမှန်တရားကိုချေဖျက်ပစ်တဲ့သဘော တရားသာ ဖြစ်ပါလိမ့်မယ်။ ဆရာကြီးဒေးကားပြောတဲ့ ကိုယ့်ကိုယ်ကိုယ်ပြန်တွေ့နေရတဲ့အတွေး(Cognito)ရဲ့အပြင်ဘက် မှာ အရာခပ်သိမ်းဟာ ဖြစ်တန်ရာသဘောထက် ဘာမှမပိုလို့ပါ ပဲ။ဖြစ်တန်ရာသဘောတွေနဲ့ဖန်တီးထားတဲ့ အယူဝါဒတစ်ခုခု ဟာအမှန်တရားတစ်ခုနဲ့ ဆက်စပ်ထားခြင်းမရှိဘူးဆိုရင် တစ်စစီ ကြေကွဲပျက်စီးပြီး အရည်မရ အဖတ်မရ ဖြစ်သွားမှာပဲ။ဖြစ်တန် ရာတစ်ခုကိုသတ်မှတ်ဖွင့်ဆိုနိုင်ဖို့အတွက်အမှန်တရားကို ပိုင် ဆိုင်ရရှိထားရပါလိမ့်မယ်။ ဟိုဟိုသည်သည်အမှန်တရား တစ်ခုခု မရှိနိုင်သေးခင်မှာလုံးဝပြီးပြည့်စုံတဲ့အမှန်တရားတစ်ခုတော့ ရှိကိုရှိရပါလိမ့်မယ်။ တကယ်လည်း သည်လိုအကြွင်းမဲ့ အမှန် တရားမျိုးဟာရှိနေပါတယ်။ သည်အမှန်တရားဟာ ရိုးရိုးလေး ဖြစ်ပြီး အလွယ်တကူရရှိနိုင်တဲ့ အမှန်တရားပါ။ လူတိုင်း လက် လှမ်းမီတဲ့ အမှန်တရားပါ။ သည်အမှန်တရားဟာ ကိုယ့်ကိုယ် ကိုယ် ဖျတ်ခနဲပြန်သိတဲ့ အသိထဲမှာ ရှိနေပါတယ်။

ဒုတိယအနေနဲ့ပြောချင်တာကတော့ သည်သဘော တရား တစ်ခုတည်းသာ လူသားဂုဏ်ရည်နဲ့ လိုက်ဖက်ညီတယ် ဆိုတဲ့ အချက်ပါပဲ။ လူကို သက်မဲ့ပစ္စည်းတစ်ခုအဖြစ်ကို ရောက်အောင် မလုပ်တာ သည်သဘောတရားတစ်ခုတည်းသာလျှင် ရှိပါတယ်။ ရုပ်ဝါဒ မှန်သမျှတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်ရော တခြား လူအား လုံးကိုပါ သက်မဲ့ပစ္စည်းတစ်ခုလို သဘောထားပြီး ပြုမူဆက်ဆံ ခိုင်းတာချည်းပါပဲ။ စားပွဲတစ်လုံး ဒါမှမဟုတ် ကုလားထိုင်တစ်လုံး ဒါမှမဟုတ် ကျောက်တုံးတစ်တုံးကို ဖွဲ့စည်းထားတဲ့ အရည် အချင်းတွေ အခြင်းအရာတွေရဲ့ ပုံစံများနဲ့ ဘာမှ ခြားနားမှုမရှိတဲ့ ကြိုတင် ပြဌာန်းသတ်မှတ်ပြီးသား တုံ့ပြန်မှု အစုအစည်းတစ်ခု အဖြစ်ပဲ လူကို သဘောထားနေပါတယ်။

www.burmeseclassic.com





ကျွန်တော်တို့ရဲ့ရည်မှန်းချက်ကလူသားလောကကြီးကို တန်ဖိုးတရားတွေနဲ့ပြီးတဲ့စံပြလောကတစ်ခုအဖြစ်ထူထောင်ရေး ဖြစ်ပါတယ်။ ရုပ်ဝတ္ထုလောကနဲ့ လုံးဝကွဲပြားခြားနားတဲ့ တန်ဖိုး လောကတစ်ခုအဖြစ် ထူထောင်ရေးဖြစ်ပါတယ်။ ဒါပေမဲ့ အမှန် တရားရဲ့စံအဖြစ် ကျွန်တော်တို့လက်ခံထားတဲ့ပုဂ္ဂလဓိဋ္ဌာန်ကျမှု သဘောဟာ လူသားတစ်ဦးတစ်ယောက်တည်းနဲ့ သာ သက်ဆိုင် တဲ့ ကျဉ်းကျဉ်းမြောင်းမြောင်း ပုဂ္ဂလဓိဋ္ဌာန်မျိုး မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် ပြန်တွေ့တဲ့အတွေး (Cognito)ထဲမှာ ကိုယ်တစ်ဦးတည်းရဲ့အတ္တကိုသာ ပြန်တွေ့နေ ရတာမဟုတ်ဘဲ တခြားသူတွေရဲ့အတ္တများကိုလည်း တွေ့ရှိနေရ တာကြောင့် ဖြစ်ပါတယ်။

ကျွန်တော်တို့သုံးနှုန်းတဲ့ ငါတွေးသည်ဆိုတဲ့စကားဟာ ဒေး ကားရဲ့ဒဿနနဲ့လည်းမတူသလို ကန့်ရဲ့ဒဿနနဲ့လည်း မတူပါ ဘူး။ တခြားသူတွေရဲ့ရှေ့မှောက်မှာ ကိုယ့်ကိုယ်ကိုယ် ပြန်တွေ့ နေရတယ်။ ဒါကြောင့် ကိုယ်တကယ်ရှိတဲ့အပေါ် တကယ် သေ ချာသလို တခြားသူတွေ တကယ်ရှိတာကိုလည်း တကယ်သေ ချာတယ်လို့ဆိုလိုတဲ့ စကားပါ။ ဒါကြောင့် (Cognito)ထဲမှာ ကိုယ့်ကိုယ်ကိုယ် တိုက်ရိုက်ပြန်တွေ့နေရသူဟာ တခြားသူ အား လုံးကိုလည်း ပြန်တွေ့နေရပါတယ်။ ကိုယ့်တည်ရှိမှုအတွက် လို အပ်တဲ့အကြောင်းတရားအဖြစ် တခြားသူတွေကို ပြန်တွေ့နေရ ပါတယ်။ လူတစ်ယောက်ဟာ တစ်ခုခုဖြစ်လာနိုင်ဖို့အတွက် (ဘာ သာရေးဆန်တဲ့သူ ဒါမှမဟုတ် ကောက်ကျစ်တဲ့သူ ဒါမှမဟုတ် မနာလိုဝန်တိုတဲ့သူ ဆိုတာမျိုး) တခြားသူတွေက အဲသည် အတိုင်း သိမှတ်နေပါမှသာ ဖြစ်နိုင်တယ်။ တခြားသူတွေက မသိ မှတ်ဘူးဆိုရင် မဖြစ်နိုင်ပါဘူး။ ကိုယ်နဲ့ပတ်သက်တဲ့အမှန်တရား တစ်ခုခုကို အခြားတပါးလူရဲ့ ကြားခံ အဆက်အသွယ်အားဖြင့်

www.burmeseclassic.com



သာ သိမြင်ရရှိနိုင်ပါတယ်၊ တခြားသူရဲ့ကြားခံ အဆက်အသွယ် မရရင် မသိနိုင်ပါဘူး။ တခြားသူတွေဟာ ကိုယ့်ဖြစ်တည်မှုအတွက် လုံးဝမရှိမဖြစ်ပါပဲ၊ သည်နည်းတူ ကိုယ့်အကြောင်းကို ကိုယ့်ဘာသာပြန်သိနိုင်ဖို့အတွက်လည်း တခြားသူတွေဟာ လုံးဝ မရှိမဖြစ်ပါ။ သည်လိုအခြေအနေတွေရဲ့ အောက်မှာ မိမိကိုယ်ကို အနီးကပ်ပြန်လည်တွေ့ရှိခြင်းဟာ တခြားသူတွေကိုကိုယ့်လွတ်လပ်မှုနဲ့ ထိပ်တိုက်တိုးနေတဲ့ လွတ်လပ်မှုတစ်ခုအဖြစ် တစ်ချိန်တည်းမှာ ဖော်ထုတ်လိုက်ခြင်းပဲ ဖြစ်ပါတော့တယ်၊ သည် လွတ်လပ်မှုဟာ တွေးတဲ့အခါမှာပဲဖြစ်စေ၊ ဆန္ဒပြုရာမှာဖြစ်စေ ကျွန်တော့်ကိုထောက်ခံပြီး ဒါမှမဟုတ် ဆန့်ကျင်ပြီး တွေးရ၊ ဆန္ဒပြုရပါလိမ့်မယ်၊ ကျွန်တော်နဲ့ပတ်သက်ပြီ ထောက်ခံတာ၊ ဆန့်ကျင်တာမလုပ်တဲ့ တွေးလို့ဆန္ဒပြုလို့မရနိုင်ပါဘူး။ ဒါကြောင့်ပြောရမယ်ဆိုရင် အပြန်အလှန် ပုဂ္ဂလိဓိဋ္ဌာန်ကျမှု လောကကြီးတစ်ခုအတွင်းမှာ ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကိုယ် တွေ့ရှိခြင်းလည်း ဖြစ်ပါတယ်၊ သည် အပြန်အလှန် ပုဂ္ဂလိဓိဋ္ဌာန်ကျမှု လောကကြီး အတွင်းမှာပဲ လူတစ်ယောက်ဟာ ကိုယ်ဘာလဲဆိုတာကိုရော သူများတွေဟာ ဘာတွေလဲဆိုတာကိုရော ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

လူ့သဘာဝလို့ခေါ်ဆိုနိုင်တဲ့လူသားအားလုံးနဲ့သက်ဆိုင်တဲ့ အခြေအနေတစ်ရပ်တော့ ရှိနေပါတယ်။ သည်နေ့ခေတ် အတွေးအခေါ်များအနေနဲ့ လူ့သဘာဝအကြောင်းကို ပြောဆိုဖို့ထက် လူ့အခြေအနေကို ပြောဆိုဖို့ ပိုပြီး အဆင်သင့်ဖြစ်နေကြတာဟာ မတော်တဆ တိုက်ဆိုင်မှုတစ်ခု မဟုတ်ပါဘူး။ လူ့ အခြေအနေဆိုတာ စကြဝဠာကြီးအတွင်းမှာ တည်ရှိနေတဲ့ လူသားရဲ့ အခြေခံအနေအထားကို ကြိုတင်သတ်မှတ်ပေးတဲ့ ကန့်သတ်ချက်တွေအားလုံး ဖြစ်တယ်ဆိုတာ သည်နေ့ခေတ် တွေးခေါ်ရှင်တွေ

www.burmeseclassic.com





အထိုက်အလျောက် နားလည်သဘောပေါက် နေကြပြီသားပါ။ လူသားရဲ့ သမိုင်းရေးအခြေအနေတွေဟာ အမျိုးမျိုး အဖုံဖုံဖြစ် နေပါတယ်။ လူတစ်ယောက်ဟာ ခရစ်ယာန်သာသနာရဲ့ အပြင် ဖက်က လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာ ကျေးကျွန်အဖြစ်နဲ့ မွေး ဖွားလာနိုင်သလို မြေရှင်ပဒေသရာဇ်တစ်ပါး အဖြစ်နဲ့လည်း မွေးဖွားလာနိုင်ပြီး ပစ္စည်းမဲ့အလုပ်သမား တစ်ယောက်အဖြစ်နဲ့ လည်း မွေးဖွားလာနိုင်ပါတယ်။ ဒါပေမဲ့ လူတစ်ယောက်နဲ့ တစ် ယောက် ဘယ်တော့မှ ကွဲပြားခြားနားမှု မရှိတာတွေကတော့ သည်ကမ္ဘာကြီးအတွင်းမှာ တည်ရှိရခြင်း၊ အလုပ်လုပ်ရခြင်းနဲ့ သေဆုံးရခြင်းဆိုတဲ့ကောန်အခြေအနေတွေပါပဲ။ သည်ကန့်သတ် ချက် အခြေအနေတွေဟာ ပုဂ္ဂလဓိဋ္ဌာန်လည်း မကျသလို ဓမ္မ ဓိဋ္ဌာန်လည်းမကျပါဘူး။ ဒါပေမဲ့ တိတိကျကျပြောရမယ် ဆိုရင် တော့ သည်အခြေအနေတွေထဲမှာ ပုဂ္ဂလဓိဋ္ဌာန်ကျတဲ့ အပိုင်း တစ်ခုလည်းရှိသလို ဓမ္မဓိဋ္ဌာန်ကျတဲ့ အပိုင်းတစ်ခုလည်း ရှိနေပါ တယ်။ ဓမ္မဓိဋ္ဌာန်ကျတယ်လို့ဆိုရတာက သည်အခြေအနေတွေ ကိုလူက အသက်သွင်းပေးနေတာဖြစ်ပြီး လူက အသက်သွင်း မပေးရင် ဘာမှမဟုတ်တော့လို့ပါပဲ။ ပြောရမယ်ဆိုရင် သည် အခြေအနေတွေနဲ့ဆက်စပ်ပြီး ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ့်ဖြစ်တည် မှုကို လွတ်လွတ်လပ်လပ် ဆုံးဖြတ် ပြဋ္ဌာန်းခြင်းမရှိဘူးဆိုရင် သည်အခြေအနေတွေဟာ ဘာမှ မဟုတ်တော့ပါဘူး။

လူသားရဲ့ရည်ရွယ်ချက်တွေဟာ အမျိုးမျိုးအဖုံဖုံကွဲပြားနေ ပေမယ့် သည်ရည်ရွယ်ချက်တွေထဲက ဘယ်ရည်ရွယ်ချက်မှ ကျွန်တော်နဲ့ မစိမ်းပါဘူး။ ဘာကြောင့်လဲဆိုတော့ လူ့ရည်ရွယ် ချက်တိုင်းဟာ သည်ကန့်သတ်ချက်အခြေအနေတွေနဲ့ပဲ ပတ် သက်နေတာကိုး။ သည်ကန့်သတ်ချက် အခြေအနေတွေကို ကျော်လွှားဖို့ကြိုးပမ်းချက်တစ်ခု ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်

www.burmeseclassic.com



ရင်လည်း သည်အခြေအနေတွေကို ပိုပြီးကျယ်ပြန့်အောင် လုပ်ဖို့ ကြိုးပမ်းချက်တစ်ခု ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်ရင်လည်း သည် အခြေအနေတွေကို လက်သင့်မခံ ငြင်းဆန်နိုင်ဖို့ ကြိုးပမ်းချက် တစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ်ရင်လည်း သည် အခြေ အနေတွေနဲ့ လိုက်လျောညီထွေဖြစ်ဖို့ ကြိုးပမ်းချက်တစ်ခု ဖြစ် ချင်လည်းဖြစ်မယ်။ ဘယ်ရည်ရွယ်ချက်မဆို သည်အခြေအနေ တွေနဲ့တော့ ပတ်သက်ဆက်နွှယ်နေတာချည်းပါပဲ။ ဒါကြောင့် လူ့ရည်ရွယ်ချက်တွေ ဘယ်လောက်များစေကာမူ လူသား တစ် ယောက်ဖြစ်တဲ့ ကျွန်တော်နဲ့မသက်ဆိုင်တဲ့ ရည်ရွယ်ချက်ရယ်လို့ တော့ တစ်ခုမှမရှိပါဘူး။

ဒါကြောင့်ပဲ ရည်ရွယ်ချက်တိုင်းဟာ ဘယ်လောက် တသီး ပုဂ္ဂလဆန်တဲ့ ရည်ရွယ်ချက်ဖြစ်စေကာမူ လူသားအားလုံးနဲ့ သက် ဆိုင်တဲ့တန်ဖိုးတော့ ရှိကြတာချည်းပဲ ဖြစ်ပါတယ်။ ဥရောပသား တစ်ယောက်ဟာ တရုတ်တစ်ယောက်ရဲ့ ရည်ရွယ်ချက်ဖြစ်စေ၊ အိန္ဒိယသားတစ်ယောက်ရဲ့ ရည်ရွယ်ချက်ပဲဖြစ်စေ၊ နီဂရိုး တစ် ယောက်ရဲ့ ရည်ရွယ်ချက်ပဲဖြစ်စေ ဘယ်သူ့ရည်ရွယ်ချက်မျိုးကို မဆို၊ ဘယ်လိုရည်ရွယ်ချက်မျိုးကိုမဆို နားလည် သဘောပေါက် နိုင်ပါတယ်။ နားလည် သဘောပေါက်နိုင်ပါတယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က ဥရောပသားတစ်ယောက်ဟာ တရုတ်လူမျိုး တစ် ယောက်ရဲ့ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အိန္ဒိယသားတစ်ယောက်ရဲ့ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အာဖရိကတိုက်သားတစ်ယောက်ရဲ့ ရည် ရွယ်ချက်ကိုဖြစ်စေ သူ့စိတ်ကူးထဲမှာ ပြန်လည်ပုံဖော်ပြီး လက်ရှိ အနေအထားကရုန်းထွက်ကာ အလားတူ အခြေအနေတွေဆီကို အလားတူနည်းလမ်းနဲ့ ရောက်အောင်သွားနိုင်တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

လူ့ရည်ရွယ်ချက်မှန်သမျှတိုင်းမှာ လူသားအားလုံးနဲ့သက်

www.burmeseclassic.com



ဆိုင်တဲ့ ယေဘုယျသဘော ပါရှိနေပါတယ်။ ဆိုလိုတာကလူ့ရည်ရွယ်ချက်တိုင်းကို လူမှန်သမျှကနားလည်သဘောပေါက်နိုင်တယ်။ ဒါပေမဲ့ ရည်ရွယ်ချက်တစ်ခုခုက လူရဲ့အနက်အဓိပ္ပာယ်ကို အစဉ်ထာဝရ သတ်မှတ်ပေးနေတာတော့ မဟုတ်ပါဘူး။ လူမှန်ရင် သည်ရည်ရွယ်ချက်မျိုး ရှိရမယ်။ သည်ရည်ရွယ်ချက်မျိုးရှိမှ လူဖြစ်တယ်ဆိုတာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတစ်ယောက်တည်းက ရည်ရွယ်ချက်တစ်ခုတည်းကိုပဲ ထပ်ပြန်တလဲလဲ ထားနိုင်သလို ရည်ရွယ်ချက်တစ်ခုတည်းကိုပဲ လူအားလုံးက ထားချင်လည်း ထားနိုင်ပါတယ်။ ဒါကြောင့် အချက်အလက် ပြည့်ပြည့်စုံစုံသာရမယ်ဆိုရင် အရှူးတစ်ယောက်ကိုပဲဖြစ်စေ၊ ကမ္ဘာဦးလူသားတစ်ယောက်ကိုပဲဖြစ်စေ၊ နိုင်ငံခြားသားတစ်ယောက်ကိုပဲဖြစ်စေ နားလည်နိုင်မယ့်နည်းလမ်း တစ်ခုခုတော့ ရှိနေမှာပဲ။

သည်လိုသဘောမျိုးနဲ့ပဲ လူသားအားလုံးနဲ့သက်ဆိုင်တဲ့ ယေဘုယျသဘောတစ်ခု ရှိနေတယ်လို့ ကျွန်တော်တို့ပြောနိုင်ပါတယ်။ ဒါပေမဲ့ သည်ယေဘုယျသဘောဟာ နဂိုကတည်းက သူ့ဘာသာသူ ရှိနှင့်ပြီးသားအရာမျိုးတော့ မဟုတ်ပါဘူး။ အကြိမ်ကြိမ်ဖန်တီးနေရတဲ့ အရာသာဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ရွေးချယ်ရင်း သည်ယေဘုယျသဘောကို ဖန်တီးလိုက်ခြင်း ဖြစ်ပါတယ်။ ကာလတစ်ခုခုက တခြား လူတစ်ယောက်ယောက်ရဲ့ ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ခြင်းအားဖြင့် သည်ယေဘုယျသဘောကို ဖန်တီးလိုက်ခြင်း ဖြစ်ပါတယ်။ သည်လိုလွတ်လပ်စွာရွေးချယ်နိုင်မှုရဲ့ အကန့်အသတ်မရှိ ခြွင်းချက်မရှိတဲ့သဘောဟာ ကာလတစ်ခုနဲ့တစ်ခုကြားက ဆက်စပ် နှိုင်းယှဉ်တည်ရှိမှုသဘောကို ပြောင်းလဲစေခြင်းတော့ မရှိပါဘူး။

ဖြစ်တည်မှုဝါဒရဲ့ နှလုံးသားဗဟိုချက် တည့်တည့်မှာရှိတဲ့

www.burmeseclassic.com



အရာကတော့လွတ်လပ်စွာဆုံးဖြတ်လုပ်ဆောင်နိုင်ခွင့်ရဲ့အကန့် အသတ်ကင်းမဲ့မှုသဘောဖြစ်ပါတယ်။လူသားတိုင်းဟာအကန့် အသတ်မဲ့ ဆုံးဖြတ်လုပ်ဆောင်နိုင်မှုနဲ့ပဲ လူ့လောက ပုံစံတစ်ခုကို ဖန်တီးရင်း ကိုယ့်ကိုယ်ကိုယ်လည်း ဖန်တီးနေပါတယ်။ ဘယ်လို ခေတ်ကာလ၊ ဘယ်လို ဆုံးဖြတ်လုပ်ဆောင်ချက်တိုင်းကိုမဆို လူသားတိုင်းက နားလည်နိုင်ပါတယ်။ သည် အကန့်အသတ်မဲ့ ဆုံးဖြတ်လုပ်ဆောင်ချက်ဟာ ဓလေ့ယဉ်ကျေးမှုဆိုင်ရာပုံစံနဲ့ နှိုင်း ယှဉ် တည်ရှိမှုနဲ့လည်း ဆက်စပ်နေတယ်။ ယဉ်ကျေးမှုပုံစံတွေရဲ့ နှိုင်းယှဉ်တည်ရှိမှုဟာ လူသားရဲ့ အကန့်အသတ်မဲ့ ဆုံးဖြတ် လုပ် ဆောင်ချက်ကနေ ထွက်ပေါ်လာခြင်းပင် ဖြစ်နိုင်တယ်လို့ ဖြစ် တည်မှုဝါဒက ခံယူထားပါတယ်။ ဒေးကားဝါဒရဲ့ နှိုင်းယှဉ် တည်ရှိ မှုနဲ့ ဒေးကားဝါဒအတိုင်း ဆုံးဖြတ်လုပ်ဆောင်ချက်ရဲ့ အကန့် အသတ်မဲ့မှုသဘောကို အညီအမျှ ရှုမြင်ရပါမယ်။ သည် အဓိပ္ပာယ်မျိုးနဲ့ဆိုရင် ကျွန်တော်တို့ လူသားတိုင်းဟာ အသက်ရှူ ခြင်း၊ အစာစားခြင်း၊ အိပ်ခြင်း၊ ပြုမူခြင်းဖြင့်(ဘယ်လိုပုံစံမျိုးနဲ့ အသက်ရှူရှူ ဘယ်လိုပုံစံမျိုးနဲ့ အစာစားစား၊ ဘယ်လိုပုံစံမျိုးနဲ့ အိပ်အိပ်၊ ဘယ်လိုပုံစံမျိုးနဲ့ ပြုမူပြုမူ) အကန့်အသတ် ကင်းမဲ့သူ အဖြစ်ကို ဖန်တီးနေတယ်လို့ ပြောချင်ရင်ပြောနိုင်ပါတယ်။ လွတ် လပ်တဲ့တည်ရှိမှုနဲ့ အကန့်အသတ်ကင်းမဲ့တဲ့ တည်ရှိမှုတို့ဟာ မခြားနားပါဘူး။ (သည်နေရာမှာ လွတ်လပ်တဲ့တည်ရှိမှု ဆိုတာ ဟာ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်နေတဲ့တည်ရှိမှုကို ပြောတာပါ။ ကိုယ့်အနှစ်သာရကို ရွေးချယ်နေတဲ့ ဖြစ်တည်မှုကို ပြောတာပါ) ဒါကြောင့် သမိုင်းဖြစ်ရပ်အတွင်းမှာ ယာယီခေတ္တ နေရာယူထား တဲ့ အကန့်အသတ်မဲ့တည်ရှိမှုနဲ့ လူသားအားလုံး နားလည်နိုင်တဲ့ တည်ရှိမှုအကြား ဘာမှမခြားနားပါ။

ယခု ကျွန်တော်ပြောတဲ့အချက်ဟာ ပုဂ္ဂလဓိဋ္ဌာန်ကျတယ်

www.burmeseclassic.com



ဆိုတဲ့ စွပ်စွဲချက်ကို အပြည့်အဝ ချေပနိုင်ခြင်းမရှိပါဘူး။ တကယ့်လက်တွေ့မှာလည်း ဖြစ်တည်မှုဝါဒဟာ ပုဂ္ဂလဓိဋ္ဌာန်ကျတယ်ဆိုတဲ့ စွပ်စွဲချက်ဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ရှိနေပါတယ်။ ပထမစွဲချက်ပုံစံကတော့ 'ဒါဆိုရင် ခင်ဗျားတို့ ဘာပဲလုပ်လုပ် အရေးမကြီးဘူးပေါ့'ဆိုတဲ့စကားနဲ့ တင်တဲ့စွဲချက်ပါ။ သည် စကားကိုလည်း နည်းလမ်းအမျိုးမျိုးနဲ့ ပြောတတ်ကြပါတယ်။ ပထမဆုံးစွဲချက်အဖြစ် မင်းမဲ့ဆန်တယ်လို့ ဆိုလိုက်တာပါပဲ။ နောက်တော့ 'ခင်ဗျားတို့ဟာ တခြားသူတွေကို ဝေဖန်အကဲခတ်လို့ မရနိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ရည်ရွယ်ချက်တစ်ခုကို တခြား ရည်ရွယ်ချက်တစ်ခုထက် ပိုမိုသဘောကျစရာအကြောင်း မရှိလို့ပါပဲ' လို့ ပြောပါတယ်။ နောက်ဆုံးစွဲချက်အနေနဲ့တော့ 'ခင်ဗျားတို့ရဲ့ ရွေးချယ်ပိုင်ခွင့်ဆိုတာထဲမှာ အရာအားလုံးဟာ ဆန္ဒစွဲတွေချည်းသာဖြစ်တယ်။ လက်တစ်ဖက်က ယူဟန်ဆောင်ပြီး တခြား လက်တစ်ဖက်က လွှင့်ပစ်နေတာပဲ'လို့ ပြောပါတယ်။ သည်စွဲချက် သုံးချက်ဟာ သိပ်လေးနက်တဲ့ စွဲချက်တွေတော့ မဟုတ်ကြပါဘူး။

'ဘာကိုပဲရွေးရွေး ခင်ဗျားရွေးတဲ့အရာဟာ ဘာမှအရေးမပါအရာမရောက်တော့ဘူးပေါ့'ဆိုတဲ့ ပထမဆုံးစွဲချက်ဟာ မမှန်ပါဘူး။ ရွေးချယ်မှုကဖြစ်နိုင်ပြီး မဖြစ်နိုင်တာကတော့ မရွေးချယ်ပဲနေခြင်းပါပဲ။ ကျွန်တော်ဟာ အမြဲတမ်း ရွေးချယ်နိုင်ပါတယ်။ သိထားရမှာက မရွေးချယ်ဘူးဆိုရင်လည်း အဲဒါဟာ ရွေးချယ်မှုတစ်ခုသာဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ ဒီအချက်ဟာ ပုံသေသဘောသက်သက်လို့ ထင်ရပေမယ့် စိတ်ကူးယဉ်မှုတွေနဲ့ စိတ်ရှုပေါက်မှုတွေအတွက် အကန့်အသတ်တစ်ခုအဖြစ် အလွန်အရေးပါလှပါတယ်။ ဘာကြောင့်လဲဆိုတော့ တကယ့် လက်တွေ့အခြေအနေတစ်ရပ်နဲ့ ရင်ဆိုင်ရတဲ့အခါမှာ သည် အခြေအနေတွေနဲ့ပတ်သက်တဲ့ ကိုယ့်သဘောထားကို မရွေးမနေရ ရွေးချယ်

www.burmeseclassic.com



ရမှာဖြစ်ပြီး သည်ရွေးချယ်မှုအတွက် တာဝန်အားလုံးကိုလည်း ကိုယ်သာ ယူရမှာဖြစ်လို့ပါပဲ။ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ရင်း လူ့လောကကြီးတစ်ခုလုံးကိုလည်း ဆုံးဖြတ်ပေးပါတယ်။ ပုံစံပြရရင် ကျွန်တော်ဟာ လိင်ကိစ္စ ဆန္ဒရှိသူတစ်ယောက်ဖြစ်ပြီး လိင်မတူသူတစ်ဦးနဲ့ဆက်ဆံကာ ကလေးယူနိုင်သူ ဖြစ်နေတယ်ဆိုရင် သည်အခြေအနေနဲ့ပတ်သက်ပြီး ကိုယ့်သဘောထားကို ရွေးချယ်ရပါမယ်။ ကျွန်တော့်ရဲ့ရွေးချယ်မှုကို ရှိနှင့်ပြီးသား တန်ဖိုးတရားတစ်ခုနဲ့ ပြဋ္ဌာန်းလိုက်တာမဟုတ်ပေမယ့် စိတ်ရူးပေါက်လို့ ဖြစ်ပေါ်လာတာလည်း မဟုတ်ပါ။

ကျွန်တော်ပြောနေတာဟာ အင်ဒရေးဇိ(Andre` Gide) ရဲ့ **လွတ်လပ်သောအလုပ်သဘောတရားများ**သာ ဖြစ်တယ်လို့ ဆိုလာရင် သည်လိုဆိုလာသူဟာ သဘောတရားနှစ်ခုကြားမှာရှိတဲ့ ဧရာမခြားနားချက်ကြီးကို မြင်အောင်မကြည့်သူလို့ ပြောရပါလိမ့်မယ်။ အင်ဒရေးဇိဟာ 'အခြေအနေ'ဆိုတဲ့အရာကို မသိပါဘူး။ ဒါကြောင့် သူ့ရဲ့'အလုပ်'ဟာ ရေမရောတဲ့ စိတ်ရူးပေါက်မှုစစ်စစ်တစ်မျိုးသာ ဖြစ်ပါတယ်။

ကျွန်တော်တို့အမြင်က အင်ဒရေးဇိရဲ့အမြင်နဲ့ မတူပါဘူး။ ကျွန်တော်တို့ရဲ့အမြင်မှာ လူဟာ မိမိကိုယ်ကို အခြေအနေစုတစ်ခုအတွင်းမှာပဲ ပြန်တွေ့နေရတယ်။ သည်အခြေအနေစုကလည်း သူ့ဘာသာပါဝင်ပတ်သက်နေတဲ့ အခြေအနေစု ဖြစ်ပါတယ်။ သူ့ရွေးချယ်မှုဟာ လူ့လောကကြီးတစ်ခုလုံးကိုပါ ပါဝင်ပတ်သက်လာစေတယ်။ ရွေးချယ်မှုကို ရှောင်ရှားလို့လည်းမရနိုင်ဘူး။ ရှေ့မှာပြခဲ့တဲ့ပုံစံထဲက အခြေအနေအတွင်း ရောက်နေသူဟာ အိမ်ထောင်မပြုဘဲ လူပျိုလူလွတ်ဘဝမှာ နေချင်လည်း နေရမယ်။ ဒါမှမဟုတ် အိမ်ထောင်ပြုပြီး ကလေးယူချင်လည်း ယူရမယ်။ တစ်ခုခုကိုတော့ သူရွေးချယ်ရမှာပဲ။ ဘာကိုပဲ ရွေး

www.burmeseclassic.com





ချယ်ရွေးချယ် သည့်အခြေအနေနဲ့ပတ်သက်ရင် သူဟာ တာဝန်အားလုံးကို ယူရပါလိမ့်မယ်။ မယူဘဲနေလို့တော့ မရပါဘူး။သူဟာ တရားဝင်ရှိနှင့်ပြီးသား ကျင့်ဝတ်တစ်ခုခု၊ တန်ဖိုးတရား တစ်ခုခုကို မထောက်ဘဲရွေးချယ်လိုက်တာ သံသယရှိစရာမလိုပါ။ ဒါပေမဲ့ ဒါကို စိတ်ရူးပေါက်သလိုလုပ်တာဖြစ်တယ်လို့ စွပ်စွဲရင်တော့ သမာသမတ်ကျမှာ မဟုတ်ပါဘူး။ ကျင့်ဝတ်ဆိုင်ရာ ရွေးချယ်မှုဟာ အနုပညာတစ်ရပ်ကို ဖန်တီးတာနဲ့ တူတယ်လို့သာ ပြောပါရစေ။

သည်နေရာမှာ ကျွန်တော်တို့ဟာ အနုပညာဆိုင်ရာ ကျင့်ဝတ်တစ်ခုကို ဟောပြောနေတာမဟုတ်တဲ့ အကြောင်းတော့ ပြောထားရပါဦးမယ်။ ကျွန်တော်တို့ကို ဆန့်ကျင်တိုက်ခိုက်နေကြသူတွေဟာ အလွန်မရိုးသားကြတာဆိုတော့ သည်အချက်ကို ယူပြီး ပုတ်ခတ်ဝေဖန်ကြမှာ စိုးလို့ပါ။ ကျွန်တော်ကတော့ နှိုင်းယှဉ်တဲ့သဘောလောက်နဲ့ အနုပညာလက်ရာကို ရည်ညွှန်းလိုက်ခြင်း ဖြစ်ပါတယ်။ ဒါကိုနားလည်သဘောပေါက်ပြီဆိုရင် ကျွန်တော် မေးခွန်းတစ်ခုမေးမယ်။ ပန်းချီဆရာတစ်ယောက်က ပန်းချီကားတစ်ချပ်ကို ရေးဆွဲတဲ့အခါမှာ သူ့ကို ရှိနှင့်ပြီးသား စည်းကမ်းတွေကို မလိုက်နာဘူးဆိုပြီး အပြစ်တင်ကြပါသလား။ သူဆွဲသင့်တဲ့ပန်းချီကားဟာ ဘာလဲဆိုတဲ့ မေးခွန်းကို မေးဖူးကြပါသလား။ လူတိုင်းသိကြတဲ့အတိုင်းပဲ။ ပန်းချီဆရာတစ်ယောက်ရေးဆွဲရမယ့်ပန်းချီကားအတွက် ကြိုတင်သတ်မှတ် ပြဋ္ဌာန်းထားတာ မရှိပါဘူး။ ပန်းချီဆရာဟာ ပန်းချီကားတစ်ချပ်ရဲ့ ဖွဲ့စည်းပုံကို သူ့ဘာသာ ဖန်တီးရတာပါ။ ဆွဲသင့်တဲ့ပန်းချီကားဆိုတာ ဆွဲပြီးတဲ့ပန်းချီကားသာလျှင် ဖြစ်ပါတယ်။ နောက်ပြီး နဂိုကတည်းကရှိနှင့်တဲ့ အနုပညာတန်ဖိုးလို့မရှိတာလည်း လူတိုင်းအသိပါ။ အချိန်တန်ရင် ပန်းချီကားနဲ့ပတ်သက်ပြီး တန်ဖိုးတွေ ပေါ်ထွက်

www.burmeseclassic.com



လာတာပါပဲ။ ဖန်တီးချင်တဲ့ အလိုဆန္ဒနဲ့ ဖန်တီးပြီးတဲ့အနုပညာ လက်ရာကြားက ဆက်စပ်မှုအတွင်းမှာပဲ တန်ဖိုးက ပေါ်ထွက်လာတာပါ။ အနာဂတ်ကာလရဲ့ ပန်းချီကားဟာ ဘာဖြစ်လိမ့်မယ်ဆိုတာကို ဘယ်သူမှ ကြိုတင်မပြောနိုင်ပါဘူး။ ပန်းချီကားကိုမဆွဲရသေးခင် ဘယ်သူမှ ကြိုတင်ပြီး တန်ဖိုးဖြတ်နိုင်ခြင်း မရှိပါဘူး။ သည်အနုပညာသဘောနဲ့ ကျင့်ဝတ်တရားဟာ ဘယ်လိုပတ်သက်နေသလဲ။ ကျွန်တော်တို့ဟာ ဖန်တီးမှုပြုရတဲ့ အခြေအနေ တစ်မျိုးတည်းအတွင်းမှာ ရောက်ရှိနေရပါတယ်။ အနုပညာ လက်ရာတစ်ခုအကြောင်းကို ပြောတဲ့အခါမှာ တာဝန်မရှိဘူးလို့ ကျွန်တော်တို့ ဘယ်သောအခါမှ မပြောပါဘူး။ ပီကာဆိုရဲ့ ပန်းချီကားတစ်ချပ်ကို ကျွန်တော်တို့ ဝေဖန်ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ ကောင်းကောင်းကြီး သဘောပေါက်နေတာက ပီကာဆိုရေးဆွဲနေတဲ့အချိန်မှာပဲ ပန်းချီကားရဲ့ ဖွဲ့စည်းမှုဖြစ်တည်လာရတယ်ဆိုတဲ့ အချက်ရယ်၊ ပီကာဆိုရဲ့ အနုပညာလက်ရာတွေဟာ ပီကာဆိုဘဝရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတွေဖြစ်တယ်ဆိုတဲ့ အချက်ရယ်ပါပဲ။

ကျင့်ဝတ်တရား ဆိုင်ရာနယ်ပယ်မှာလည်း ထိုနည်းတူပါပဲ။ အနုပညာနဲ့ ကျင့်ဝတ်တရားတို့ကြားက တူညီချက်က ဒါပါပဲ။ နှစ်ခုစလုံးမှာ တီထွင်ဖန်တီးရတာချည်း ဖြစ်ပါတယ်။ လုပ်သင့်တဲ့အရာ ဘာလဲဆိုတာကို ကြိုတင်ဆုံးဖြတ်လို့ မရပါဘူး။ သည်အချက်ဟာ ကျွန်တော့်ဆီကိုလာပြီး အကြံဉာဏ်တောင်းတဲ့ တပည့်လေးရဲ့ကိစ္စအကြောင်းကို ပြောခဲ့တုန်းက ရှင်းလင်းပြီးပြီလို့ ထင်ပါတယ်။ သူ့အနေနဲ့ ကန့်ရဲ့နီတိကိုသာမကဘဲ တခြားဘယ်လိုနီတိမျိုးကိုပဲ အားကိုးစေကာမူ ဘယ်နီတိမှာမှ လမ်းညွှန်တွေ့မှာ မဟုတ်ပါဘူး။ သူ့အတွက် ဥပဒေကို သူ့ဘာသာ တီထွင်ဖန်တီးရမှာ ဖြစ်ပါတယ်။ အမေနဲ့အတူတူနေထိုင်ဖို့ ရွေးချယ်

www.burmeseclassic.com



လိုက်တယ်ဆိုပါစို့။ ပုဂ္ဂလိကဆိုင်ရာ မေတ္တာတရားနဲ့ ခံစားချက်ကို သူ့ရဲ့ကျင့်ဝတ်တရား အခြေခံအဖြစ် ခံယူလိုက်တဲ့အတွက် တာဝန်မဲ့ရွေးချယ်မှုကို လုပ်လိုက်တာပဲလို့ ကျွန်တော်တို့ မပြော နိုင်ပါ။ ဒါမှမဟုတ် အင်္ဂလန်ကိုသွားပြီး သက်စွန့်ဆံဖျားအလုပ်ကို ရွေးချယ်လိုက်ပြန်ရင်လည်း အမေကို ထားပစ်ခဲ့တယ်ဆိုပြီး တာဝန်မဲ့ရွေးချယ်မှုကို လုပ်လိုက်တယ်လို့ မပြောနိုင်ပြန်ဘူး။ လူ ဟာ သူ့ကိုယ်သူဖန်တီးတယ်။ လူဟာ သူ့ကိုယ်သူ ပြုလုပ်တယ်။ လူဟာ အသင့်စီမံပြုလုပ်ထားတဲ့အရာ မဟုတ်ပါ။ လူဟာ သူ့ ကျင့်ဝတ်တရားကို သူ့ဘာသာသူရွေးချယ်ပြီး သူ့ကိုယ်သူ ဖန်တီး ပါတယ်။ ကျင့်ဝတ်တရားတစ်ခုကို မရွေးမနေရ ရွေးချယ်ရပါ တယ်။ ဒါဟာ သူ့အပေါ် ဖိစီးထားတဲ့ ပတ်ဝန်းကျင်ရဲ့ ဖိအားပါပဲ။ ကျွန်တော်တို့အနေနဲ့ လူကိုသတ်မှတ်ရာမှာ သူ့ရဲ့ ပါဝင်ပတ်သက် မှုတွေနဲ့ ဆက်စပ်ပြီးသတ်မှတ်တာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန် တော်တို့ရဲ့ရွေးချယ်မှုဟာ တာဝန်မဲ့ရွေးချယ်မှု တွေဖြစ်တယ်လို့ ပြောပြီး ဝေဖန်ပုတ်ခတ်တာတွေဟာ လုံးဝ အဓိပ္ပာယ်မရှိပါဘူး။

ဒုတိယစွပ်စွဲချက်အနေနဲ့ လူတွေက ကျွန်တော်တို့ကို ဘာ ပြောသလဲဆိုတော့ 'ခင်ဗျားတို့ဟာ တခြားသူတွေကို ဝေဖန် အကဲဖြတ်နိုင်ခြင်း မရှိတော့ပါဘူး'တဲ့။ သည်စကားဟာ ဆိုလို ချက်ကိုလိုက်ပြီး မှန်လည်းမှန်၊ မှားလည်းမှားတဲ့စကား ဖြစ်ပါ တယ်။ လူတစ်ယောက်ဟာ သူ့ရဲ့ရည်ရွယ်ချက်နဲ့ သူ့ရဲ့ဆုံးဖြတ် လုပ်ဆောင်ချက်တွေကို ပြတ်သားမှုအတိ ရိုးသားမှုအပြည့်နဲ့ ရွေး ချယ်တဲ့အခါတိုင်း သည်ရည်ရွယ်ချက်ဟာ ဘာရည်ရွယ်ချက်ပဲ ဖြစ်ဖြစ် တခြားရည်ရွယ်ချက်တစ်ခုကို ပိုမိုသဘောကျဖို့ မဖြစ်နိုင် ဘူးဆိုတဲ့ သဘောမျိုးနဲ့ သည်စွဲချက်ကိုပြောတာ ဆိုရင်တော့ မှန်တယ်လို့ ပြောရပါမယ်။ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေဟာ တိုးတက်မှုကိုမယုံကြည်ဘူးလို့ ဆိုလိုတာဖြစ်ရင် သည်စွဲချက်

www.burmeseclassic.com



မှန်ပါတယ်။ တိုးတက်မှုဆိုတာ ပိုမိုကောင်းမွန်မှုကို ရည်ညွှန်းပါတယ်။ သို့ပေမယ့် လူဆိုတာ အမြဲတမ်း အတူတူပါပဲ။ အမြဲတမ်းပြောင်းလဲနေတဲ့ အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေရတာချည်းပါပဲ။ ရွေးချယ်မှုဆိုတာလည်း အခြေအနေအတွင်းက ရွေးချယ်မှုတစ်ခုသာ ဖြစ်နေတာချည်းပါပဲ။ ကျင့်ဝတ်တရား ပြဿနာကလည်း ဘာမှအပြောင်းအလဲ မရှိပါဘူး။ ကွန်စနစ်နဲ့ ကွန်စနစ်ဆန့်ကျင်ရေးကြားက ရွေးချယ်မှုတစ်ခုဖြစ်ခဲ့တဲ့ အချိန်ကစပြီး ကျင့်ဝတ်တရားပြဿနာဟာ ဘာမှအပြောင်းအလဲ မရှိပါ။ ပုံစံပြရမယ်ဆိုရင် ဆယ့်ကိုးရာစုအတွင်းမှာ ကွန်စနစ်ကို တရားဝင်ကျင့်သုံးတဲ့ ပြည်နယ်ဆယ့်တစ်ခုက အမေရိကန် ပြည်ထောင်စုအတွင်းမှ ခွဲထွက်ဖို့လုပ်တဲ့အတွက်ဖြစ်ခဲ့တဲ့ စစ်ပွဲကာလမှာ ကွန်မြူနစ်တွေနဲ့ အမ်အာရ်ပီအဖွဲ့ (movement republicain populaire)ကြား ရွေးချယ်နေရတဲ့ ယနေ့ကာလအထိ ကျင့်ဝတ်ပြဿနာဟာ ဘာမှ အပြောင်းအလဲမရှိပါဘူး။

သို့ပေမယ့်လည်း ကျွန်တော်တို့ဟာ တခြားသူတွေကို ဝေဖန် အကဲဖြတ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ပြောခဲ့တဲ့အတိုင်း လူတစ်ယောက်ဟာ တခြားသူတွေကို ထည့်သွင်းစဉ်းစားပြီး ရွေးချယ်တာဖြစ်လို့ပါပဲ။ လူတစ်ယောက်ဟာ တခြားသူတွေကို ထည့်သွင်းစဉ်းစားပြီး ကိုယ့်ကိုယ်ကိုယ် ရွေးချယ်တာပါ။ လူတစ်ယောက်ဟာ ဘယ်လိုဝေဖန် အကဲဖြတ်နိုင်သလဲဆိုရင် တချို့ကိစ္စတွေမှာတော့ ရွေးချယ်မှုဟာ အမှားပေါ်မှာ အခြေခံထားကြောင်း၊ တချို့ကိစ္စတွေမှာတော့ အမှန်ပေါ်မှာ အခြေခံထားကြောင်း စသည်ဖြင့် ဝေဖန်အကဲဖြတ်နိုင်ပါတယ်။ (သည်ဝေဖန်အကဲဖြတ်ချက်က ကျင့်ဝတ်တန်ဖိုးဆိုင်ရာ ဝေဖန်အကဲဖြတ်ချက်တော့ ဟုတ်ကောင်းမှဟုတ်ပါမယ်။ ယုတ္တိဗေဒဆန်တဲ့ ဝေဖန်အကဲဖြတ်ချက်သာ ဖြစ်ကောင်းဖြစ်နေပါမယ်)

www.burmeseclassic.com





လူတစ်ယောက်ကိုဝေဖန်တဲ့အခါ သူ့ကိုယ်သူ လိမ်ညာနေတယ် လို့ပြောပြီး ဝေဖန်နိုင်ပါတယ်။ ကျွန်တော်တို့ဖြစ်တည်မှုဝါဒီတွေ ဟာ လူတစ်ယောက်ရဲ့အခြေအနေကို လွတ်လပ်တဲ့ရွေးချယ်မှု အဖြစ် သတ်မှတ်ထားပါတယ်။ သည်ရွေးချယ်မှုဟာ ဆင်ခြေ မပါတဲ့ရွေးချယ်မှု ဖြစ်ပါတယ်။ အကူအညီကင်းမဲ့တဲ့ ရွေးချယ်မှု ဖြစ်ပါတယ်။ ဒါကြောင့် ရမ္မက်စိတ်တွေထန်လာလို့ လုပ်မိတာပါ ဆိုပြီး ရမ္မက်ဆင်ခြေရဲ့နောက်မှာ ပုန်းရှောင်ထွက်ပြေးနေတဲ့ လူ တွေ၊ လူဟာ ကိုယ့်ကိုယ်ကိုယ်မပိုင်ဘူး ပြဿနာန်းခံနေရသူတွေသာ ဖြစ်တယ်ဆိုတဲ့ ဝါဒတစ်ခုခုကိုတီထွင်ပြီး ရှောင်ပြေးတဲ့လူတွေ ဟာ ကိုယ့်ကိုယ်ကိုယ် လိမ်ညာနေသူတွေပဲ ဖြစ်ပါတယ်။

'ကိုယ့်ကိုယ်ကိုယ်လိမ်ညာတာမျိုးကို ဘာကြောင့်မရွေး ချယ်သင့်တာလဲ'လို့ အထွန့်တက်နိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် လိမ်ညာတာဟာ သင့်တယ် မသင့်ဘူး၊ ကောင်းတယ် မကောင်း ဘူးစသည်ဖြင့် ကျင့်ဝတ်ဆန်တဲ့ ဝေဖန်ချက်မျိုးကိုတော့ ကျွန် တော် ပေးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်လိမ်ညာမှု ကို မှားယွင်းမှုတစ်ခုအဖြစ် ကျွန်တော်သတ်မှတ်မှာဖြစ်ပါတယ်။ သည်နေရာမှာ အမှန်တရားနဲ့ပတ်သက်တဲ့ ဝေဖန်ဆုံးဖြတ်ချက် တစ်ခုကို ချရပါတော့မယ်။ ရှောင်လွှဲလို့မရတော့ပါဘူး။ ကိုယ့် ကိုယ်ကိုယ်လိမ်ညာမှုဟာ အမှားအယွင်းတစ်ခုဖြစ်ကြောင်း အလွန်ထင်ရှားလှပါတယ်။ ဘာကြောင့်လဲဆိုတော့ လူသားမှာ ရှိတဲ့ အကြွင်းမဲ့လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို ဖုံးကွယ်ပစ်လိုက် တာကိုး။

သည်ရှုထောင့်ကနေပြီးတော့ ကျွန်တော် ပြောပါဦးမယ်။ တချို့သော ကျင့်ဝတ်တွေ၊ တန်ဖိုးတရားတွေဟာ ကျွန်တော့်ကို အုပ်စီးနေပါတယ်။ သည်ကျင့်ဝတ်တွေကြောင့် ကျွန်တော်လုပ် နေရတာပါလို့ ပြောမယ်ဆိုရင် ဒါဟာလည်း ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com



လိမ်ညာမှုတစ်ခုသာဖြစ်တယ်လို့ ကျွန်တော်ပြောပါမယ်။ သည်တန်ဖိုးတရားတွေကို သဘောကျနေတဲ့တစ်ချိန်တည်းမှာ သည်တန်ဖိုးတရားတွေက ကိုယ့်ကိုလွှမ်းမိုးနေပါတယ်လို့ ပြောခြင်းဟာ ကိုယ့်ကိုယ်ကိုယ်ဆန့်ကျင်နေတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လိမ်ညာမှုတစ်ခုလို့ ကျွန်တော်ပြောပါမယ်။

'ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် လိမ်ညာချင်တယ်ဆိုရင်ရော ဘာဖြစ်သလဲ'လို့ တစ်ယောက်ယောက်က မေးလာခဲ့ရင် 'ကိုယ့်ကိုယ်ကိုယ်မလိမ်ညာသင့်ကြောင်း အကြောင်းပြစရာတော့ မရှိပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်လိမ်ညာရင် ကိုယ့်ကိုယ်ကိုယ်လိမ်ညာနေသူတော့ ဖြစ်နေတာပဲ'လို့ ကျွန်တော်ပြောပါမယ်။ 'ကိုယ့်ဘာသာဆန့်ကျင်ခြင်းမရှိဘဲ ရှေ့နောက်ညီညွတ်မှုအပြည့်ရှိတဲ့ သဘောထားမျိုးသာလျှင် ရိုးသားမှုရှိတဲ့သဘောထား'လို့ ကျွန်တော်ပြောပါမယ်။

ယုတ္တိဗေဒဆိုင်ရာဝေဖန်ချက်ကို လုပ်နိုင်သလို ကိုယ်ကျင့်တရားဆိုင်ရာဝေဖန်ချက်တစ်ခုကိုလည်း ကျွန်တော်ပြောနိုင်ပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ တကယ်တိကျခိုင်မာတဲ့ အခြေအနေတွေနဲ့ပတ်သက်ရင် လွတ်လပ်မှုမှာ လွတ်လပ်မှုကလွဲပြီး တခြားရည်ရွယ်ချက်ပန်းတိုင်ရယ်လို့ ဘာမှမရှိနိုင်ဘူးလို့ ကျွန်တော် ပြောခဲ့တာကိုး။ တန်ဖိုးတရားတွေဟာ ကိုယ့်အပေါ်မှာပဲ မှီတည်နေပါကလားလို့ သိမြင်လိုက်တာနဲ့တစ်ပြိုင်နက်သည်လိုအကူအကယ်မဲ့ အထီးကျန်အခြေအနေမျိုးမှာ လူတစ်ယောက်အနေနဲ့ ဆန္ဒရှိနိုင်တာက တစ်ခုတည်းပဲဖြစ်ပါတယ်။ ဒါကတော့ တန်ဖိုးတရားအားလုံးရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ လွတ်လပ်မှုပါပဲ။ လူဟာ လွတ်လပ်မှုကို ယေဘုယျအားဖြင့် လိုချင်နေတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် မလိမ်ညာတဲ့ ရိုးသားသူတွေရဲ့အလုပ်တွေမှာ အဆုံးစွန် အနှစ်သာရအား

www.burmeseclassic.com



ဖြင့် ပါရှိနေတာကတော့ လွတ်လပ်မှုကိုရှာဖွေခြင်းဆိုတဲ့ အချက်ပဲ ဖြစ်တယ်လို့ ဆိုလိုခြင်းသာဖြစ်ပါတယ်။

ကွန်မြူနစ်အဖွဲ့အစည်း တစ်ခုခုမှာပဲဖြစ်စေ၊ တခြား တော်လှန်ရေးအဖွဲ့အစည်း တစ်ခုခုမှာပဲဖြစ်စေ ပါဝင်နေတဲ့လူတစ်ယောက်ဟာ တိကျခိုင်မာတဲ့ ရည်ရွယ်ချက်ပန်းတိုင်တွေကို အလိုရှိနေတာပါပဲ။ သည်ရည်ရွယ်ချက်ပန်းတိုင်တွေဟာလည်း လွတ်လပ်မှုရယူလိုတဲ့ဆန္ဒကို ရည်ညွှန်းနေတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သည်လွတ်လပ်မှုကို အသိုင်းအဝိုင်း အဖွဲ့အစည်းအတွက် အလိုရှိနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေကတော့ လွတ်လပ်မှုကို လွတ်လပ်မှုအတွက် သက်သက် အလိုရှိနေတာပါ။ သီးခြားအခြေအနေတိုင်းမှာ အလိုရှိနေတာ ဖြစ်ပါတယ်။ သည်လိုအလိုရှိရင်းနဲ့ ကိုယ်အလိုရှိတဲ့ လွတ်လပ်မှုဟာ သူတစ်ပါး လွတ်လပ်မှုအပေါ်မှာ လုံးလုံးလျားလျား အမှီပြုနေရတယ်ဆိုတဲ့ အချက်နဲ့ တခြားသူတွေရဲ့ လွတ်လပ်မှုဟာလည်း ကိုယ့် လွတ်လပ်မှုအပေါ်မှာ လုံးလုံးလျားလျား အမှီပြုနေရတယ်ဆိုတဲ့ အချက်ကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

လူတစ်ယောက်ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ဖြစ်တဲ့ လွတ်လပ်မှုကတော့ တခြားသူတွေအပေါ်မှာ အမှီမပြုတာ ထင်ရှားပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်လုပ်ဆောင်ချက်တစ်ခု ရှိလာတာနဲ့ တစ်ပြိုင်နက် ကိုယ့်လွတ်လပ်မှုကို အလိုရှိနေတဲ့တစ်ချိန်တည်းမှာ တခြားသူတွေရဲ့ လွတ်လပ်မှုကိုလည်း အလိုရှိလာရတော့တာပဲ။ လွတ်လပ်မှုကို ကိုယ့်ရဲ့ရည်ရွယ်ချက်အဖြစ် လုပ်ရာမှာ တခြားသူတွေရဲ့ လွတ်လပ်မှုကိုပါ ကိုယ့်ရည်ရွယ်ချက်အဖြစ် လုပ်ပါမှ လုပ်လို့ရတာပါ။ နို့မဟုတ်ရင် လုပ်လို့မရနိုင်ပါဘူး။ အကျိုးဆက်အားဖြင့် 'လူသည် အနှစ်သာရမရှိခင် ဖြစ်တည်မှု အရင်ရှိသော သတ္တဝါ ဖြစ်သည်'ဆိုတဲ့အချက်နဲ့ 'လူသည် မည်သည့် အခြေ

www.burmeseclassic.com



အနေဦးမဆို မိမိ၏လွတ်လပ်မှုမှတပါး တခြား ဘယ်အရာကိုမှ အလိုမရှိနိုင်သော လွတ်လပ်သည့်သတ္တဝါ ဖြစ်သည်' ဆိုတဲ့ အချက်တို့ကို လုံးဝမှန်ကန်တဲ့အချက်များအဖြစ် ကျွန်တော် သဘောပေါက်လိုက်တဲ့အခါမှာ တခြားသူတွေရဲ့ လွတ်လပ်မှုကို လည်း အလိုမရှိလို့ မရနိုင်ပါလားဆိုတာကို သဘောပေါက် သွားပါတယ်။

သည်လိုနဲ့ လူဆိုတဲ့ လွတ်လပ်မှုအတွင်းမှာ ပါနေတဲ့ 'လွတ် လပ်မှုကိုလိုလားတဲ့ စိတ်ဇောဆန္ဒ'ကို အကြောင်းပြုပြီး ကျွန်တော် ဟာ သူများတွေကို ဝေဖန်ဆုံးဖြတ်နိုင်ပါတယ်။ အပြင် ပယောဂ မပါ ကိုယ့်စိတ်ဆန္ဒသက်သက်နဲ့သာ ဖန်တီးရတဲ့ ဖြစ်တည်မှုရဲ့ သဘာဝရယ်၊ ဖြစ်တည်မှုရဲ့ အကန့်အသတ်မဲ့ လွတ်လပ်မှုရယ် ကို ဖုံးကွယ်ဖျောက်ဖျက်ဖို့ ကြိုးစားနေကြသူတွေ အပေါ် ဝေဖန် ဆုံးဖြတ်နိုင်တာပါ။ လုပ်ရိုးလုပ်စဉ်အတိုင်း လိုက်နာ ဆောင်ရွက်ရ သယောင် ဟန်ဆောင်ပြီးတော့ဖြစ်စေ၊ ကြိုတင် ပြဋ္ဌာန်းခံနေရ တာပါဆိုတဲ့ ဆင်ခြေတွေနဲ့ဖြစ်စေ သည်အကြွင်းမဲ့ လွတ်လပ်မှုမှ ပုန်းရှောင်တဲ့သူတွေကို 'သူရဲဘောကြောင်သူတွေ'လို့ ကျွန်တော် ခေါ်ဆိုပါမယ်။ ကိုယ့်ဖြစ်တည်မှုဟာ သည်ကမ္ဘာမြေက လူသား မျိုးနွယ်ပေါ်ပေါက်မှုအတွင်း မတော်တဆတိုက်ဆိုင်မှု တစ်ခုမျှ သာ ဖြစ်ပါလျက်နဲ့ ဧကန်ဧက ရှိကိုရှိရမယ့်အရာ ဖြစ်တယ်လို့ ထောက်ပြနေသူများကို အနှစ်မရှိတဲ့သူတွေလို့ ကျွန်တော် ခေါ် ဆိုပါမယ်။ ဒါပေမဲ့ တကယ့်အရှိတရား အစစ်အမှန်တရားရဲ့ အဆင့်မှာသာ ဘယ်သူဟာ သူရဲဘောကြောင်သူဖြစ်ပြီး ဘယ်သူ ဟာ အနှစ်မရှိတဲ့သူဖြစ်တယ်ဆိုတာကို တိတိကျကျ သတ်မှတ်နိုင် တာဖြစ်ပါတယ်။ တခြား ဘယ်အဆင့်မျိုးမှာမှ တိတိကျကျသတ် မှတ်လို့ မရနိုင်ပါဘူး။ ဒါကြောင့် ကိုယ်ကျင့်တရားရဲ့ အတွင်းသား တွေဟာ ထွေပြားပေမယ်လို့ သည် ကိုယ်ကျင့်တရားရဲ့ တကယ့်

www.burmeseclassic.com





ပုံစံတစ်ခုကတော့ ယေဘုယျ ကျပါတယ်။

လွတ်လပ်မှုဆိုတာ လွတ်လပ်မှုကိုယ်တိုင်ကိုရော သူ တပါးရဲ့ လွတ်လပ်မှုတွေကိုပါ လိုချင်တဲ့စိတ်ဇောဆန္ဒဖြစ်တယ်လို့ ကန့်က ထုတ်ဖော်ပြောကြားသွားပါတယ်။ ဒါကို ကျွန်တော်တို့ သဘောတူပါတယ်။ ဒါပေမဲ့ ကန့်က ကိုယ်ကျင့်တရားတစ်ခုရဲ့ ဖွဲ့စည်းမှုအတွက် ပုံသေဆန်မှုနဲ့ ယေဘုယျကျမှုတို့ လိုအပ်တယ် လို့ ယူဆခဲ့ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ သဘောမတူပါ ဘူး။ အလွန်ယေဘုယျကျလွန်းတဲ့ အခြေခံစည်းမျဉ်း ဥပဒေသ တွေဟာ အလုပ်ကိုဖွင့်ဆို သတ်မှတ်ပြီဆိုတဲ့အခါမျိုးမှာ ပြိုကွဲကုန် တော့တာပဲလို့ ကျွန်တော်တို့ ယူဆပါတယ်။ ကျွန်တော့် တပည့် ကိစ္စကို ပြန်စဉ်းစားကြည့်ရအောင်။ အမေနဲ့ အတူတူနေဖို့ အတွက်ပဲဖြစ်ဖြစ်၊ အမေ့ကိုခွဲခွာသွားဖို့အတွက်ပဲဖြစ်ဖြစ် စိတ် ငြိမ်းချမ်းမှုအပြည့်နဲ့ ဆုံးဖြတ်နိုင်အောင် ဘယ်ကိုယ်ကျင့်တရားရဲ့ ရွေးစည်းမျဉ်းတွေကို အားကိုးရမှာလဲ။ ဘယ်လိုအာဏာစက်ကို အားကိုးနိုင်မလဲ။ အမှန်အမှား ဝေဖန်ဆုံးဖြတ်စရာနည်းလမ်း မရှိ ပါဘူး။ ထည့်သွင်းစဉ်းစားရမယ့် အချက်အလက်တွေဟာ အမြဲ တမ်း ခိုင်မာနေတာချည်းဖြစ်ပါတယ်။ ဒါကြောင့် ကြိုတင် ဟော ကိန်းထုတ်လို့ မရနိုင်ပါဘူး။ အမြဲတမ်း တီထွင်ဖန်တီးရမှာချည်း ပါပဲ။ အရေးကြီးတာက တီထွင်ဖန်တီးမှုဟာ လွတ်လပ်မှုအတွက် လုပ်တာ ဟုတ်မဟုတ်ဆိုတဲ့အချက်ကို သိဖို့သာဖြစ်ပါတယ်။

သာဓကအနေနဲ့ ကိစ္စနှစ်ခုကို စစ်ဆေးကြည့်ရအောင်။ သည်ကိစ္စနှစ်ခုမှာ ခြားနားချက်ရှိပေမယ့် အလွန်တရာဆင်တူ နေတာကို တွေ့ရပါလိမ့်မယ်။ အမေရိကန်စာရေးဆရာမ ဂျော့ အဲလိယော့ရေးတဲ့ ဖလော့စ်မြစ်ကမ်းပေါ်ကစက်ရုံဆိုတဲ့ ဝတ္ထုထဲ မှာ မဂ္ဂီတူလီဗာဆိုတဲ့ မိန်းကလေးတစ်ယောက် ပါဝင်ပါတယ်။ အချစ်ကို အလွန်တန်ဖိုးထားတဲ့ မိန်းကလေးပါ။ သူ့ကိုယ်သူ

www.burmeseclassic.com



လည်း ဒါကိုသိတယ်။ မဂ္ဂိုဟာ စတီဗင်ဆိုတဲ့ လူငယ်တစ်ယောက်ကို ချစ်နေပါတယ်။ စတီဗင်က မထင်မရှားမိန်းကလေး တစ်ယောက်နဲ့ စေ့စပ်ထားပြီးသားပါ။ မဂ္ဂိုဟာ ကိုယ့် တစ်ကိုယ်တော်ပျော်ရွှင်မှုရရေးနောက်ကို ဂမူးရှူးထိုးလိုက်တာမျိုး မလုပ်ဘဲ လူအချင်းချင်း စိတ်ဝမ်းမကွဲရေးကို အဓိကထောက်ဆပြီး ချစ်သူကိုလက်လွှတ်လိုက်ဖို့ ရွေးချယ်လိုက်ပါတယ်။ သူ အနစ်နာခံလိုက်ဖို့ရွေးလိုက်ပါတယ်။

နောက်တစ်ယောက်ကတော့ ပြင်သစ်စာရေးဆရာကြီး စတင်ဒယ်ရဲ့ ပါမာမြို့ကချာတာဟောက်စ်ဝတ္ထုထဲက ဆင်ဇီဗာရီနာ ဖြစ်ပါတယ်။ လူမှာ တကယ်စစ်မှန်တဲ့တန်ဖိုးတွေ ရှိလာအောင် လုပ်ပေးတဲ့အရာဟာ အချစ်စိတ်ပဲဖြစ်တယ်လို့ ဆင်ဇီဗာရီနာက ယုံကြည်ပါတယ်။ ဒါကြောင့် ကြီးကျယ်တဲ့ အချစ်စိတ်အတွက် ဘယ်အရာကိုစွန့်လွှတ်ရစေကာမူ မှန်ကန်တယ်လို့ပဲပြောမယ့်သူပါ။ ဒါကြောင့် (ဖလော့စ်မြစ်ကမ်းပေါ်က စက်ရုံဝတ္ထုထဲက စတီဗင်နဲ့စေ့စပ်ထားတဲ့ မိန်းကလေးတို့ကို ပေါင်းစည်းပေးမယ့်) လင်ချစ်မယားချစ် ရိုးရိုးစင်းစင်းထက် ကြီးကျယ်ခမ်းနားတဲ့အချစ်မျိုးကို ပိုပြီးသဘောကျမယ့်သူ ဖြစ်ပါတယ်။ ဆင်ဇီဗာရီနာဟာ (သူ့ပျော်ရွှင်ချမ်းမြေ့မှုကို ပိုင်ဆိုင်ရရှိရေးအတွက်) စေ့စပ်ထားတယ်ဆိုတဲ့ မိန်းကလေးဘက်က အနစ်နာခံရေးကို ရွေးချယ်ပါလိမ့်မယ်။ နောက်ပြီး စတင်ဒယ် ရေးသားထားတဲ့အတိုင်းပဲ အချစ်အတွက် ကိုယ့်ကိုယ်ကိုယ် စတေးဖို့ ဘဝကတောင်းဆိုလာရင်လည်း ဆင်ဇီဗာရီနာဟာ သူ့ကိုယ်သူ စတေးပစ်လိုက်မှာပဲ။ သည်နေရာမှာ ထင်းထင်းကြီး ဆန့်ကျင်ဖက်ကျနေတဲ့ ကိုယ်ကျင့်တရားနှစ်ခုကို ကျွန်တော်တို့ ရင်ဆိုင်ရပါတော့တယ်။ ဒါပေမဲ့ကျွန်တော်ကတော့ သည်ကိုယ် ကျင့်တရားနှစ်ခုဟာ ဆန့်ကျင်ခြင်းမရှိဘဲ တူညီတဲ့ကိုယ်ကျင့် တရားနှစ်ခုပါလို့ ပြောပါမယ်။

www.burmeseclassic.com





ဘာဖြစ်လို့လဲဆိုတော့ သည်ကိစ္စနှစ်ခုစလုံးမှာ ကြီးစိုးနေတာက လွတ်လပ်မှုချည်းပဲ ဖြစ်တာကိုး။

အဓိပ္ပာယ်ချင်းဆင်တူတဲ့ သဘောထားနှစ်ခုကို စိတ်ကူးကြည့်နိုင်ပါတယ်။ မိန်းကလေးတစ်ယောက်က လက်မြှောက်အရှုံးပေးတဲ့အနေနဲ့ ချစ်သူကိုစွန့်လွှတ်ဖို့ ပိုပြီးလိုလားတယ်။ နောက်တစ်ယောက်က သူ့ရဲ့လိင်စိတ်ဆန္ဒ ပြည့်ဝရေးအတွက် သူ့ချစ်သူရဲ့စေ့စပ်ကြောင်းလမ်းမှုကို လျစ်လျူရှုပစ်ဖို့ ပိုပြီး လိုလားတယ်။ အပေါ်ယံကြည့်လိုက်ရင်တော့ သည်ကိစ္စနှစ်ခုဟာ စောစောက ကျွန်တော်တို့ပြောခဲ့တဲ့ ဝတ္ထုနှစ်ပုဒ်ထဲကကိစ္စနှစ်ခုနဲ့ အတူတူလိုပဲ ထင်ရပါတယ်။ ဒါပေမဲ့ တကယ်တော့ လုံးဝ ခြားနားပါတယ်။ ဆင်ဇီဗာရီနာရဲ့သဘောထားဟာ အလိုရမ္မက် ကြီးလွန်းသူရဲ့ သဘောထားမျိုးနဲ့မတူဘဲ မဂ္ဂီရဲ့သဘောထားမျိုးနဲ့သာ ပိုပြီးတူပါတယ်။ ဒါကြောင့် မြင်တဲ့အတိုင်းပဲ။ ဒုတိယ အချက်ဟာ မှန်လည်းမှန်၊ မှားလည်းမှားဖြစ်နေပါတယ်။ လူတစ်ယောက်ဟာ တစ်ခုခုကိုရွေးချယ်နိုင်ပါတယ်။ ဒါပေမဲ့ လွတ်လပ်တဲ့ဆုံးဖြတ်ပြဋ္ဌာန်းမှုနဲ့သာ ရွေးချယ်နိုင်မှာဖြစ်ပါတယ်။

တတိယစွဲချက်ကတော့ လက်တစ်ဖက်ကပေးတဲ့အရာကို တခြားလက်တစ်ဖက်က ယူတယ်ဆိုတဲ့စွဲချက် ဖြစ်ပါတယ်။ တကယ့်ဆိုလိုချက်က သည်လိုပါ။ ‘ခင်ဗျားတို့ရဲ့ တန်ဖိုးတရားတွေဟာ ဘာမှလေးနက်မှုမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ဘာသာရွေးချယ်ထားတဲ့အရာတွေ ဖြစ်လို့ပဲ’တဲ့။ သည်အတိုင်းပဲဖြစ်နေရတဲ့အတွက် ဝမ်းနည်းပါတယ်လို့သာ ကျွန်တော် ပြန်ပြောရမှာပဲ။ ဒါပေမဲ့ အဖဘုရားသခင်ကို ဖယ်ထုတ်လိုက်ရင် တန်ဖိုးတရားတွေကိုတီထွင်ဖို့ တစ်ယောက်ယောက်တော့ ရှိရပါလိမ့်မယ်။ ကျွန်တော်တို့အနေနဲ့ အရာရာကို တကယ်ဖြစ်နေ ရှိနေတဲ့အတိုင်းပဲ လက်ခံရရှိပါလိမ့်မယ်။ တန်ဖိုးတရားတွေကို

www.burmeseclassic.com



ကျွန်တော်တို့ တီထွင်တယ်ဆိုတဲ့စကားဟာ သည့်ထက် ပိုလည်း မပို၊ လျော့လည်းမလျော့ပါ။ ဘဝမှာ အဓိပ္ပာယ်ဆိုတာ ကြိုတင်ရှိနှင့်တာ မဟုတ်ပါဘူး။ ဘဝဆိုတာရှိမလာခင်အထိ ဘာမှမဟုတ်သေးပါဘူး။ ဒါပေမဲ့ ဘဝရဲ့ အဓိပ္ပာယ်ကို ဖန်တီးရမယ့်သူဟာ ခင်ဗျားကိုယ်တိုင်သာဖြစ်ပြီး ဘဝရဲ့တန်ဖိုးဆိုတာကလည်း ခင်ဗျား ရွေးချယ်လိုက်တဲ့ အဓိပ္ပာယ်မှတစ်ပါး တခြားမဟုတ်ပါဘူး။ ဒါကြောင့် လူ့အဖွဲ့အစည်းတစ်ခုကို ဖန်တီးနိုင်တဲ့ အလားအလာတစ်ခု ရှိနေတာကို ခင်ဗျားတို့ သိမြင်နိုင်လောက်ပါပြီ။

ဖြစ်တည်မှုဝါဒဟာ လူသားဝါဒပုံစံတစ်မျိုး ဖြစ်တယ်လို့ ပြောဆိုတဲ့အတွက် ကျွန်တော့်ကို ပုတ်ခတ်ဝေဖန်ကြပါတယ်။ 'နို့ ခင်ဗျားရဲ့ အော်ဂလီ(Nausea)ဝတ္ထုထဲမှာ လူသားဝါဒီတွေဟာ မှားယွင်းတယ်လို့ ခင်ဗျားပဲရေးခဲ့တာလေ၊ လူသားဝါဒပုံစံတစ်ခုကိုတောင် ခင်ဗျား ပြက်ရယ်လှောင်ပြောင်ခဲ့သေးတယ်။ အခုမှ ဘာကြောင့် လူသားဝါဒဆီ နောက်ပြန်လှည့်ချင်ရတာတုန်း'တဲ့။

တကယ်တော့ လူသားဝါဒဆိုတဲ့စကားလုံးမှာ အလွန် ခြားနားတဲ့ အဓိပ္ပာယ်နှစ်မျိုး ရှိနေပါတယ်။ တစ်မျိုးကတော့ လူကို ရည်မှန်းချက်ပန်းတိုင်ထားပြီး အမြင့်ဆုံးတန်ဖိုးအဖြစ် ခံယူတဲ့ သဘောတရား ဖြစ်ပါတယ်။ သည်လိုလူသားဝါဒမျိုးကို စာရေးဆရာ ကော်တီယူးရေးတဲ့ ကမ္ဘာပတ်လည်ရက်ရှစ်ဆယ်ဆိုတဲ့ ဝတ္ထုထဲမှာ တွေ့နိုင်ပါတယ်။ သည်ဝတ္ထုထဲက ဇာတ်ကောင်တစ်ကောင်ဟာ တောင်တန်းတွေပေါ်ကို လေယာဉ်ပျံနဲ့ပျံသန်းကျော်လွှားရင်း 'လူဟာ အလွန်တရာ ကြီးကျယ်လှပါလား'လို့ ရင့်ကျူးလိုက်ပါတယ်။ ကျွန်တော်ဟာ လေယာဉ်ပျံဆောက်လုပ်တဲ့အထဲမှာ ပါဝင်သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သည်လို သီးသန့် တီထွင်ဖန်တီးမှုတွေရဲ့ အကျိုးဆက်ကိုတော့ ခံစားရရှိနေပါ

www.burmeseclassic.com





တယ်။ နောက်ပြီး လူသားတချို့နဲ့သာပတ်သက်တဲ့ စွမ်းဆောင်အောင်မြင်မှုတွေအတွက် ကိုယ်ဟာလည်း လူသားတစ်ယောက်အဖြစ်နဲ့ တာဝန်ရှိနေတယ်လို့ ကိုယ့်ကိုယ်ကိုယ် ခံယူနိုင်ပါတယ်။ လူရဲ့တန်ဖိုးကို လူတချို့ရဲ့ အထင်ရှားဆုံးစွမ်းဆောင်မှုတွေနဲ့ သတ်မှတ်နိုင်တယ်လို့ ယူဆခြင်းပဲဖြစ်ပါတယ်။ သည်လို လူသားဝါဒမျိုးကတော့ ဘာမှအဓိပ္ပာယ်မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ လူသားနဲ့ပတ်သက်ပြီး ယေဘုယျကျတဲ့ ဆုံးဖြတ် သတ်မှတ်ချက်တစ်ခုကို ချမှတ်ရမယ့်နေရာကို ရောက်နိုင်တာက ခွေးတို့ မြင်းတို့သာဖြစ်တာကိုး။ ဒါပေမဲ့ ကျွန်တော် သိသလောက်ဆိုရင်တော့ ခွေးတွေ မြင်းတွေဟာ လူနဲ့ပတ်သက်ပြီး ယေဘုယျကျတဲ့ ဆုံးဖြတ် သတ်မှတ်ချက်တစ်ခုကို ချမှတ်တဲ့အထိ မမိုက်မဲကြပါဘူး။

ဒါပေမဲ့ လူတစ်ယောက်ဟာလည်း လူသားနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်ချဖို့ အခွင့်မရှိပါဘူး။ ဖြစ်တည်မှုဝါဒဟာ သည်လို ဆုံးဖြတ်ချက်မျိုးကို ငြင်းပယ်ပါတယ်။ ဖြစ်တည်မှုဝါဒီတစ်ယောက်ဟာ လူကို အဆုံးသတ်ပန်းတိုင်အဖြစ်၊ ယတိပြတ် အရာတစ်ခုအဖြစ် ဘယ်တော့မှ ခံယူမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူသားဟာ ဖန်တီးနေရဆဲ အနေအထားမှာပဲ ရှိနေသေးတာကြောင့် ဖြစ်ပါတယ်။

နောက်ပြီး လူ့လောကကြီးဟာ ဒဿနဆရာဩဂတ်ကွန့်တ်(Auguste Comte)လုပ်သလိုမျိုး ကိုးကွယ်စရာဂိုဏ်းတစ်ခုအဖြစ် လုပ်ရမယ့်အရာမျိုးလည်း မဟုတ်ပါဘူး။ လူ့လောကဂိုဏ်းကြီးဟာ ဩဂတ်ကွန့်တ်ရဲ့ လူသားဝါဒမှာတင် နိဂုံးချုပ်သွားခဲ့ပါပြီ။ သူ့ဘာသာလှောင်ပိတ်မိပြီး အဆုံးသတ် သွားတာပါ။ ပြောရမယ်ဆိုရင် ဖက်ဆစ်ဝါဒထဲမှာ နိဂုံးချုပ်သွားခဲ့ပါပြီ။ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေဟာ သည်လို လူသားဝါဒမျိုးကို

www.burmeseclassic.com



အလိုမရှိပါဘူး။

လူသားဝါဒဆိုတဲ့ စကားလုံးမှာ နောက်ထပ် အနက် အဓိပ္ပာယ်တစ်မျိုး ရှိပါသေးတယ်။ ဒါရဲ့ အခြေခံဆိုလိုချက်က 'လူသားသည် အချိန်နှင့်အမျှ မိမိကိုယ်၏ပြင်ပတွင်သာ ရှိနေသည်'တဲ့။ ပြောရမယ်ဆိုရင် လူသားဟာ မိမိကိုယ်ကို ကျော်လွန်တဲ့ ဟိုမှာဘက်မှာ မိမိကိုယ်ကို ဖော်ဆောင်နေတယ်။ မိမိကိုယ်ကို ဆုံးရှုံးနေတယ်။ သည်လိုဖော်ဆောင်ဆုံးရှုံးရင်း လူကို ဖြစ်တည်အောင် သူလုပ်နေပါတယ်။ နောက်ပြီး တစ်ဖက်မှာလည်း ကျော်လွန်ရေးရည်ရွယ်ချက်တွေနောက်ကို လိုက်ခြင်းဖြင့် သူကိုယ်တိုင် ဖြစ်တည်နိုင်နေပါတယ်။ လူဟာ သည်လိုနည်းနဲ့ မိမိကိုယ်ကို ကျော်လွန်နေပြီး အရာဝတ္ထုတွေကိုလည်း ကိုယ့်ကိုယ်ကိုယ် ကျော်လွန်မှုနဲ့ ဆက်စပ်ပြီးတော့သာ နားလည်နိုင်တာ ဖြစ်တဲ့အတွက် သူကိုယ်တိုင်သည်ပင် သူ့ကျော်လွန်မှုအတွက် ဗဟိုချက် ဖြစ်နေပါတော့တယ်။ လူသားလောကကလွဲပြီး တခြားလောက မရှိပါဘူး။ လူသားရဲ့ပုဂ္ဂလဓိဌာန် လောကကလွဲပြီး တခြားလောက မရှိပါဘူး။ လူသားကိုဖွဲ့စည်းထားတဲ့ အရာဖြစ်တဲ့ ကျော်လွန်မှုနဲ့ ပုဂ္ဂလဓိဌာန်ကျမှုတို့ရဲ့ ဆက်စပ်မှုသည်ပင် ကျွန်တော်တို့ပြောတဲ့ ဖြစ်တည်မှုဆိုင်ရာ လူသားဝါဒ ဖြစ်ပါတယ်။ သည်နေရာမှာ ကျော်လွန်မှုဆိုတဲ့စကားက ဘုရားသခင်သည် ကျော်လွန်သည်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ကျော်လွန်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဆိုလိုတာပါ။ ပုဂ္ဂလဓိဌာန်ကျမှုဆိုတာကလည်း လူဟာ ကိုယ့်ကိုယ်ကိုယ်အတွင်းမှာ ပိတ်လှောင်မနေဘဲ အမြဲတမ်း လူသားလောကကြီးအတွင်းမှာ တည်ရှိနေတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးလိုက်တဲ့စကား ဖြစ်ပါတယ်။

သည်ဝါဒဟာ လူသားဝါဒဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မိမိကိုယ်ကလွဲပြီး တရားဥပဒေပြုသူ မရှိဘူးဆိုတဲ့အချက်

www.burmeseclassic.com





ကို ကျွန်တော်တို့က သတိပေးနေလို့ ဖြစ်ပါတယ်။ အထီးကျန် စွန့်ပစ်ခံနေရတဲ့သူကိုယ်တိုင်ကပဲ သူ့အတွက်သူ ဆုံးဖြတ်ပေးရမှာ ဖြစ်တယ်လို့ ကျွန်တော်တို့က သတိပေးနေလို့ ဖြစ်ပါတယ်။ နောက်ပြီး မိမိကိုယ်ကိုပြန်ပြီး အာရုံစိုက်ရုံမျိုးလောက်မဟုတ်ဘဲ မိမိကိုယ်ကိုကျော်လွန်တဲ့ ဟိုမှာဘက်မှာ ရည်ရွယ်ချက်တစ်ခုကို အမြဲတမ်းရှာဖွေနေခြင်းအားဖြင့်သာ လူဟာ ကိုယ့်ကိုယ်ကိုယ် စစ်မှန်တဲ့လူသားတစ်ယောက်ဖြစ်အောင် လုပ်နိုင်ပါတယ်လို့ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီများက ပြသနေလို့ပါပဲ။ သည်ရည်ရွယ်ချက်က လွတ်လပ်မှုဆိုင်ရာ ရည်ရွယ်ချက်တစ်ခု ဒါမှမဟုတ် တစ်စုံတစ်ခု ဖြစ်မြောက် အောင်မြင်ရေးအတွက် ရည်ရွယ်ချက် တစ်ခု ဖြစ်ပါမယ်။

ကျွန်တော့်ရဲ့ ယခုသုံးသပ်တင်ပြချက် နည်းနည်းပါးပါးကို ကြည့်ရုံလောက်နဲ့ ကျွန်တော်တို့အပေါ် တင်တဲ့ စွဲချက်တွေ လောက် သမာသမတ်မကျတဲ့စွဲချက်ရယ်လို့ မရှိနိုင်တာကို ခင်ဗျားတို့ မြင်နိုင်ကြရောပေါ့။ ဖြစ်တည်မှုဝါဒဟာ ရှေ့နောက်ကြောင်းကျိုးညီညွတ်တဲ့ ဘုရားမဲ့အယူအဆတစ်ခုဆီမှ ပြီးပြည့်စုံတဲ့ကောက်ချက်တွေကို ချဖို့ကြိုးပမ်းချက်တစ်ရပ်သာ ဖြစ်ပါတယ်။ ဖြစ်တည်မှုဝါဒရဲ့ ရည်ရွယ်ချက်ဟာ လူကို မျှော်လင့်ချက်တွေကင်းဝေးပြီး စိတ်ပျက်အားငယ်ရမယ့် အနေအထားဆီ တွန်းချဖို့ လုံးဝမဟုတ်ပါဘူး။ ဒါပေမဲ့ ခရစ်ယာန်တွေယူဆသလို မျှော်လင့်ချက်ကင်းမဲ့ခြင်းဟာ ဘုရားသခင်ကို မယုံကြည်တဲ့ စိတ်သဘောထားပဲဆိုရင်တော့ ဖြစ်တည်မှုဝါဒီတွေ ပြောနေတဲ့ မျှော်လင့်ချက်ကင်းမဲ့မှုဟာ သူတို့ခံယူထားတာနဲ့ တခြားစီဖြစ်နေပါတယ်။ ဖြစ်တည်မှုဝါဒဟာ ဘုရားသခင်မရှိကြောင်း သက်သေပြနေတာမျိုးလောက်နဲ့တင် ကိုယ့်ခွန်အားကို ကုန်အောင်ဖြုန်းနေတဲ့ ဘုရားမဲ့ဝါဒမျိုးမဟုတ်ပါဘူး။ ဖြစ်တည်မှုဝါဒရဲ့ ရှုထောင့်က

www.burmeseclassic.com



ကြည့်လိုက်ရင် ဘုရားသခင်ရှိရင်လည်း ရှိတာကြောင့်တော့ ဘာမှ ထူးခြားပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဖြစ်တည်မှုဝါဒီတွေဟာ ဘုရားသခင်မရှိဘူးဆိုတဲ့ ယုံကြည်မှုလောက်သာ ရှိနေကြသူတွေ မဟုတ်ပါဘူး။ တကယ့် ပြဿနာအစစ်အမှန်ဟာ ဘုရားသခင်တည်ရှိမှု၊ မတည်ရှိမှုဆိုတဲ့ ပြဿနာ မဟုတ်ဘူးလို့ ယုံကြည်ထားကြသူများ ဖြစ်ပါတယ်။

လူရဲ့တကယ့်လိုအပ်ချက်က ဘုရားသခင်ရှိကြောင်း သက်သေ အထောက်အထား မဟုတ်ပါဘူး။ လူရဲ့တကယ့်လိုအပ်ချက်က ကိုယ့်ကိုယ်ကိုယ် ပြန်လည်တွေ့ရှိရေးသာ ဖြစ်ပါတယ်။ မိမိကို လက်ရှိဘဝမှ ဘယ်သူဘယ်ဝါကမှ ကယ်ထုတ်မသွားနိုင်ဘူးဆိုတဲ့အချက်ကို နားလည်သဘောပေါက်ရေးသာ ဖြစ်ပါတယ်။ သည်လိုအဓိပ္ပာယ်မျိုးနဲ့သာ ဖြစ်တည်မှုဝါဒက အကောင်းမြင်နေတာ ဖြစ်ပါတယ်။ ဖြစ်တည်မှုဝါဒဟာ အလုပ်ကို ဦးစားပေးတဲ့ ဝါဒပါ။ အလုပ်ကို ပဓာနထားတဲ့ဝါဒပါ။ အလုပ်ကို အလေးဂရုပြုတဲ့ဝါဒပါ။ ကျွန်တော်တို့ကို မျှော်လင့်ချက် ကင်းမဲ့နေသူတွေလို့ ဒေးကားဝါဒီများအနေနဲ့ ပြောဆိုနိုင်ဖို့ကတော့ ကိုယ့်ကိုယ်ကိုယ် လှည့်ပတ် လိမ်ညာခြင်းအားဖြင့်သာ ပြောဆိုနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပြောနေတဲ့ မျှော်လင့်ချက် ကင်းမဲ့ရမှုနဲ့ သူတို့အဓိပ္ပာယ်နဲ့ သူတို့ခံယူထားတဲ့ မျှော်လင့်ချက်ကင်းမဲ့ရမှုတို့ကို အတူတူလို ရောထွေးပစ်ခြင်းဖြင့်သာ ပြောဆိုနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ⑥

www.burmeseclassic.com

# ယန်းပေါ်ဆတ်နှင့် တွေ့ဆုံခြင်း

၁၉၆၄ခုနှစ်အတွက် စာပေဆိုင်ရာ နိုဘယ်ဆုကို ငြင်းပယ်လိုက်သည့်အခါ ပြင်သစ်ဒဿနဆရာကြီး ယန်းပေါ်ဆတ်ကို လူအများက ပြန်လည်စိတ်ဝင်စားလာကြသည်။ (ထိုအချိန်တွင် သူ၏အသက်မှာ ၅၉နှစ်ရှိပြီ။) လူအများစိတ်ဝင်စားသည့် အရာနောက်သို့ လိုက်ပါစုံစမ်းတင်ပြရသော သတင်းမီဒီယာသမားတို့သည်လည်း ဆရာကြီးယန်းပေါ်ဆတ်နှင့် တွေ့ဆုံရဖို့ ကြိုးစားခဲ့ကြသည်။ သို့သော် ပုဂ္ဂလိကလွတ်လပ်ခွင့်ကို အလွန်တန်ဖိုးထားသော ယန်းပေါ်ဆတ်နှင့်တွေ့ရဖို့ကား အလွန်ခက်ခဲသော အခွင့်အလမ်းတစ်ခု ဖြစ်ခဲ့သည်။ ယင်းအခက်အခဲများကြားမှပင် ကမ္ဘာကျော် Playboyမဂ္ဂဇင်းကြီးသည် ယန်းပေါ်ဆတ်၏ ချစ်မိတ်ဆွေ ဆိုင်မွန်ဒီဘိုးဗွား၏ အကူအညီဖြင့် သူ့ကိုတွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့သည်။ အောက်တွင် ယင်းတွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ချက်အချို့ကို ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com



**ပလေးဘွိုင် ■** *ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတဲ့နောက်မှာ ဆရာက အလွန်တင်းကျပ်တဲ့ ဖြစ်တည်မှုဒဿနကို စာတန်းတွေ၊ ဝတ္ထုတွေ၊ ပြဇာတ်တွေရေးပြီး တင်ပြနေခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ကာမဂုဏ် စည်းစိမ်ချမ်းသာတွေနဲ့လည်း ပျော်မွေ့နေတယ်လို့ ပြောကြပါတယ်။ တချို့ကဆိုရင် ဆရာဟာ အပျော်ကျူးနေတယ်လို့ပင် ပြောကြပါတယ်။ ဓလေ့ထုံးစံတို့ စည်းမျဉ်းစည်းကမ်းတို့ကို ဂရုမစိုက်ဘဲ လွတ်လွတ်လပ်လပ် နေထိုင်ကြတဲ့ အဆိုတော်တွေ၊ ပြဇာတ်သရုပ်ဆောင်တွေ၊ ဂီတသမားတွေ၊ ကချေသည်တွေ၊ နိုင်ငံရေးလှုပ်ရှားသူတွေ၊ ဂျာနယ်လစ်တွေ၊ ကျောင်းသားတွေရဲ့ လှုပ်ရှားမှုမှာလည်း ပါဝင်ခဲ့တယ်လို့ ဆိုပါတယ်။ ဆရာနဲ့ ပတ်သက်ပြီး သည်လို ယုန်ထင်ကြောင်ထင် ပြောဆိုနေကြတာကို ဘယ်လိုများရှင်းပြနိုင်မလဲ။*

**ယန်းပေါ်ဆတ်** ◉ ဂီတဝိုင်းတွေမှာ တီးမှုတ်သီဆိုနေကြတဲ့ လူငယ်တချို့က ကျွန်တော့်စာအုပ်တွေကို သဘောကျတာဟာ ကျွန်တော့်ဒဿနနဲ့ ပတ်သက်ရမယ်လို့ပဲ လူတိုင်းက ယူဆနေပါတယ်။ ဒါကြောင့် ညစ်တီးညစ်ပတ် အင်္ကျီကွက်ကျားတွေ ဝတ်နေကြတဲ့ လူငယ်မျိုးဆက်တစ်ခုလုံးအတွက် ကျွန်တော့်မှာ တာဝန် ရှိတယ်လို့ ပြောနေကြတယ်။ တော်တော် အဓိပ္ပာယ် မရှိတာပဲ။

**ပလေးဘွိုင် ■** *'ပူပင်သောက'တို့ 'မျှော်လင့်ချက်မဲ့စိတ်ပျက်မှု' တို့ဆိုတဲ့ ဆရာရဲ့အတွေးအခေါ်တွေဟာ လတ်တလောနှစ်ကာလများအတွင်း ပြင်သစ်ပြည်မှာဖြစ်ပွားခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်မှုတွေအတွက် တာဝန်ရှိတယ်လို့ မယူဆနိုင်ဘူးလား။*

**ယန်းပေါ်ဆတ်** ◉ ဟုတ်ကဲ့။ သည်လိုပဲ ပြောဆိုနေကြတာပဲ။ ဂျာနယ်တစ်စောင်မှာဆိုရင် ကျွန်တော်နဲ့ပတ်သက်ပြီး လုပ်ကြံ

www.burmeseclassic.com



ချဲ့ကားထားတဲ့ ဇာတ်လမ်းတွေနဲ့ ပြည့်နေတာပဲ။ ဇာတ်လမ်းတစ်ခုကို ပြောပြမယ်။ မိန်းကလေးတစ်ယောက်ကို ကျွန်တော်က ဖြားယောင်းမြူဆွယ်ပြီး ကျွန်တော့်အခန်းကိုဖွင့်၊ အထဲကနေ အနံ့မကောင်းတော့တဲ့ ဒိန်ခဲကိုယူ၊ မိန်းကလေးရဲ့ နှာခေါင်းနားကပ်ပြီး ရှူခိုင်းတယ်တဲ့။ ပြီးတော့ တံခါးပေါက်ကိုညွှန်ပြပြီး 'သွားနိုင်ပြီ'လို့ ပြောသတဲ့။ မိန်းကလေးကိုယ်တိုင်က ပြောပြတာဆိုပြီး အဲဒီဂျာနယ်မှာ ဖော်ပြထားတဲ့ ကျွန်တော့်အကြောင်း ဇာတ်လမ်းတစ်ပုဒ်ပါ။

ဒါပေမဲ့ ကျွန်တော့်ကိုအကျင့်ပျက်သူလို့ သူတို့ ဘာကြောင့် ယူဆနေတာလဲဆိုတာ ခင်ဗျားသိရဲ့လား။ ၁၉၄၅ခုနှစ်ကစပြီး သတင်းစာတွေက ကျွန်တော့်ကိုသေသွားပြီလို့ ဖော်ပြခဲ့ကြတယ်။ သတင်းစာတိုင်းက သည်အတိုင်းရေးကြတော့ ကျွန်တော် သေသွားပြီလို့ ကောလာဟလဖြစ်တော့တာပေါ့။ ကျွန်တော် စာစရေးတဲ့ အချိန်ကစပြီး ကျွန်တော်သေတဲ့သတင်းကို မနားတမ်း ကြေညာနေခဲ့တာပဲ။ ကျွန်တော်မရှိတော့ဘူး။ သချိုင်း အုတ်ဂူထဲရောက်သွားပြီလို့ မနားတမ်း ပြောနေခဲ့ကြပါတယ်။ ကျွန်တော် ဟာ သစ္စာဖောက်တစ်ယောက်ဖြစ်တယ်ဆိုပြီး သူတို့ ဒေါသထွက်နေကြတာပါ။ ကျွန်တော်ဟာ ဘူဇွာတစ်ယောက် ဖြစ်လျက်နဲ့ ဘူဇွာလူတန်းစားကို ပြင်းပြင်းထန်ထန် ဝေဖန် တိုက်ခိုက်နေတယ်လေ။ အသက်ကြီးသူတစ်ယောက်ဖြစ်လျက်နဲ့ လူငယ်တွေနဲ့ပဲ အများဆုံးပေါင်းသင်းနေတယ်လေ။ ကျွန်တော်က လူငယ်တွေနဲ့ အဆင်ပြေတယ်ဗျ။ လူငယ်တွေဟာ ကျွန်တော့်ရဲ့ အခြေခံလူထုပဲ။ အသက်လေးဆယ် ကျော်သွားတဲ့သူတွေကတော့ ကျွန်တော့်ကို သဘောမကျတတ်ဘူး။ သူတို့ငယ်ငယ်တုန်းက သဘောကျခဲ့ရင်တောင်မှ အခု သဘောမကျတော့ဘူး။ သူတို့အမြင်မှာ ကျွန်တော်ဟာ သစ္စာဖောက်ပဲ။ မျိုးဆက်ပဋိပက္ခ ရန်ပွဲအတွင်းက

www.burmeseclassic.com



သစ္စာဖောက်တစ်ယောက်ပဲ။ လူတန်းစားတိုက်ပွဲအတွင်းက သစ္စာဖောက်တစ်ယောက်ပဲ။ ၁၉၄၅ ခုနှစ်မျိုးဆက်က ကျွန်တော်ဟာ သူတို့အပေါ် သစ္စာဖောက်တယ်လို့ ယူဆနေပါတယ်။ သူတို့က ကျွန်တော်ရေးတဲ့ ထွက်ပေါက်မရှိ (No Exit) ပြဇာတ်နဲ့ အော်ဂလီ (Nausea)ဝတ္ထုကိုဖတ်ပြီး ကျွန်တော့်ကို သိခဲ့ကြတဲ့ သူတွေပါ။ အဲဒါတွေ ရေးတဲ့အချိန်တုန်းကဆိုရင် ကျွန်တော်ဟာ မာ့က်စ်ဝါဒဆန်တဲ့ ကျွန်တော့်အယူအဆတွေကို ရေးသားခြင်း မရှိသေးပါဘူး။ အဲဒီ အချိန်တုန်းက မာက်စ်ဝါဒကို ကျွန်တော် စိတ်မဝင်စားသေးပါဘူး။ ကျွန်တော်က ငယ်သေးတယ်။ ငွေရှိတဲ့ မိသားစုမှာ မွေးဖွားလာသူဖြစ်တယ်။ ဒါကြောင့် ဆင်းရဲ ချို့တဲ့မှုတွေနဲ့ အလုပ်တွေရဲ့ တွန်းထိုးဖိစီးမှုကို တွေ့ကြုံစရာမလိုဘဲ သည်လောကကြီးဟာ ငါ့လောကကြီးဖြစ်နိုင်တယ်ဆိုတဲ့ အယူအဆမျိုး ရှိခဲ့ပါတယ်။ သည်လိုအယူအဆနဲ့ပဲ အစွမ်းကုန် ကြိုးစား အားထုတ်ခဲ့ပါတယ်။

**ပလေးဘွိုင် ■** ***အဲဒီအချိန်တုန်းက ကိုယ့်ဘဝနဲ့ပတ်သက်ပြီး ဘာလုပ်ချင်ခဲ့သလဲဆိုတာရော သိခဲ့ရဲ့လား။***

**ယန်းပေါ်ဆတ်** ⑥ သိစပြုပြီလို့ ဆိုရမှာပဲ။ အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်မှာ ကျွန်တော် စာရေးဆရာတစ်ယောက် ဖြစ်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ တက္ကသိုလ်မှာတက်ပြီး ဒဿနပညာကို လေ့လာခဲ့ရပါတယ်။ ကျွန်တော့်ရည်မှန်းချက်က စာပေဆိုင်ရာ ပါမောက္ခဖြစ်ဖို့ပါ။ အဲဒီအချိန်မှာ ဒဿနဆရာကြီး ဟင်နရီဘာ့ဂ်ဆန်ရေးတဲ့ စာအုပ်တစ်အုပ်ကို မမျှော်လင့်ဘဲ ဖတ်လိုက်ရတယ်။ လူရဲ့အသိစိတ်အတွင်းမှာ အချိန်ကို တွေ့ကြုံခံစားရပုံအကြောင်း ခိုင်လုံတဲ့ယုတ္တိဗေဒနည်းနဲ့ ရေးသား ဖော်ပြထားတာကို အဲဒီစာအုပ်ကြီးထဲမှာ တွေ့ရတယ်။ ကျွန်တော်ဟာ အဲဒီ အတွေ့အကြုံရဲ့ အမှန်တရားကို ကိုယ်တိုင်တွေ့ကြုံ သဘော

www.burmeseclassic.com





ပေါက်သွားခဲ့ပါတယ်။ သိပ်မကြာခင်မှာ 'Phenomenology' ကို တွေ့ရတော့တာပဲ။ ဘယ်လိုအရာကိုမဆို ခိုင်လုံတဲ့နည်းနဲ့ ပြောလို့ ရတဲ့အကြောင်း ကျွန်တော် သိသွားပါတော့တယ်။ ဒဿနသင်ရိုး စာအုပ်တွေထဲက ဘာသာစကားထက် ပိုပြီး သာလွန်တဲ့ ပိုပြီးသိပ္ပံနည်းကျတဲ့ တွေးခေါ်နည်းမျိုးနဲ့ ပြောနိုင်တယ်ဆိုတာ သိသွားပါတော့တယ်။ စာပေနဲ့ ဒဿနပညာကို ခိုင်လုံတဲ့ဖော်ပြနည်းတစ်မျိုးနဲ့ ပေါင်းစပ်ဖို့ အကြံရလာပါတယ်။ ဒဿနပညာက နည်းလမ်းနဲ့စည်းကမ်းကို ပေးတယ်။ ကျွန်တော် စိတ်ဝင်စားတာက အရာဝတ္ထုနဲ့ လူရဲ့ကြားမှာရှိတဲ့၊ လူတွေနဲ့ အဲဒီလူတွေကိုယ်တိုင်ရဲ့ ကြားမှာရှိတဲ့ ထူးဆန်းခိုင်မာတဲ့ ဆက်သွယ်မှုတွေကို ရှင်းလင်းရေးပဲ ဖြစ်ပါတယ်။

**ပလေးဘွိုင် ■** ***ဒီဆက်သွယ်မှုတွေကို စူးစမ်းရင်းနဲ့ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျာမန်ဒဿနဆရာကြီး မာတင်ဟိုက်ဒဂ္ဂါးရဲ့ ဩဇာလွှမ်းမိုးမှုကို ခံခဲ့ရတယ်လို့ ဆရာရေးခဲ့တယ်နော်။***

**ယန်းပေါ်ဆတ်** ® ဟုတ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ကျွန်တော်ဟာ စစ်သုံ့ပန်းတစ်ယောက် ဖြစ်ခဲ့ရပါတယ်။ အကျဉ်းထောင်ထဲမှာတွေ့ရတဲ့ဘုန်းကြီးတချို့က ဒဿနပညာအကြောင်း ပြောပြဖို့ ကျွန်တော့်ကို တောင်းပန်ကြပါတယ်။ အဲဒီတုန်းက ထောင်ထဲမှာဖတ်ဖို့ ဂျာမန်တွေခွင့်ပြုတာ ဟိုက်ဒဂ္ဂါးရဲ့စာအုပ်တွေပဲ ဖြစ်တယ်။

ဟိုက်ဒဂ္ဂါးက အရာဝတ္ထုတွေဟာ နောက်ဆုံးမှာတော့ အသုံးအဆောင်တွေသာဖြစ်တယ်လို့ ကောက်ချက်ချပါတယ်။ ကျွန်တော့်ရဲ့ ပထမဆုံးဝတ္ထုအော်ဂလီ(Nausea)ထဲမှာ ကျွန်တော်ဟာ သစ်ပင်တွေကိုကြည့်ပြီး သူတို့ရဲ့ ပကတိသဘာဝကို စကားလုံးနဲ့ဖော်ပြဖို့ ကြိုးစားခဲ့ပါတယ်။ အရာဝတ္ထုတွေဟာ ဘာလဲ။ ကျွန်တော်တို့လုပ်နေတာ ဘာလဲ။ ဟိုက်ဒဂ္ဂါးရဲ့အမြင်

www.burmeseclassic.com



အရဆိုရင် သစ်ပင်ဆိုတာ ထင်းအတွက်ဖြစ်ဖြစ်၊ ဒါမှမဟုတ် အဆောက်အအုံအတွက်ဖြစ်ဖြစ် ခုတ်လှဲရမယ့်အရာသာ ဖြစ်တယ်။ သစ်ပင်ဆိုတာ အသုံးချစရာသာဖြစ်တယ်။ လူလည်း သစ်ပင်လိုပဲ။ ဒါပေမယ့် လူက သူ့ကိုယ်ကို သိမြင်ခွင့်ရှိတယ်။ ကိုယ့်အတွက်ရော သူများအတွက်ပါ ရွေးချယ်ခွင့်ရှိတယ်။ လူ့ဘဝရဲ့အဆောက်အအုံကို စူးစမ်းချင်ရင် အဲဒီအဆောက်အအုံအောက်မှာရှိတဲ့အရာတွေကို ငုံ့စောင်းပြီးကြည့်မှ စူးစမ်းနိုင်ပါမယ်။ လူ့လိုအပ်ချက်တွေဆီ၊ အလုပ်ဆီ၊ ကိရိယာတန်ဆာပလာတွေဆီ ကျွန်တော်တို့ကို ပြန်ပို့ပေးတဲ့ တခြား အဆောက်အအုံတွေအားလုံးကိုပါ ငုံ့စောင်းကြည့်ရပါမယ်။

တကယ်က ကျွန်တော်ဟာ ကော်ဖီတစ်ခွက်ဖျော်တယ် ဆိုရင်တောင် လောကကြီးကိုပြောင်းလဲပစ်တာပဲ ဖြစ်တယ်။ 'ဖြစ်တည်မှုဝါဒနဲ့ လူသားဝါဒ'ဆိုတဲ့ ကျွန်တော့်ဟောပြောချက်ထဲမှာ လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်တိုင်းဟာ(ကြီးငယ်မဟူ) အဲဒီသူကို လူ့လောကကြီးတစ်ခုလုံးအတွက် ဆုံးဖြတ်ပြဋ္ဌာန်းပေးသူဖြစ်အောင် လုပ်နေတယ်လို့ ရှင်းပြခဲ့ပါတယ်။ ဒါကြောင့် လူသားဟာ သူ့ရဲ့ဆုံးဖြတ်ချက်အတိုင်း လုံးဝတာဝန်ရှိနေပါတယ်။

**ပလေးဘွိုင် ■** ***'လူသည် လွတ်လပ်မှုဒဏ်ကို ကျခံနေရသည်' လို့ ဆရာရေးခဲ့တယ်။ ဒါဟာ ဘာကိုဆိုလိုတာပါလဲ။***

**ယန်းပေါ်ဆတ်** ◉ လူဟာ ဒီလောကကြီးအတွင်းကို ကင်းလွတ်ခွင့် လုံးလုံးမရှိဘဲ တာဝန်အပြည့်နဲ့ ပစ်လွှတ်ခံလိုက်ရတဲ့အတွက် ကျခံနေရတယ်လို့ ဆိုလိုက်ခြင်းပါပဲ။ အစဉ်ထာဝရ တည်ရှိတဲ့ တန်ဖိုးတရားတွေက သူ့ကို စွန့်ခွာသွားကြတယ်။ ကျွန်တော်တို့ လူသားတွေဟာ ကိုယ့်တန်ဖိုးတရားတွေကို ကိုယ့်ဘာသာ ဖန်တီးကြရပါတယ်။

**ပလေးဘွိုင် ■** ***ဘယ်လိုဖန်တီးရမှာလဲ ဆရာ။***

www.burmeseclassic.com





**ယန်းပေါဆတ်** ◉ 'ပင်ကိုမူလ ရွေးချယ်မှု'လို့ ကျွန်တော် သုံးနှုန်းထားတာ ရှိပါတယ်။ သည်စကားလုံးက ကာလတစ်ခုအတွင်း ဖြစ်ပျက်တဲ့အရာကို ဖော်ပြရာမှာ ကျွန်တော်သုံးနှုန်းတဲ့ စကားလုံး ဖြစ်ပါတယ်။ ဒီကာလက ထင်တာထက်ပိုကြာတဲ့ ကာလပါ။ ဒီကာလအတွင်းမှာ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် တစ်စုံတစ်ခုဖန်တီးမှု ပြုပါတယ်။ ဒီကာလမတိုင်မီကတော့ သူ့ကို တခြားသူတွေက ဖန်တီးနေခဲ့တာပါ။ ကျွန်တော်တို့ဟာ တခြားသူတွေရဲ့ ဖန်တီးခြင်းခံရတာနဲ့ စခဲ့ကြတာပါ။ ပြီးတော့မှ တခြားသူတွေရဲ့ ကိုယ့်အပေါ် ဖန်တီးမှုကနေ ထွက်မြောက်ပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဖန်တီးရတဲ့ အချိန်ကာလမှာ ဆန့်ကျင်ဖက်တွေ ထိပ်တိုက်တိုးတဲ့ ဒွန္ဒဖြစ်စဉ်တစ်ခု ပေါ်လာတယ်။ ကိုယ်မျှော်လင့်ထားတာနဲ့ အလွန်ခြားနားတဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်လည် တွေ့ရှိရခြင်းပါပဲ။ ဒါဟာ လွတ်လပ်မှုပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလွတ်လပ်မှုဟာ သာယာကြည်နူးဖို့ ကောင်းတဲ့အရာတော့ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်က 'လွတ်လပ်မှုဒဏ် ကျခံရသည်'ဆိုတဲ့ အသုံးအနှုန်းမျိုးကို သုံးခဲ့တာပါ။

**ပလေးဘွိုင် ■** ***သည်အသုံးအနှုန်းနဲ့ ယန်းဂျနီး Jean Genet ကို ဆရာဖော်ပြခဲ့တာပဲလေ။ ဂျနီးဟာ ဘယ်ပုံဘယ်နည်းနဲ့ လွတ်လပ်မှုဒဏ် ကျခံခဲ့ရတာပါလဲ။***

**ယန်းပေါဆတ်** ◉ ဂျနီးဟာ ကလေးဘဝမှာ အပြစ်ပေးခံရခြင်းအားဖြင့် လုံးဝပျက်ယွင်းခဲ့ရပါတယ်။ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းတွေက သူ့ကိုပုံပျက်အောင် လုပ်ပစ်ပါတယ်။ ဒါပေမဲ့ လူငယ်ကလေးဂျနီးဟာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဖန်တီးဖို့အတွက် ခွန်အားတွေ စိတ်ဆန္ဒတွေ အသိဉာဏ်တွေ လုံလုံလောက်လောက်ရှိခဲ့ပါတယ်။ ဒီလိုနဲ့ သူ့ရဲ့ ပုံပျက်နေတဲ့အတ္တကနေ ကိုယ့်ကိုယ်ကိုယ်ပြန်လည်ဖန်တီးပါတယ်။ ဒါပေမဲ့ ဘာတွေပဲ

www.burmeseclassic.com



***တွင် ထွန်းညှိပြီးသည်နှင့်တစ်ပြိုင်နက် နတ်ဘုရားတို့တွင် ထိုသူကို ဆန့်ကျင်နိုင်သည့် တန်ခိုးစွမ်းအားများ ကင်းမဲ့သွားကြကုန်၏' လို့ ဆရာရေးခဲ့ပါတယ်။ ဘုရားမဲ့ဝါဒီတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် ကြွေးကြော်ထားတဲ့ ဆရာက 'နတ်ဘုရားတို့တွင် တန်ခိုးစွမ်းအား ကင်းမဲ့ကုန်၏'လို့ ရေးသားလိုက်ခြင်းဟာ 'ဘုရားသခင်'ရှိတယ်လို့ အသိအမှတ်ပြုလိုက်တာလား။***

**ယန်းပေါ်ဆတ်** ® ကျွန်တော့်မှာ လွတ်လပ်မှုနဲ့ပတ်သက်တဲ့ ဒီသဘောတရား ရှိနေတာဖြစ်တော့ ဘုရားသခင်ရှိတယ်လို့ မယုံကြည်လို့ဆိုတာ သေချာတာပေါ့ဗျာ။ နေရာတော်တော်များများမှာတော့ ခရစ်ယာန်ဘာသာရဲ့ အလွန် စိတ်ဝင်စားစရာကောင်းတဲ့ ရှုထောင့်တစ်ခုကို လူတွေ သတိမူမိအောင် လုပ်ခဲ့ပါတယ်။ ကက်သလစ်အသင်းတော်ရဲ့ ဘုန်းတော်ကြီးတွေ (အထူးသဖြင့် ဩဂတ်စတင်း)ရဲ့ အလိုအရ ဘုရားသခင်ဟာ လူ့လွတ်လပ်မှုကို တန်ဖိုးထား လေးစားခဲ့တယ်လို့ ဆိုပါတယ်။ ဒီလွတ်လပ်မှုကို လေးစားတဲ့သူအနေနဲ့ လူကို လွတ်လပ်တဲ့သူအဖြစ် ဖန်တီးခဲ့ပါတယ်။ ဒါကြောင့် ခရစ်ယာန်တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ ဆုံးဖြတ်ချက်တွေအတွက် ဘုရားသခင်က ရှင်းပြပေးလိမ့်မယ်ဆိုတာမျိုး လုပ်လို့မရဘူး။ ကိုယ့်ဘာသာပဲ ရှင်းရလိမ့်မယ်။ ဘုရားသခင်ရဲ့ ပညတ်ချက်တွေကို အားကိုးဖို့ဆိုတာက လွယ်လွန်းနေပါတယ်။ တကယ့်လက်တွေ့မှာတော့ ကျွန်တော်တို့လို ဂျနီးတို့လို တခြားလူတွေလိုပဲ ဘယ်သူ့မှ အားကိုးလို့မရဘူး။ အဖော်မဲ့ တစ်ကိုယ်တည်းချည်း ဖြစ်ပါတယ်။ 'ဘုရားသခင်ရဲ့ မဟာကရုဏာတော်'ဆိုတဲ့ သဘောတရားရှိပါတယ်။ လက်တွေ့မှာလည်း ဒီလိုသဘောတရားတွေ တော်တော်များများ ရှိနေပေမယ့် မဟာကရုဏာတော်ကြီး ဖြန့်ကြက် သက်ဝင်နေတဲ့အချိန်မျိုး

www.burmeseclassic.com





မှာပင် ကိုယ်တစ်ယောက်တည်း ဘုရားသခင်ကို ရင်ဆိုင်နေရတဲ့ ကာလမျိုး ရှိနေပါသေးတယ်။ ဘုရားသခင်မှာ ဘာမှပြောစရာ ဆိုစရာမရှိပါဘူး။ ပုံစံပြရရင် အယ်လ်ဂျီးရီးယားစစ်ပွဲနဲ့ ပတ်သက်ပြီး သူဘာမှမပြောဘူး။ အသင်းတော်ရဲ့ ခေါင်းဆောင်တွေထဲမှာ သိမ်မွေ့နူးညံ့တဲ့သူတွေရှိသလို ရိုင်းစိုင်းတဲ့သူတွေလည်း ရှိပါတယ်။ တကယ်စစ်မှန်တဲ့ ကိုယ်ကျင့် သီလတရားကို ဂရုထားတဲ့ သူတွေရှိသလို အသင်းတော်ကြီးပွား ချမ်းသာရေးကိုသာ ဂရုစိုက်တဲ့သူတွေလည်း ရှိပါတယ်။

**ပလေးဘွိုင် ■** ***ဆရာရဲ့ ကိုယ်ပိုင်ဘာသာရေးသဘောတရားကို ခြေတစ်လှမ်းလောက် ရှေ့တိုးလိုက်ရအောင်။ 'ထွက်ပေါက်မရှိ'ဆိုတဲ့ ပြဇာတ်ထဲမှာ 'ငရဲဟူသည် တပါးသူတို့ ဖြစ်သတည်း' လို့ ရေးထားတာကို ရှင်းပြပေးပါလား။***

**ယန်းပေါဆတ်** ® မွေးဖွားလာတဲ့အချိန်မှာ ပျပ်ဝပ်နာခံရတဲ့ အခြေအနေတစ်ခုအတွင်းကို ကျရောက်သွားပြီဆိုရင် တခြားသူတွေဟာ ငရဲပဲဖြစ်ပါတော့တယ်။ ခင်ဗျားဟာ လူချမ်းသာ တစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်၊ ဒါမှမဟုတ် အယ်လ်ဂျီးရီးယားက လူမျိုးတစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်၊ ဒါမှမဟုတ် ဆရာဝန်တစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်၊ ဒါမှမဟုတ် အမေရိကန်နိုင်ငံသား တစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်။ ခင်ဗျားအတွက် ပြောင်းလဲလို့မရတဲ့ အနာဂတ်တစ်ခုကို အသေးစိတ်ရေးဆွဲ စီမံပြီးသွားပြီ။ ဒီ အနာဂတ်ဟာ ခင်ဗျားအတွက် တခြားသူတွေကစီမံလိုက်တဲ့ အနာဂတ်ဖြစ်တယ်။ ဒီအနာဂတ်ကို တခြားသူတွေက တိုက်ရိုက်ဖန်တီးလိုက်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားဘဝကို ဖန်တီးတဲ့ လူမှုစနစ်တစ်ခုမှာ သူတို့ကလည်း အစိတ်အပိုင်းအဖြစ် ပါဝင်နေကြပါတယ်။ ခင်ဗျားဟာ လယ်သမားတစ်ယောက်ရဲ့သား ဖြစ်

www.burmeseclassic.com



မှာပင် ကိုယ်တစ်ယောက်တည်း ဘုရားသခင်ကို ရင်ဆိုင်နေရတဲ့ ကာလမျိုး ရှိနေပါသေးတယ်။ ဘုရားသခင်မှာ ဘာမှပြောစရာ ဆိုစရာမရှိပါဘူး။ ပုံစံပြရရင် အယ်လ်ဂျီးရီးယားစစ်ပွဲနဲ့ ပတ်သက်ပြီး သူဘာမှမပြောဘူး။ အသင်းတော်ရဲ့ ခေါင်းဆောင်တွေထဲမှာ သိမ်မွေ့နူးညံ့တဲ့သူတွေရှိသလို ရိုင်းစိုင်းတဲ့သူတွေလည်း ရှိပါတယ်။ တကယ်စစ်မှန်တဲ့ ကိုယ်ကျင့် သီလတရားကို ဂရုထားတဲ့ သူတွေရှိသလို အသင်းတော်ကြီးပွား ချမ်းသာရေးကိုသာ ဂရုစိုက်တဲ့သူတွေလည်း ရှိပါတယ်။

**ပလေးဘွိုင် ■** ***ဆရာရဲ့ ကိုယ်ပိုင်ဘာသာရေးသဘောတရားကို ခြေတစ်လှမ်းလောက် ရှေ့တိုးလိုက်ရအောင်။ 'ထွက်ပေါက်မရှိ'ဆိုတဲ့ ပြဇာတ်ထဲမှာ 'ငရဲဟူသည် တပါးသူတို့ ဖြစ်သတည်း' လို့ ရေးထားတာကို ရှင်းပြပေးပါလား။***

**ယန်းပေါဆတ်** ® မွေးဖွားလာတဲ့အချိန်မှာ ပျပ်ဝပ်နာခံရတဲ့ အခြေအနေတစ်ခုအတွင်းကို ကျရောက်သွားပြီဆိုရင် တခြားသူတွေဟာ ငရဲပဲဖြစ်ပါတော့တယ်။ ခင်ဗျားဟာ လူချမ်းသာ တစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်၊ ဒါမှမဟုတ် အယ်လ်ဂျီးရီးယားက လူမျိုးတစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်၊ ဒါမှမဟုတ် ဆရာဝန်တစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်၊ ဒါမှမဟုတ် အမေရိကန်နိုင်ငံသား တစ်ယောက်ရဲ့သားအဖြစ် မွေးဖွားလာရမယ်။ ခင်ဗျားအတွက် ပြောင်းလဲလို့မရတဲ့ အနာဂတ်တစ်ခုကို အသေးစိတ်ရေးဆွဲ စီမံပြီးသွားပြီ။ ဒီ အနာဂတ်ဟာ ခင်ဗျားအတွက် တခြားသူတွေကစီမံလိုက်တဲ့ အနာဂတ်ဖြစ်တယ်။ ဒီအနာဂတ်ကို တခြားသူတွေက တိုက်ရိုက်ဖန်တီးလိုက်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားဘဝကို ဖန်တီးတဲ့ လူမှုစနစ်တစ်ခုမှာ သူတို့ကလည်း အစိတ်အပိုင်းအဖြစ် ပါဝင်နေကြပါတယ်။ ခင်ဗျားဟာ လယ်သမားတစ်ယောက်ရဲ့သား ဖြစ်

www.burmeseclassic.com




မယ်ဆိုရင် လူမှုစနစ်က ခင်ဗျားကို မြို့ကိုရွှေ့လာအောင် လုပ်လိမ့်မယ်။ ခင်ဗျားကို မြို့မှာရှိတဲ့ စက်ယန္တရားတွေက စောင့်နေပါတယ်။ ဒီစက်ယန္တရားတွေက သူတို့ လည်ပတ်ဖို့အတွက် ခင်ဗျားတို့လို လယ်သမားသားတွေကို လိုအပ်နေပါတယ်။ ဒါကြောင့် ခင်ဗျားရဲ့ ဘဝကံကြမ္မာဟာ အရင်းရှင်ဝါဒရဲ့ ဖိအားတစ်မျိုးကြောင့် တောရပ်ဌာနေကို စွန့်ခွာပြီး မြို့မှာအလုပ်လုပ်ရတဲ့ အလုပ်သမားတစ်ယောက် ဖြစ်ဖို့ ပါပဲ။ စက်ရုံဟာ ခင်ဗျားဘဝရဲ့ လုပ်ငန်းဆောင်တာတစ်ခု ဖြစ်လာတယ်။ ခင်ဗျားရဲ့ဘဝ၊ ခင်ဗျားရဲ့အရှိတရားက ဘာလဲ။ ခင်ဗျားလုပ်နေရတဲ့ အလုပ်အကိုင်ဟာ ခင်ဗျားဘဝပဲ။ ဒီအလုပ်အကိုင်က ခင်ဗျားဘဝကို လုံးလုံးလျားလျား လွှမ်းမိုး ချုပ်ကိုင်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအလုပ်အကိုင်က ခင်ဗျားကို လစာ အခကြေးငွေပေးပြီး တိုက်စားပစ်နေတယ်။ ဒီ အခကြေးငွေက ခင်ဗျားရဲ့ လူနေမှု အဆင့်အတန်းကို တိတိကျကျ သတ်မှတ်ပေးတယ်။ ဒါတွေအားလုံးဟာ တခြားသူတွေက ခင်ဗျားအပေါ် အတင်းအကျပ် ဖန်တီးထားတာတွေချည်းပါပဲ။ ငရဲဆိုတာ သည်လိုဖြစ်တည်မှုမျိုးအတွက် တကယ်သင့်မြတ် ဆီလျော်တဲ့စကားပဲ ဖြစ်ပါတယ်။ အယ်လ်ဂျီးရီးယားနိုင်ငံမှာ ၁၉၃၀ခုနှစ်နဲ့ ၁၉၃၅ခုနှစ်အတွင်း မွေးဖွားလာတဲ့ ကလေးတစ်ယောက်ကို ကြည့်ပါလား။ ဒီကလေးဟာ ဗုံးဒဏ်ကြောင့် သေချင်သေရမယ်၊ ဒါမှမဟုတ် ညှဉ်းပန်းနှိပ်စက်မှုတွေ ခံချင်ခံရမယ်။ ဒါပဲ သူ့ကံကြမ္မာပါ။ ဒါဟာ ငရဲလည်း ငရဲပါပဲ။

**ပလေးဘွိုင်** ■ ***သည်လိုကံကြမ္မာမျိုးက လွတ်မြောက်ဖို့ မျှော်လင့်ချက် မရှိဘူးလားဆရာ။ ထွက်ပေါက်မရှိဘူးလား။***

**ယန်းပေါ်ဆတ်** ◉ ရှိတာပေါ့ဗျာ။ တကယ့်ကို ရှိတာပေါ့။ ကိုယ့်အပေါ်မှာ လူတွေက စီမံဖန်တီးထားတဲ့ဟာတွေကို ဆန့်ကျင်တန်ပြန်နိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲပစ်နိုင်ပါတယ်။

www.burmeseclassic.com



ကြည့်လေ။ အယ်လ်ဂျီးရီးယားကလေးငယ် တစ်ယောက်ဟာနှိပ်စက်ခံရဖို့ ဒါမှမဟုတ်ရင်လည်း သေဆုံးရဖို့(ကြိုတင် ပြဋ္ဌာန်းထားတဲ့) ကံကြမ္မာရှိနေပေမယ့် သည်ယနေ့မှာတော့ ဆန့်ကျင် တော်လှန်တဲ့အလုပ်ကို လုပ်နေတာပဲ။ အစောတုန်းကပြောခဲ့တဲ့ ဂျနီးဟာလည်း သည်လိုပဲ။

**ပလေးဘွိုင် ■** ***ဆရာက အနုပညာရှင်တွေနဲ့တော်လှန်ရေးသမားတွေကိုပဲ ညွှန်းနေတာပဲ။ သည်လောကကြီးအတွင်းမှာ ကိုယ့်ကြမ္မာကို ကိုယ့်ဘာသာ ပြောင်းလဲပစ်နိုင်စွမ်းရှိတဲ့သူတွေ အများအပြားရှိတယ်လို့ ဆရာ မယူဆဘူးလား။***

**ယန်းပေါ်ဆတ်** ◉ ပြဋ္ဌာန်းထားတဲ့ကြမ္မာတစ်ခုကို ပြောင်းလဲပစ်ဖို့ ဆိုတာ အတော်ကြီး ကြိုးပမ်းအားထုတ်ရပါတယ်။ သည် ကြမ္မာမျိုးကလည်း သည်းမခံနိုင်လောက်အောင် ဆိုးဖို့လိုတယ်။ သည်းခံနိုင်တဲ့ ကြမ္မာမျိုးဆိုရင်တော့ ပိုဆိုးတာအမှန်ပဲ။ ကျွန်တော်ပြောတဲ့ 'စိမ်းကားခြင်း'ဆိုတာ ဒါပဲ။ ကျွန်တော်တို့ လူနေမှုစနစ်အတွင်းမှာ လူတစ်ယောက်ဟာ ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ လွှမ်းမိုးမှုကို အမြဲတမ်းခံနေရတယ်။ သည် ရုပ်ဝတ္ထုပစ္စည်းတွေကို တခြားသူတွေက ထုတ်လုပ်တယ်။ ဖန်တီးတယ်။ အသုံးချတယ်။ သည် တခြားသူတွေဟာအဲသည်လူတစ်ယောက်ကို တိုက်ရိုက် မျက်နှာချင်းဆိုင်တာတော့မဟုတ်ဘူးအရာဝတ္ထုတွေကတစ်ဆင့် အဲသည် သူ့အပေါ်ကို ထိပါးရိုက်ခတ်နေတာ ဖြစ်ပါတယ်။ နမူနာပြရမယ်ဆိုရင် ခင်ဗျားဟာ ကျွန်တော်နဲ့ အဆက်ဖြတ်ရမှာ စိမ်းကားရမှာ တိပ်ရီကော်ဒါကိုသုံးပြီး၊ တိပ်ရီကော်ဒါကို အလယ်မှာချပြီး အဆက်ဖြတ်တာမျိုးလိုပေါ့။ ကျွန်တော်တို့ဟာ ကျွန်တော်တို့ အချင်းချင်းကြားမှာ ခေတ်သစ် ယဉ်ကျေးမှုပစ္စည်းတွေ အားလုံးကို ချထားကြတယ်။ သည်လိုနဲ့ ကျွန်တော်တို့ကိုယ်တိုင် အရာဝတ္ထုတွေ ဖြစ်လာကြတယ်။ အခြားအရာဝတ္ထုတွေ အစု

www.burmeseclassic.com



ပြောတာပေါ့။

ကိုယ်ကျင့်တရားတီထွင်သူစစ်စစ်ဆိုတာက ဒါမျိုးနဲ့လုံးဝကွဲပြားခြားနားပါတယ်။ လုံးဝအသစ်ဖြစ်တဲ့ ကိုယ်ကျင့်တရားဥပဒေမျိုးကို တီထွင်ဖန်တီးသူ ဖြစ်ရပါမယ်။ ဒါပေမဲ့ တည်ဆဲကိုယ်ကျင့်တရား ဥပဒေတွေကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲကိုယ့် ကိုယ်ပိုင်ဥပဒေတွေကိုသာ ပြဋ္ဌာန်းထားပါတယ်ဆိုတဲ့ကိုယ်ကျင့်တရားစနစ်တစ်ခုဟာ တကယ်တော့ အဲဒီကိုယ်ကျင့်တရားစနစ်တစ်ခုကို ဟောပြောသူကိုယ်တိုင် ပါဝင်နေထိုင်တဲ့လူမှုအဖွဲ့အစည်းရဲ့ အယူအဆတွေကို ပုံရိပ်ထင်ဟပ်ပြနေခြင်းသာ ဖြစ်ပါတယ်။

နမူနာပြပါမယ်။ အင်ဒရေဇိက 'ဂေါ်ဒ်ကို (နေရာတိုင်းမှာမရှာဘဲ) သီးသန့်တစ်နေရာရာမှာ ရှာတာမျိုးမလုပ်နဲ့'လို့ ပြောပါတယ်။ နောက်ပြီးတော့ 'ပြင်းထန်တဲ့ရမ္မက်စိတ်' 'ဆာလောင်မွတ်သိပ်မှု' 'ကာမဂုဏ်အပျော်အပါးကို အညံ့ခံမှု'တို့ကို သူ ဆက်ဟောပါတယ်။ ဇီရဲ့ သည်လိုဥပဒေသဟာ စက်ရုံ အလုပ်သမားတစ်ယောက်အတွက် လျော်ကန်သင့်မြတ်မယ်လို့ ခင်ဗျား ထင်သလား။ စက်ရုံအလုပ်သမား မပြောနဲ့ဦး။ အင်ဂျင်နီယာ တစ်ယောက် အတွက်ပင် သင့်လျော်မယ်လို့ ထင်သလား။ လူနာတွေအပြည့်စောင့်နေတဲ့ ဆရာဝန်တစ်ယောက်အတွက်ကော သင့်လျော်မယ်လို့ ထင်သလား။

သူ့ဥပဒေသရဲ့ဆိုလိုချက်က သည်လိုဗျ။ 'ကျွန်ုပ် အင်ဒရေဇီသည် လူလတ်တန်းစား လူကုံထံအလွှာတွင် ကျင်လည် နေထိုင်သူ ဖြစ်သည်။ ယင်းလူတန်းစား၌ စွဲမြဲမွေးမြူထားသော သီးသန့်စိတ်ခံစားမှုမျိုး ကျွန်ုပ်တွင်ရှိသည်။ ထိုစိတ်ခံစားမှုရှိသောကြောင့်စာပေရေးသားခြင်းအလုပ်၌ ကိုယ့်ကိုယ်ကိုယ် မြှုပ်နှံထားနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တွင် အတွေ့အကြုံ အဖုံဖုံနှင့်အညီ လိုက်လျော

www.burmeseclassic.com





ညီထွေ ပြောင်းလဲခံစားနိုင်စွမ်းရှိကြောင်း ဤစာပေလက်ရာက ပြသနေသည်။'

ဒါဟာ လူလတ်တန်းစား လူကုံထံအလွှာက စာရေးဆရာ တစ်ယောက်ရဲ့ ကိုယ်ကျင့်တရားဥပဒေပဲ ဖြစ်ပါတယ်။ သူနဲ့ လူတန်းစားတူတဲ့အခြားစာရေးဆရာတွေအတွက်တော့ သည် ကိုယ်ကျင့်တရားဥပဒေဟာ လက်ခံနိုင်စရာပါပဲ။ ကျွန်တော်က တော့ အဲသည်လူတန်းစားမှာ မွေးလာသူမဟုတ်ပေမယ့်သည် ကိုယ်ကျင့်တရားမျိုးကို နားလည်နိုင်ပါတယ်။ ဇိုရဲ့စရိုက်အတိုင်း လိုက်လုပ်ရင် အကျိုးများမှများပဲ့မလားလို့ကျွန်တော်သံသယ ရှိတယ်။ စက်ပစ္စည်းတွေအဆင့်ဆင့်နဲ့ ရှုပ်နာရီကြာအောင် အလုပ်လုပ်နေရတဲ့အလုပ်သမားတစ်ယောက် အတွက်တော့ အဲသည်လိုလုပ်ဖို့ အကြံပေးတာဟာ အချည်းနှီးပါပဲ။ စက်ရုံ အလုပ်သမားဟာ အားအင်ကုန်ခန်း ပင်ပန်းနွမ်းနယ်နေပါတယ်။ အလွန်တရာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းပြီး ညာတာမှုကင်းမဲ့တဲ့ အလုပ်ကိုတစ်နေကုန်လုပ်ခဲ့ရတဲ့အတွက် ထုံထိုင်း တွေဝေနေတဲ့ အလုပ်သမားတစ်ယောက်ကို ကာမဂုဏ်အာရုံခံစားမှုနောက် တကောက်ကောက်လိုက်ဖို့ဘယ်လိုအကြံပေးလို့ရမှာလဲ။

**ပလေးဘွိုင် ■** ***ဒါပေမဲ့ ဆရာတို့ဆီမှာ သည်အလုပ်သမားကို ပေးဖို့ အဓိပ္ပာယ်လေးနက်တဲ့ ကိုယ်ကျင့်တရား ဥပဒေတစ်ခု ရှိ တယ်မဟုတ်ပါလား။ လွတ်လပ်မှုကိုရရှိမယ့် နည်းကောင်း လမ်းကောင်း တစ်ခုခုပေါ့။***

**ယန်းပေါ်ဆတ်** ⑥ သူ့ရဲ့ပြဿနာက သူ့လွတ်လပ်မှုကို ထိန်းသိမ်း ရေး မဟုတ်ဘူး။ သူ့လွတ်လပ်မှုကိုအရယူရေး ဖြစ်တယ်။ သည် လို အရယူနိုင်အောင် ကျွန်တော်တို့ ဝိုင်းဝန်းကူညီရပါမယ်။ သည် ကနေ့အချိန်မှာ ကိုယ်ကျင့်တရားအစစ်အမှန်ဆိုတာ မရှိပါဘူး။ သည်လိုခေါ်ဝေါ်ဖို့ ထိုက်တန်တဲ့ကိုယ်ကျင့်တရား ဥပဒေရဲ့

www.burmeseclassic.com



အခြေအနေမျိုး မရှိသေးလို့ပါပဲ။ လူတွေဟာ တစ်ယောက်ကို တစ်ယောက် မမြင်နိုင်ကြဘဲ ဖြစ်နေပါတယ်။ ကျွန်တော် ပြောခဲ့တဲ့အတိုင်း စက်ယန္တယားတွေ အမြောက်အမြားက မြင်ကွင်းကို ပိတ်ဆို့ တားဆီးနေပါတယ်။ သည်နေ့အချိန်မှာ လူသားအားလုံးနဲ့သက်ဆိုင်တဲ့ ကိုယ်ကျင့်တရားစနစ်တစ်ခုအကြောင်း ပြောလို့ မဖြစ်နိုင်သေးပါဘူး။ ဆိုင်ရာဆိုင်ရာ လူတန်းစားတွေနဲ့ပတ်သက်တဲ့ သီးသန့်အကျင့်စရိုက်တွေ ဝါသနာတွေကိုထင်ဟပ်တဲ့ ကိုယ်ကျင့်တရား ဥပဒေမျိုးအကြောင်းပဲ ပြောဖို့ဖြစ်နိုင်ပါမယ်။ လူသားတွေကို လူမှုပုံစံသစ်တစ်ခု လူမှုစနစ်သစ်တစ်ခု ရရှိစေမယ့် အခြေခံအကြောင်းတရားတွေ မရှိသေးပါဘူး။ ကျွန်တော်တို့ရဲ့ လက်ရှိ လူ့အဖွဲ့အစည်းလိုအရာထဲမှာ ပုဂ္ဂလိကဖိစီးမှုတွေနဲ့ စီမံပြဋ္ဌာန်းထားတဲ့ ကံကြမ္မာတွေသာမက လူမှု အဆောက်အအုံများစွာရဲ့ အထုအထည်တွေကပါ အပြန်အလှန် နားလည်မှုကို တားဆီးတဲ့ အနှောင့်အယှက်တွေကို ဖန်တီးမှာကတော့ အသေ အချာပါပဲ။ ဒါမျိုးကို ရှောင်လွှဲလို့မရနိုင်ပါဘူး။

ခင်ဗျားမှာလည်း ခင်ဗျားအပေါ် စီမံထားတဲ့ ကံကြမ္မာရှိနေပြီး နီဂရိုးတစ်ယောက်မှာလည်း သူ့အပေါ် စီမံထားတဲ့ကံကြမ္မာရှိနေပါတယ်။ အာရပ်တစ်ယောက်မှာလည်း သူ့ကံကြမ္မာနဲ့သူ ရှိပါတယ်။ သည်တော့ ခင်ဗျားဟာ နီဂရိုးတစ်ယောက်ကိုဖြစ်စေ၊ အာရပ်တစ်ယောက်ကိုဖြစ်စေ တွေ့ပြီဆိုရင် တကယ်စစ်မှန်တဲ့ ဆက်ဆံမှုဖြစ်လာဖို့ဆိုတာ အလွန်တရာခက်ခဲနေတော့တာပေါ့။

ဒါမှမဟုတ်ရင်လည်း ခင်ဗျားဟာ အပြင်ဘက်အရာတွေနဲ့ လုံးဝအဆက်ဖြတ်ပစ်ရမယ့် 'လှုပ်ရှားမှု'တစ်ခုထဲ ရောက်ရှိသွားရမယ်ဆိုပါစို့။ အယ်လ်ဂျီးရီးယား လွတ်မြောက်ရေးလှုပ်ရှားမှုလိုမျိုးနဲ့ ကိုယ့်ကိုယ်ကိုယ် ဆက်စပ်ပေါင်းသင်းပစ်မယ်။ သည်

www.burmeseclassic.com





လို လုပ်တဲ့တိုင်အောင် (အကောင်းဆုံး ရည်ရွယ်ချက်တွေ အကောင်းဆုံး စေတနာတွေနဲ့ လုပ်တဲ့တိုင်အောင်) ပြီးပြည့်စုံတဲ့ စည်းလုံးမှုမျိုးကိုတော့ ရရှိမှာမဟုတ်ပါဘူး။ သူဟာ 'အရာဝတ္ထု' တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။ နမူနာပြရမယ်ဆိုရင် အမေရိကန်နိုင်ငံသားတစ်ယောက်အတွက် ကျူးဘားနိုင်ငံသားတစ်ယောက်ဟာ 'သကြား'ပဲဖြစ်ပါတယ်။ သကြားပေါ်မှာ ပြဿနာရှိတယ်လို့ သတိပေးချက်တစ်ခုပါပဲ။

**ပလေးဘွိုင် ■** ***သကြား ဒါမှမဟုတ် ကွန်မြူနစ်ဝါဒပေါ့နော်။***

**ယန်းပေါ်ဆတ်** ■ ဟုတ်တယ်။ ဒါမှမဟုတ်ရင်လည်းတခြား ဝါဒဖြန့်ချိရေး တစ်မျိုးမျိုးပေါ့ဗျာ။ ဒီနေ့ကာလမှာ လူသားတွေရဲ့ကြားမှာ ခိုင်မာတဲ့အသင်းအဖွဲ့အစည်း တည်ဆောက်ချင်တယ်ဆိုရင် ဖွဲ့တည်နေပုံစနစ်ကို ဆန့်ကျင်ကြရပါလိမ့်မယ်။ ဒါဟာ အလွန်အရေးကြီးတဲ့ကိုယ်ကျင့်တရားပါ။ မလုပ်မဖြစ်တဲ့ ကျင့်ဝတ်ပါ။ တကယ်လို့များ လူတွေဟာ သူတို့ရဲ့လွတ်လပ်မှုကို ရရှိခဲ့မယ်ဆိုရင် သူတို့လွတ်လပ်မှုကို ဘယ်လိုများ စီမံဖန်တီးမလဲဆိုတာနဲ့ ပတ်သက်လို့တော့ လုံးဝအထီးကျန်ဖြစ်နေတဲ့ တစ်ယောက်နဲ့တစ်ယောက် စိမ်းကား ကင်းကွာနေကြတဲ့ ကျွန်တော်တို့အနေနဲ့ ဟောကိန်းထုတ်လို့ မဖြစ်နိုင်ပါဘူး။ ဒီလို ဟောကိန်းထုတ်ရမယ့်ကိစ္စက ကျွန်တော်တို့အတွက် မဟုတ်ပါဘူး။ ဒါပေမဲ့ လူတစ်ယောက်ကို လူလိုသဘောထားပြီး ဆက်ဆံရေးဟာ အခြေခံကိုယ့်ကျင့်တရားကိစ္စ ဖြစ်ပါတယ်။ ဒီ အခြေခံ ကိုယ်ကျင့်တရားကိုတော့ ဘယ်တော့မှ မစွန့်ပစ်ရပါဘူး။

**ပလေးဘွိုင် ■** ***ဆရာဟာ မာက်စ်ဝါဒီတစ်ယောက်ဖြစ်ပေမယ့် ကွန်မြူနစ်ပါတီကို မဝင်ခဲ့ပါဘူး။ ဆိုဗီယက်ပြည်ထောင်စုကို ဆရာ အကြိမ်ကြိမ်သွားရောက်ခဲ့ပေမယ့် ပြင်သစ်ကွန်မြူနစ်ပါတီက ဆရာ့ကို သဘောကျတာ၊ ထောက်ခံတာမရှိခဲ့ပါဘူး။ ဆရာ***

www.burmeseclassic.com



***ဟာ ဘူဇွာတွေဘက်မှာမရှိပေမယ့် ကွန်မြူနစ်တွေနဲ့လည်း ရင်းရင်းနှီးနှီး မဖြစ်ဘူး။ သဘောတရားအားဖြင့် ဆရာ ဘယ်ဘက်မှာ ရပ်တည်နေပါသလဲ။***

**ယန်းပေါ်ဆတ်** ® ကျွန်တော်က ပညာရှင်တစ်ယောက်ပါ။ နိုင်ငံရေးသမားမဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ အရေးဆိုလှုပ်ရှားတဲ့ အဖွဲ့တွေထဲမှာ ပါဝင်နိုင်ပါတယ်။ အယ်လ်ဂျီးရီးယားနိုင်ငံသားတွေနဲ့ ရင်းနှီးပေါင်းစည်းတဲ့ အကြောင်းရင်းက ဒါပါပဲ။ ဒါဟာ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ပဲဖြစ်ပါတယ်။

ကျွန်တော် ကျွမ်းကျင်တာက အသိပညာဆိုင်ရာဖြစ်တဲ့အတွက် ကျွန်တော်ဟာ စာပေရေးသားတဲ့အလုပ်နဲ့ နိုင်ငံသားတာဝန်ကို ထမ်းဆောင်နိုင်ပါတယ်။ ပညာရှင်တစ်ယောက်အဖြစ်နဲ့ ကျွန်တော်ထမ်းတဲ့တာဝန်ကတော့ စဉ်းစားတွေးခေါ်ရေးပဲ ဖြစ်ပါတယ်။ အချုပ်အချယ်ကင်းကင်းနဲ့ စဉ်းစားတွေးခေါ်ရေးပဲ ဖြစ်ပါတယ်။ ခလုတ်ကန်သင်းတွေ အမှားအယွင်းတွေနဲ့ တိုးတိုက်တာမျိုးရှိနိုင်ပေမယ့် အကန့်အသတ်မရှိဘဲ စဉ်းစားတွေးခေါ်ရေးဖြစ်ပါတယ်။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ဘာမှ ချုပ်ချယ်ကန့်သတ်ခြင်း မလုပ်ရပါဘူး။ ကျွန်တော့်အပေါ် သူတစ်ပါးက ကန့်သတ် ချုပ်ချယ်တာမျိုးကိုလည်း လုံးဝ ခွင့်မပြုပါဘူး။

**ပလေးဘွိုင် ■** ***နိုင်ငံအတော်များများရဲ့လက်ထဲမှာ နျူကလီးယားစွမ်းအင်တွေ ပိုင်ဆိုင်သွားမှာကို အမေရိကန်နိုင်ငံသားတွေက စိုးရိမ်ပူပန်နေကြပါတယ်။ ဆရာကော အဲဒီကိစ္စအပေါ် စိုးရိမ်ပူပန်မှု ရှိပါသလား။***

**ယန်းပေါ်ဆတ်** ® မရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ပြင်သစ်နိုင်ငံသားဖြစ်တာကိုး။ ကျွန်တော်တို့ ပြင်သစ်နိုင်ငံသားတွေဟာ အဏုမြူပုံးနဲ့ပတ်သက်ရင် လုံးဝ အရေးမထားတဲ့ပုံပဲ။ ကာတွန်းတစ်ခုကို သတိရမိသေးတယ်။ လက်ဖက်ရည်ဆိုင်

www.burmeseclassic.com





တစ်ဆိုင်မှာ အမေရိကန်ရယ်၊ အင်္ဂလိပ်ရယ်၊ ပြင်သစ်ရယ် ထိုင်နေကြတယ်။ အမေရိကန်နဲ့ အင်္ဂလိပ်တို့က သတင်းစာဖတ်နေကြရာမှာ အဏုမြူပုံးဆိုတဲ့ခေါင်းစီး သတင်းကို ဖတ်နေကြတယ်။ ပြင်သစ်ကတော့ နွားနို့ဈေးတွေ တက်ကုန်ပြီဆိုတဲ့သတင်းကို ဖတ်ပါတယ်။

ကျွန်တော်တို့ ပြင်သစ်တွေဟာ အဏုမြူပုံးနဲ့ပတ်သက်ရင် တော်တော် အံ့သြစရာကောင်းလောက်အောင် စိတ်ဝင်စားမှု နည်းပါးလှပါတယ်။ ကိုယ့်ကိုယ်ကိုယ် နည်းနည်းအထင်ကြီးနေလို့ ဒီလိုစိတ်ဝင်စားမှု နည်းတာလို့ ထင်ပါတယ်။ လွန်ခဲ့တဲ့ ၁၂ နှစ်တာကာလမှာ ကျွန်တော်တို့ဟာ ကိုလိုနီစစ်ပွဲကို ဆင်နွဲနေခဲ့ပါတယ်။ ဒီလိုဆင်နွဲနေရမှုကြောင့် ဈူကလီးယား ပြဿနာအပေါ် အာရုံမစိုက်နိုင်ခဲ့တာပါ။ အယ်လ်ဂျီးရီးယားစစ်ပွဲနဲ့ နပန်းလုံးနေရတာနဲ့ပဲ ဈူကလီးယားလက်နက် ထုတ်လုပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး စိတ်ပူပန်တာမျိုး မရှိအောင်ဖြစ်ခဲ့တယ်။ ပြင်သစ်လူမျိုးတွေ တကယ်ကြောက်တာက နာဇီဝါဒပဲ။ ဒါကြောင့် တကယ်ခြိမ်းခြောက်နေတဲ့အရာကို သူမမြင်ဘဲ ဖြစ်နေရတယ်။ တကယ်တော့ ကျွန်တော်ရှေ့ပိုင်းမှာ ပြောခဲ့တဲ့အတိုင်းပါပဲ။ တကယ်အန္တရာယ်ပေးမှာက ထိပ်တန်းကျွမ်းကျင်သူ ပညာရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်မျိုးပါပဲ။ ပညာရှင်တွေက အုပ်စိုးတဲ့ အဖွဲ့အစည်းတစ်မျိုးပါ။ ဒီအဖွဲ့အစည်းက လူတွေရဲ့နိုင်ငံရေးအသိစိတ်ဓာတ်ကို ဆုတ်ယုတ် အားနည်းသွားအောင် လုပ်ပစ်လိမ့်မယ်။ လူတွေကို အလွန် အောက်တန်းကျပြီး ခခယယ လုပ်တတ်တဲ့ နှိမ့်ချလွန်းတဲ့သူတွေဖြစ်အောင် တဖြည်းဖြည်းချင်း လုပ်ပစ်လိမ့်မယ်။ ဒါ သိပ်သေချာတယ်။

**ပလေးဘွိုင် ■** ***ပြင်သစ်လူ့အဖွဲ့အစည်းမှာ ဒီလိုဖြစ်နေသလို ပြင်သစ်စာပေ အနုပညာလောကမှာလည်း ဒီအတိုင်းဖြစ်နေ***

www.burmeseclassic.com



***တယ်လို့ ဆရာထင်ပါသလား။***

**ယန်းပေါ်ဆတ်** ® ဟုတ်ကဲ့၊ ထင်ပါတယ်။ ဒီနေ့ကာလမှာတော့ ကျွန်တော်တို့ ပြင်သစ်နိုင်ငံအတွင်းမှာ ကြီးမြတ်တဲ့စာရေး ဆရာကြီးတွေ မရှိတော့ပါဘူး။ ‘နိဘယ်ဝတ္ထုရှည်သစ်’ဆိုတာကို ရေးသားနေကြသူတွေက စွမ်းရည်ရှိကြပါတယ်။ သူတို့စာအုပ်တွေဟာ စိတ်ဝင်စားစရာလည်း ကောင်းကြပါတယ်။ ဒါပေမဲ့ သူတို့ရေးသားနေတာတွေက ကျွမ်းကျင်သူပညာရှင်တွေ ကြီးစိုးပြီး နိုင်ငံရေးခွန်အား ကင်းမဲ့နေတဲ့ ပြင်သစ်လူမှုစနစ်ကို ထောက်ခံချက် ပေးနေတာပဲ ဖြစ်တယ်။ စာပေဆိုတာ ကြည်လင် ပြတ်သားတဲ့ ဉာဏ်အမြင်ရှိသူတွေရဲ့အလုပ်ပဲ ဖြစ်သင့်ပါတယ်။ ဒီလိုလူတွေကမှ လူ့လောကကြီးတစ်ခုလုံးကို ခြုံငုံစဉ်းစားတတ်တာပါ။ အစာရေစာငတ်မွတ်ပြီး ကလေးတွေသေဆုံးနေရတဲ့ ကမ္ဘာကြီးအတွင်းမှာပဲ ကိုယ်တည်ရှိနေရတဲ့အဖြစ်ကို စာပေက သဘောပေါက်ဖို့ လိုပါတယ်။ နောက်ပြီး ကျွန်တော်တို့မှာ စာရေးဆရာအဖြစ်နဲ့ရော သာမန်လူသားတွေအဖြစ်နဲ့ပါ တခြား သူတွေအတွက် ကြီးကြီးမားမား ကူညီဆောင်ရွက်ပေးနိုင်တဲ့ အစွမ်းတွေ ရှိပါတယ်။ စာပေဆိုတာ သည်စွမ်းအားတွေထဲမှာ တည်ရှိနေတယ် ဆိုတာကို သဘောပေါက်ဖို့လိုပါတယ်။ တခြား လူတွေကလည်း ကျွန်တော်တို့ကိုပြန်ပြီး ကြီးကြီးမားမား ကူညီ ဆောင်ရွက်နိုင်ပါတယ်။

**ပလေးဘွိုင်** ■ ***ဒါပေမဲ့ ဆရာ့ရဲ့နောက်ဆုံးစာအုပ် The Wordsထဲမှာတော့ ‘ကျွန်တော် အမြင်မှန်ရသွားသည်၊ ကျွန်တော့်ဘဝကို ဘာနှင့်တည်ဆောက်ရမည်ကို မသိတော့ပြီ’လို့ ရေးထားတယ်မဟုတ်လား။***

**ယန်းပေါ်ဆတ်** ® သည်စာကိုရေးလိုက်တာက ကျွန်တော့်ရဲ့ ငယ်ဘဝက ရှိခဲ့တဲ့ အထင်မှားအမြင်မှားတွေကို ပျောက်ကင်း





အောင်လုပ်တာကို ဆိုလိုတာပါ။

**ပလေးဘွိုင် ■** ***ဘယ်လို အထင်မှား အမြင်မှားတွေပါလဲ ဆရာ။***

**ယန်းပေါ်ဆတ်** ◉ ဘူဇွာစာရေးဆရာ တစ်ယောက်ဟာ အဆိုး မြင်ရမယ်ဆိုတဲ့ အမြင်မှား ဖြစ်ပါတယ်။ ဘူဇွာစာရေးဆရာဟာ လူ့အဖွဲ့အစည်းကို ဆန့်ကျင်တိုက်ခိုက်မှုကြောင့် အထီးကျန် တစ်ကိုယ်တော်အဖြစ် ဒဏ်ခံရမယ်ဆိုတဲ့ အမြင်မှား ဖြစ်ပါတယ်။ The Words စာအုပ်ထဲမှာ ကျွန်တော်ဟာ သက်ဝင် လှုပ်ရှားနေရတဲ့ လူ့အဖွဲ့အစည်းရဲ့ အဖွဲ့ဝင်တစ်ယောက် ဖြစ်တယ်ဆိုတာကို သဘောပေါက်သွားပုံအကြောင်း ရေးသား ဖော်ပြထားပါတယ်။ အခုအချိန်မှာ ကျွန်တော်ဟာ ငယ်တုန်းရွယ်တုန်းက အမြင်မှားတွေကို ဖယ်ရှားပစ်လိုက်ပြီဖြစ်တဲ့အတွက် အကောင်းမြင်သမားတစ်ယောက် ဖြစ်လာပြီလို့ ယုံကြည်ပါတယ်။

**ပလေးဘွိုင် ■** ***ဒီလိုဖြစ်လာလျက်သားနဲ့ ကိုယ့်ဘဝကို ဘာနဲ့ တည်ဆောက်ရမှန်းမသိတော့ဘူးလို့ ဘာကြောင့်ရေးခဲ့တာလဲ ဆရာ။***

**ယန်းပေါ်ဆတ်** ◉ အမြင်မှားတစ်ခုက လွတ်မြောက်တဲ့ အခါမှာ အဲသည် လွတ်မြောက်မှုနဲ့အတူ အဆက်အစပ်မဲ့ပြီး ကင်းရှင်းသွားတဲ့ စိတ်ခံစားမှု ထူးထူးဆန်းဆန်းတစ်မျိုးလည်း ပေါ်ပေါက်လာပါတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့ စိတ်အခြေအနေတစ်မျိုး ဖြစ်ပါတယ်။ ခင်ဗျားပြောတဲ့စကားကို ကျွန်တော် ရေးခဲ့တုန်းက သည်လိုစိတ်အခြေအနေကို ရည်ရွယ်ပြီး ရေးခဲ့တာပါ။ ကျွန်တော့်ဖြစ်ရပ်မှာတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတဲ့ စိတ်အခြေအနေဟာ ဘာမှ ဟုတ်ဟုတ်ညားညား လုပ်စရာကို မစဉ်းစားတတ်လို့တော့ မဟုတ်ပါဘူး။ လုပ်စရာတွေ များနေလွန်းလို့ ရွေးစရာတွေများနေလွန်းလို့ ဖြစ်ရတာပါ။ လောကကြီးနဲ့ရော

www.burmeseclassic.com



လူမှုစနစ်နဲ့ပါ ဆက်စပ်သွားတယ်ဗျာ။ ကာမျူးပြောတဲ့ 'ကာမသုခ ချမ်းသာ'တွေထဲမှာတောင် နစ်မျောသွားခဲ့တယ်ဗျာ။ ကျွန်တော့် ဘဝကို ဘာနဲ့တည်ဆောက်ရမလဲဆိုတာတောင် မသိတော့ဘူးလို့ ပြောရာမှာ ဘာကိုဆိုလိုတာဖြစ်ကြောင်း ဆက်ပြီး ရှင်းပြပါရစေဦး။

လူတစ်ယောက်ဟာ မိန်းမတစ်ယောက်အပေါ် သဲသဲမဲမဲ ချစ်ခင်တပ်မက်ရာမှ ရုတ်ခြည်းဆိုသလို ချစ်ခင်တပ်မက်မှု ကင်း ရှင်းသွားတဲ့အခါမျိုးမှာ ကျွန်တော်ပြောတဲ့ခံစားမှုမျိုး ခံစားရတော့ တာပဲ။ ဇာတ်လမ်းဆုံးသွားတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိ တယ်။ 'ဒီမိန်းမကို ငါ ဘာကြောင့် ချစ်မိတာတုန်း' နောက်ပြီး သည်မိန်းမ ဘယ်သူဘယ်ဝါဖြစ်တယ် ဆိုတာကိုတောင် မမှတ်မိ နိုင်တော့ဘဲ ဖြစ်သွားတတ်တယ်။ သည်မိန်းမကို ကြည့်ချင်မြင်ချင် စိတ်တွေ သည်မိန်းမရဲ့အသံကို ကြားချင်တဲ့စိတ်တွေ ပြင်းပြခဲ့ တုန်းကတော့ သည်မိန်းမအကြောင်းကိုပဲ တွေးနေမိတယ်။ သည်မိန်းမကိုပဲ တိတ်တခိုးလိုက်ကြည့်နေမိတယ်။ အခုတော့ အားလုံးပြီးသွားပြီ။ အရှူးတစ်ပိုင်း စွဲလမ်းတာပျောက်သွားပြီ။ မိန်းမတစ်ယောက်ကို တပ်မက်တယ်ဆိုတဲ့ စိတ်ဟာ အလွန် ကောင်းမြတ်တဲ့ စံနမူနာပြစိတ်ဓာတ်မျိုး မဟုတ်တဲ့အတွက်ကြောင့် သည်စိတ်ကင်းရှင်းသွားတဲ့အခါ သူ သက်သာရာ ရသွားပါတယ်။ ဒါပေမဲ့ သည်လို သက်သာရာရနေတဲ့အချိန်မှာပဲ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဟာတာတာကြီး ဖြစ်နေတတ်ပါတယ်။

**ပလေးဘွိုင် ■** ***မိန်းမတွေနဲ့ အချစ်ရေးကိစ္စမှာ ပတ်သက်ခဲ့ဖူး ကြောင်း ဆရာရဲ့ပြောဆိုစကားတွေဟာ တကယ့်ကိုယ်တွေ့က လာတဲ့ စကားတွေဖြစ်ကြောင်း ရှင်းနေပါတယ်။ ဒါနဲ့တောင် ဆရာ့စာအုပ်တွေထဲမှာ ဒီအကြောင်း မရေးသလောက်ပါပဲ။ ဘာကြောင့်လဲ ဆရာ။***

www.burmeseclassic.com





**ယန်းပေါ်ဆတ်** ⑥ တခြားအကြောင်းအရာတွေ ရေးစရာရှိနေလို့ ပါပဲ။ မိန်းမတွေနဲ့ ချစ်ကိစ္စတွေမရှိခဲ့လို့ မရေးတာမဟုတ်ပါဘူး။ အမှန်ပြောရရင် ကျွန်တော့်ဘဝမှာ မိန်းမတွေရဲ့ အခန်းကဏ္ဍ ဟာ ကြီးကြီးမားမား ပါဝင်နေပါတယ်။ ဒါပေမဲ့ ကျွန်တော့်စာအုပ် တွေထဲမှာတော့ သူတို့အခန်းကဏ္ဍက သေးတယ်။ အချစ်ရဲ့ ပျော်ရွှင်သုခတွေကို ကျွန်တော် ကောင်းကောင်းကြီး သိပါတယ်။ ဒါပေမဲ့ သည်အကြောင်းတွေကို ရေးဖို့ကျတော့ ကျွန်တော် စိတ် မပါဘူး။ ရေးချင်စိတ်မရှိဘူး။ သည်ပျော်ရွှင်သုခတွေရဲ့ အောက် ခြေမှာက 'တစ်စုံတစ်ယောက်ဟာ သည်လောကမှာ လူသား တစ်ယောက် တကယ်ဖြစ်နိုင်တယ်'ဆိုတဲ့အယူအဆ ရှိနေပါ တယ်။ တကယ်လက်တွေ့မှာတော့ မဖြစ်နိုင်ပါဘူး။

'လူသားရဲ့ပျော်ရွှင်မှုကို ကျွန်တော်တို့ ထောက်ခံထိန်းသိမ်း ရမယ်'လို့ ကာမျူးက ပြောတတ်ပါတယ်။ သိပ်မှန်တဲ့စကားပါ။ ဒါပေမဲ့ သည်ပျော်ရွှင်ခွင့်ကို ယခုချက်ချင်း ထောက်ခံထိန်းသိမ်း နိုင်တယ်၊ ထောက်ခံထိန်းသိမ်းရမယ်လို့ သူ ယူဆနေတယ်။ တစ် နည်းပြောရရင်တော့ ဒီနေ့ကာလမှာ ပျော်ရွှင်သုခများအကြောင်း ကို ရေးသားခြင်းအားဖြင့် ကိုယ်ရရှိတဲ့ပျော်ရွှင်သုခကို သူတစ်ပါး လည်း မျှဝေခံစားနိုင်တယ်ဆိုရင်တော့ တော်တော် သဘောကျဖို့ ကောင်းတာပဲ။ ဒါပေမဲ့ ကိုယ်တစ်ယောက်တည်းပဲ ပျော်ရွှင်သုခ ကို ခံစားနေရတာဆိုရင်တော့ ဘဝတူ လူသားတွေရဲ့ အဆက် အသွယ် ဖြတ်လိုက်တဲ့သဘောမျိုး ဖြစ်သွားပါတယ်။ ကျွန်တော် အယ်လ်ဂျီးရီးယားကို ရောက်ခဲ့တုန်းကဆိုရင် ဒီလိုပျော်ရွှင်မှုမျိုးကို ရယူခံစားဖို့ တော်တော် ခက်ခဲခဲ့ပါတယ်။ ယင်ကောင်ပိုးမွှား တွေရဲ့ မျက်လုံးဖောက်စားမှုဒဏ်ကြောင့် မျက်မမြင်ဖြစ်နေတဲ့ ကလေးငယ်တစ်ယောက် ကိုယ့်ဘေးမှာရှိတဲ့အချိန်မျိုးမှာ ပျော်ရွှင် မှုခံစားနိုင်ဖို့ ဘယ်လွယ်ပါ့မလဲ။ ပျော်ရွှင်မှုကို ရယူခံစားဖို့ မဖြစ်

www.burmeseclassic.com



နိုင်ဘူးလို့ ကျွန်တော်ပြောနေတာ မဟုတ်ပါဘူး။ ခုနလို အခြေအနေမျိုးမှာ ပျော်ရွှင်မှုကို ရယူခံစားဖို့ဆိုတဲ့ကိစ္စဟာ ကျွန်တော့်အတွက်တော့ ကသိကအောက်ဖြစ်ရတဲ့ ကိစ္စတစ်ခုပဲလို့ပြောနေခြင်းသာ ဖြစ်ပါတယ်။

စာရေးဆရာတစ်ယောက်အနေနဲ့ ကျွန်တော်ဟာ ကျွန်တော်နဲ့ အသင့်လျော်ဆုံး အကြောင်းအရာတွေကိုပဲ ရေးသားသင့်တယ်လို့ ထင်ပါတယ်။ တစ်နေ့နေ့တော့ ကျွန်တော့်ရဲ့ပျော်ရွှင်မှုအကြောင်း ရေးဦးမယ်လို့ မကြာခဏ စဉ်းစားဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘဝရဲ့ သည်အပိုင်းကဏ္ဍတွေဟာ စံနမူနာဖြစ်လောက်အောင် တန်ဖိုးမရှိဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးသတိပေးမိတယ်။

**ပလေးဘွိုင်** ⑤ ***ကြွားဝါတဲ့သဘောမျိုး မဖြစ်စေချင်လို့ကိုယ့်ဘာသာ နှိမ့်ချနေတာများလားဆရာ။ လူတောသူတောထဲမှာဆိုရင် ဆရာ့ဘေးမှာ မိန်းမချောလေးတွေနဲ့ ဝိုင်းနေတာပဲလို့ ပြောသံကြားရပါတယ်။***

**ယန်းပေါဆတ်** ⑥ အနည်းဆုံး ကြည့်ပျော်ရှုပျော်ရှိတဲ့ မိန်းမတွေကိုယ့်ဘေးမှာဝိုင်းနေအောင် ကျွန်တော် အမြဲတမ်း ကြိုးစားခဲ့တာအမှန်ပါပဲ။ အရုပ်ဆိုးတဲ့မိန်းမမျိုးကို ကျွန်တော်မသတီတတ်ဘူး။ ဒီအချက်ကို ကျွန်တော်ဝန်ခံတယ်။ ကိုယ့်ဘာသာ ရှက်လည်းရှက်မိပါတယ်။ ဒါပေမဲ့ အကြောင်းရင်းက ရိုးရိုးလေးပါ။ သာမန်ပုံမှန် အနေအထားမျိုးမှာတောင် လုံးဝစိတ်ဝင်စားမှုမရှိတဲ့အနေအထားမျိုးမှာတောင် ယောက်ျားတစ်ယောက်နဲ့ မိန်းမ တစ်ယောက်ရဲ့ ပေါင်းသင်းဆက်ဆံမှုဟာ လိင်မှုဆိုင်ရာသဘောတွေအမြဲရှိနေတတ်တယ်။ အရုပ်ဆိုးတဲ့မိန်းမ မှန်သမျှလိုပဲထူးခြားတဲ့ ပျော်ရွှင်မှုတစ်မျိုးကို ဖြစ်ပေါ်စေတာပါပဲ။ မိန်းမတစ်ယောက်နဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံရတဲ့အခါတိုင်း ကျွန်တော်တို့

www.burmeseclassic.com



ယောကျ်ားသားတွေ ရရှိနေကျ ပျော်ရွှင်မှုမျိုးကိုပါ။ ဒါပေမဲ့ ဒီပျော်ရွှင်မှုကို သူ့ရဲ့ အကျည်းတန်အရုပ်ဆိုးမှုနဲ့ ဖျက်ဆီးပစ်ပါတယ်။ ဝမ်းနည်းစရာပဲဗျာ။ အကျည်းတန်အရုပ်ဆိုးမှုက ဝင်ရောက် နှောင့်ယှက်တာခံရတဲ့ ယောကျ်ားမိန်းမဆက်ဆံမှုမျိုးခင်ဗျားကိုယ်တိုင် တွေ့ကြုံရတဲ့အခါမှာ ပျော်ရတော့မလို အလှူ့အဆွခံရပြီးမှ အငြင်းပယ်ခံရတဲ့အခါမှာ ဒါဟာ အတော်လေး အနေရ အထိုင်ရခက်တဲ့ ကိစ္စပဲဗျို့။

ကျွန်တော့်ဘေးမှာ မိန်းမတွေဝိုင်းရံထားတဲ့ အဓိကအကြောင်းရင်းကတော့ ရိုးရိုးလေးပါ။ ယောကျ်ားတွေနဲ့ ဝိုင်းရံထားတာထက် မိန်းမတွေနဲ့ ဝိုင်းရံထားတာကို ပိုပြီး သဘောကျလို့ပါပဲ။ ကျွန်တော့်အကျင့်က ယောကျ်ားတွေကို ငြီးငွေ့စရာကောင်းတယ်လို့ မြင်နေပါတယ်။ သူတို့မှာ ကျဉ်းမြောင်းတဲ့ သီးခြားစိတ်ခံစားမှုတွေ ရှိနေတယ်။ နောက်ပြီး သူတို့စကားပြောရင် စီးပွားရေးအကြောင်း လုပ်ငန်းကိုင်ငန်းအကြောင်းချည်းပဲ။ မိန်းမတွေဆီမှာက အရည်အချင်းတွေရှိတယ်။ ဒီအရည်အချင်းတွေကို သူတို့ရဲ့ နိမ့်ကျတဲ့ဘဝအခြေအနေကနေ ရရှိလာတာပါ။ မိန်းမတစ်ယောက်ဟာ ကျေးကျွန်တစ်ယောက်လည်း ဖြစ်နေရပြီး မကောင်းမှု ကြံရာပါတစ်ယောက်လည်း ဖြစ်နေရတဲ့ အချက်ဆီမှ ဒီအရည်အချင်းတွေကို ရရှိလာခဲ့တာပါ။ ဒါကြောင့် မိန်းမတစ်ယောက်ရဲ့ စိတ်ခံစားမှုက ယောကျ်ားတစ်ယောက်ရဲ့ စိတ်ခံစားမှုထက် အများကြီး ပိုမိုကျယ်ပြန့်နေတာ ဖြစ်ပါတယ်။ မိန်းမတွေက အားအားနားနားလည်း ရှိတယ်။ နမူနာပြရမယ်ဆိုရင် စားသောက်ဆိုင်တစ်ဆိုင်မှာထိုင်ရင်း ဆိုင်ရှေ့က ဖြတ်သွားတဲ့ လူတွေအကြောင်းကို ပြောဖို့ဆိုဖို့ဆိုတာ ယောကျ်ားတစ်ယောက်နဲ့ဆိုရင် မဖြစ်နိုင်ဘူး။ သည်လူက ဒါကိုငြီးငွေ့ပြီး သူ့လုပ်ငန်းကိစ္စအကြောင်းတွေဆီကိုပဲ ပြန်လှည့်သွားမယ်။ ဒါမှမဟုတ်ရင်

www.burmeseclassic.com



လည်း စကားလုံးတွေ ပြဿနာတွေနဲ့ နပန်းလုံးရာမှာ ကိုယ့်ဘာသာ တစ်ယောက်တည်း နပန်းလုံးရတာက ပိုပြီး အကျိုးအမြတ် ရှိပါတယ်။ ယောကျ်ားတွေနဲ့ ပြောဆိုဆွေးနွေးရတာကို ကျွန်တော် သိပ်စိတ်မဝင်စားပါဘူး။ ကျေနပ်မှုလည်း သိပ်မရဘူး။ ဒါပေမဲ့ မိန်းမတစ်ယောက်နဲ့ ပြောဆိုဆွေးနွေးရတဲ့ အခါမှာတော့ မတူခြားနားတဲ့ ဖြစ်တည်မှုတစ်ခုရဲ့ ခံစားမှုစွမ်းအားကို ရရှိပါမယ်။ ယောကျ်ားတစ်ယောက်ရဲ့ အသိဉာဏ်ထက်ပိုပြီး သာလွန်ကောင်းလွန်နိုင်တဲ့ အသိဉာဏ်တစ်ခုကို ရရှိပါမယ်။ အဲဒီအသိဉာဏ်ဟာ ယောကျ်ားတွေရဲ့ အစွဲအလမ်းတွေလို အစွဲအလမ်းတွေနဲ့ တားဆီးပိတ်ပင်မှု မခံရတဲ့ အသိဉာဏ်မျိုး ဖြစ်ပါမယ်။

ကျွန်တော်တို့မှာ မိန်းမတွေကို သဘောကျကျေနပ်စေတဲ့ မိန်းမအမြင် မိန်းမသဘောထားတစ်ခုရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဆိုင်မွန်ဒီဘိုးဗွားလိုပဲ ကျွန်တော်ဟာလည်း အမျိုးသမီးများ လုံးဝဥဿုံ လွတ်မြောက်ရေးကို ထောက်ခံပါတယ်။ ဒါပေမဲ့ အချိန်ကျရင်တော့ မိန်းမတွေနဲ့တွဲရတာကို သဘောကျရတဲ့ အကြောင်းရင်းဖြစ်တဲ့ ခံစားမှုစွမ်းအားဆိုင်ရာ အရည်အချင်းဟာ မိန်းမတွေဆီမှာချည်း ရှိကြတော့မှာ မဟုတ်ပါဘူး။ တစ်ခါတစ်ရံ မိန်းမဆီမှာရှိနေမှာဖြစ်ပြီး၊ တစ်ခါတစ်ရံ ယောကျ်ားဆီမှာ ရှိနေပါလိမ့်မယ်။

**ပလေးဘွိုင်** ⑤ ***စာပေအကြောင်းဆီ ပြန်သွားကြဦးစို့လား ဆရာ။ လွန်ခဲ့တဲ့နှစ်အတန်ကြာက ဆရာဟာ John Dos Passos ကို 'ကျွန်တော်တို့ခေတ်ရဲ့ စာရေးဆရာကြီး'လို့ သတ်မှတ်ခဲ့ပါတယ်။ ဘာကြောင့် ဒီလို ယူဆသတ်မှတ်ခဲ့တာလဲ။ အခုကော ဒီအတိုင်းပဲ ယူဆသတ်မှတ်တုန်းပဲလား။***

**ယန်းပေါဆတ်** ⑥ Dos Passosရဲ့စာအုပ်တွေနဲ့ Faulknerရဲ့ စာအုပ်တွေကို အလွန်စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တွေလို့

www.burmeseclassic.com



မြင်ပါတယ်။ Dos Passosဟာ ဂျာနယ်ဆန်တဲ့နည်းတွေကို တီထွင်ခဲ့ပါတယ်။ ရုပ်ရှင်ဆန်တဲ့နည်းတွေကို တီထွင်ခဲ့ပါတယ်။ တစ်ပြိုင်နက်တည်း ဖြစ်စဉ်ကိုဖော်ပြတဲ့နည်းကို ထွင်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဒါဟာအသစ်ဖြစ်ပါတယ်။ ကျွန်တော်ဟာ သူရေးတဲ့ Manhattan Transferနဲ့ The 42nd Parallelကို အထူးကြိုက်နှစ်သက်ပါတယ်။ ဒါပေမဲ့ သူက ရှေ့ကို မတိုးတက်တော့ဘူး။

**ပလေးဘွိုင် ■** ***လောလောဆယ်ကာလအတွင်းမှာ ဆရာဖတ်ပြီး သဘောကျခဲ့တဲ့ တခြားအမေရိကန်စာအုပ်များ ရှိပါသလား။***

**ယန်းပေါ်ဆတ်** ◉ နည်းနည်းပဲရှိပါတယ်။

**ပလေးဘွိုင် ■** ***နမူနာထုတ်ပြပါလား။***

**ယန်းပေါ်ဆတ်** ◉ ကျွန်တော်အကြိုက်ဆုံးကတော့ Whyte ရေးတဲ့ The Organization Manရယ်၊ Exurba-nites ရယ်၊ နောက်ပြီး C. Wright Millsရေးတဲ့စာအုပ်တွေရယ်၊ Mills ကတော့ ကျွန်တော့်ရဲ့ ရင်းနှီးတဲ့မိတ်ဆွေ ဖြစ်ပါတယ်။ အခုတော့ သေသွားပါပြီ။

**ပလေးဘွိုင် ■** ***ဆရာ့ရဲ့ ကိုယ်ပိုင်စာတွေအကြောင်း ပြောကြဦးစို့လား။ ဆရာ့ပြဇာတ်တော်တော်များများကို ရုပ်ရှင်ရိုက်ခဲ့တယ်နော်။ အဲဒီရုပ်ရှင်တွေကို ဆရာ သဘောကျရဲ့လား။***

**ယန်းပေါ်ဆတ်** ◉ The Respectful Prostituteဆိုတဲ့ ပြဇာတ်ကို ရိုက်ထားတဲ့ ရုပ်ရှင်ကလွဲလို့ ကျန်တဲ့ရုပ်ရှင်တွေ အားလုံး သိပ်ညံ့တာပဲ။

**ပလေးဘွိုင် ■** ***ဒီရုပ်ရှင်တွေကနေ ဆရာ့အတွက် ငွေ အတော်များများ ရခဲ့တယ်မဟုတ်လား။ နောက်ပြီး ဆရာ့စာအုပ်တွေဟာ ရောင်းအကောင်းဆုံးစာအုပ်တွေ ဖြစ်နေပါသေးတယ်။***

www.burmeseclassic.com



**ယန်းပေါ်ဆတ်** ® မှန်ပါတယ်ဗျာ။ ကျွန်တော့်မှာ သုံးစွဲဖို့ငွေတွေ တော်တော်များများ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ထောက်ပံ့စရာ တာဝန်တွေကလည်း အများကြီးရှိခဲ့ပါတယ်။ ကျွန်တော်က ပိုင်ဆိုင်ရမှာကို မုန်းတဲ့သူပါ။ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေက ကျွန်တော်တို့ကို ပြန်ပိုင်ဆိုင်နေတယ်လို့ ကျွန်တော်ထင်ပါတယ်။ ငွေကြေးပဲဖြစ်ဖြစ်၊ ငွေကြေးနဲ့ဝယ်ယူထားတဲ့အရာ ဖြစ်ဖြစ်ပေါ့။ ပစ္စည်းတစ်ခုကို ကျွန်တော်သဘောကျတဲ့ အခါတိုင်းမှာ အဲဒီပစ္စည်းကို တစ်ယောက်ယောက်ကို ပေးပစ်ချင်စိတ် ကျွန်တော့်မှာ အမြဲဖြစ်ပါတယ်။ ဒါဟာ အပေးအကမ်းရက်ရောလို့ မဟုတ်ပါဘူး။ စေတနာကောင်းလွန်းလို့ မဟုတ်ပါ ဘူး။တခြားသူတွေကို အဲဒီပစ္စည်းတွေရဲ့ကျွန်ပြုမှု ခံရစေချင်လို့သာ ဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော်ပေးတဲ့ပစ္စည်းကို တစ်ယောက်ယောက်က သဘောကျမှာပဲဆိုတဲ့အတွေးကနေ ကျွန်တော်ပျော်ရွှင်မှုရရှိပါတယ်။

**ပလေးဘွိုင်** ® ***ဆရာက ဥစ္စာနေကိုရှောင်ရှားပါတယ်။ ကျော်ကြားမှုကိုရော ဘယ်လိုလဲ။ ဆရာ အရင်ကရရှိခဲ့တဲ့ နောက်ပြီး ယခုလတ်တလောကာလမှာ ပြန်ရရှိခဲ့တဲ့ ကမ္ဘာအနှံ့ ကျော်ကြားထင်ရှားမှုကို ဆရာနှစ်သက် သဘောကျပါသလား။***

**ယန်းပေါ်ဆတ်** ® အတန်အသင့် သဘောကျခဲ့တယ်လို့ ပြောမယ်ဆိုရင် ပြောနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ဘယ်လို အဆင့်အတန်းမှာပဲ ရှိနေရောက်နေပါစေ။ ဒီအဆင့်အတန်းရဲ့ လွှမ်းမိုးချုပ်ချယ်မှုအောက် ရောက်နေမှာကိုတော့ ကျွန်တော် မလိုလားပါဘူး။ ဂုဏ်အဆင့်အတန်းရဲ့အကျဉ်းသား မဖြစ်လိုပါဘူး။ လက်ရှိ ပစ္စုပ္ပန်အခြေအနေဟာ ယာယီသာဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ နောက်မှာ ချန်ထားခဲ့ချင်ပါတယ်။

ကျွန်တော့်မှာ ကလေးဆန်တဲ့အစွဲတစ်ခု ရှိတယ်။ လူဟာ ကိုယ့်ကိုယ်ကိုယ် ကောင်းသည့်ထက်ကောင်းအောင် အမြဲလုပ်

www.burmeseclassic.com





နိုင်တယ်ဆိုတဲ့အစွဲပါ။ ကျွန်တော်ဟာ စာအုပ်တချို့ရေးသားခဲ့ပါပြီ။ ဒီစာအုပ်တွေထဲမှာ ဖော်ပြထားတဲ့အယူအဆတွေကို ခုခံကာကွယ်ရေးဟာ ငါ့တာဝန်ဖြစ်တယ်လို့ ခံယူထားရင် ငါဟာ ငါမဟုတ်တော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးထားပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်စာအုပ်တွေရဲ့ တန်ဆာခံ ယဇ်ကောင်ဖြစ်သွားမှာပေါ့။ လူတစ်ယောက်ဟာ အင်ဒရေဇီလုပ်သလို ကိုယ့်အတိတ်နဲ့ စနစ်တကျအဆက်ဖြတ်တာမျိုးကို မပျက်မကွက် လုပ်သင့်တယ်လို့ ကျွန်တော်မထင်ပါဘူး။ ဒါပေမဲ့ ပြောင်းလဲမှုကို လက်ခံနိုင်တဲ့သူ အမြဲတမ်းဖြစ်ချင်ပါတယ်။ ကျွန်တော်ရေးခဲ့တာ တစ်ခုခုကို အသေစွဲထားတာမျိုး ကျွန်တော့်မှာ မရှိပါဘူး။ ဒါပေမဲ့ ရေးခဲ့တဲ့အထဲက စကားလုံးတစ်လုံးကိုမှ စွန့်လွှတ်ခဲ့တာလည်း မရှိဘူး။

**ပလေးဘွိုင် ■** ***နောက်ဆုံးမေးခွန်းကို မေးပါရစေဆရာ။ဘာကြောင့် နိုဘယ်ဆုကို ဆရာ ငြင်းပယ်ခဲ့တာလဲ။***

**ယန်းပေါ်ဆတ်** ⑥ ဒီအကြောင်းကို ကျွန်တော်မပြောချင်ဘူး။

**ပလေးဘွိုင် ■** ***ဘာဖြစ်လို့ မပြောချင်ရတာလဲ ဆရာ။***

**ယန်းပေါ်ဆတ်** ⑥ ဘွဲ့ထူးဂုဏ်ထူးတစ်ခုခု ဒါမှမဟုတ် ဆုတစ်ခုခုဟာ ကျွန်တော်နဲ့ ဘာမှပတ်သက်စရာမရှိဘူးလို့ ယူဆထားလို့ပါပဲ။ ကျွန်တော့်အတွက် ရရှိနိုင်စရာ အမြင့်ဆုံး ဂုဏ်ပြုမှုကတော့ ကျွန်တော့်စာတွေ အဖတ်ခံရခြင်းသာဖြစ်တယ်လို့ ကျွန်တော် ယူဆထားပါတယ်။ ⑥

***(Playboy Interview : Jean Paul Sartre)***

www.burmeseclassic.com

ပညာနှင့် အကျင့်
သိက္ခာမြင့်အံ့

ဖြစ်တည်မှုဝါဒရဲ့
နှလုံးသားဗဟိုချက်
တည့်တည့်မှာရှိနေတဲ့
အရာကတော့
လွတ်လပ်စွာ
ဆုံးဖြတ်လုပ်ဆောင်
နိုင်ခွင့်ရဲ့အကန့်
အသတ်ကင်းမဲ့မှု
သဘောဖြစ်ပါတယ်။
လူသားတိုင်းဟာ
အကန့်အသတ်မဲ့
ဆုံးဖြတ်လုပ်ဆောင်မှု
နဲ့ပဲလူ့လောကပုံစံ
တစ်ခုကိုဖန်တီးရင်း
ကိုယ့်ကိုကိုယ်လည်း
ဖန်တီးနေပါတယ်။

